I shall never stop.
loving forever you.

I love you.

## အခန်း (၁)

နေ့လယ်နေ့ခင်း ဖြစ်သော်လည်း နေရောင်ပျောက်ကွယ်နေ၏။

မိုးလုံးမိုင်းမှုန်ညို့ဆိုင်းနေသော တိမ်မည်းညိုများက အာကာတစ်ခွင်လုံး၌ နေရာယူလျက်ရှိ၏။

မိုးသံ လေသံ ကြားနေရပြီဖြစ်၏။

ဤနေရာတွင် လိကျန်းမြစ်ဖြစ်၏။

လိကျန်းမြစ်၏ အနောက်ဘက်ကမ်း၌ မြင့်မားသော တောင်ကမ်းပါးငယ်များကို တွေ့မြင်နိုင်၏။

မြင့်မားသော တောင်ကမ်းပါးယံများနှင့် မြစ်ကမ်းပါး အကြား၌ ကျယ်ပြန့်သောကွင်းပြင်ရှိ၏။

လိကျွန်းမြစ်က တောင်ကမ်းပါးယံများကို ကွေ့ပတ်၍ စီးဆင်းနေ၏။

ရာသီဥတုအခြေအနေသည် ဆိုးရွားမည့်သဏ္ဍာန် ရှိသည်။

သို့တိုင်အောင် —

မြစ်ပြင်ပေါ်၌ တံငါလှေတစ်စင်းသည် တောင်ဘက်သို့ မြစ်ရေအတိုင်း စုန်ဆင်းလာ၏။

တံငါလှေသည် သေးငယ်၏။ အနည်းငယ် ရှည်လျားလျား ပုံသဏ္ဍာန်ဖြစ်၏။

မကြာမီ....

လျှပ်စီးတစ်ချက်လက်၍ မိုးချုန်းသံကြားရပြီးနောက် ပဲနီလုံးစေ့ခန့်ရှိသော မိုးပေါက်များကျလာ၏။

ဤသို့သော မိုးရွာခြင်းကို မြင်တွေ့ရန် ခဲယဉ်း၏။

ရံဖန်ရံခါမှသာလျှင် ထိုသို့ မိုးစက်မိုးပေါက်ကြီးသော မိုးရွာခြင်းကို တွေ့ရ၏။

မိုးရွာချလိုက်သဖြင့် မြစ်ကြောတစ်လျှောက် လှပသောရှုခင်းများသည် မှုန်ဝါးသွား၏။

အရာရာသည် မှုန်ဝါးသွား၏။

သို့သော်....

တံငါလှေသည် မရပ်နားဘဲ လှော်မြဲတိုင်း လှော်နေ၏။

မြစ်ရေသည် လှိုင်းထလှုပ်ရှားလျက်ရှိ၏။

သို့ရာတွင် လှိုင်းကြီး လှေအောက် စကားပုံကဲ့သို့ပင် တံငါလှေ၏ အောက်၌ လှိုင်းလုံးများ ကွယ်ပျောက်ခဲ့၏။



လှေသမားက လှော်တက်ကို မရပ်မနား လှော်ခတ်နေသည်။

တံငါလှေက သေးငယ်သော်လည်း ပေါင်းမိုးတပ်ဆင်ထား၏။

ပေါင်းမိုးအောက်၌ ခန္ဓာကိုယ်ထွားကျိုင်းသန်မာသော လူ့ဘီလူးကြီးတစ်ယောက်အိပ်မောကျလျက် လိုက်ပါလာ၏။

မိုးသီးမိုးပေါက်များက လှေငယ်၏ပေါင်းမိုးကို ရိုက်ခတ်သံက ကျယ်လောင်၏။

မိုးသံ ရေသံ လှိုင်းသံ လေသံက ဆူညံနေ၏။

သို့တိုင်အောင် —

လူ့ဘီလူးကြီး၏ တခေါခေါဖြင့် ဟောက်သံက ထိုးဖောက်ကာ လှေသမားထံ ရောက်လာ၏။

လှေသမားသည် အိပ်မောကျလျက်ရှိသော လူ့ဘီလူးကြီးကို တစ်ချက် ငဲ့စောင်းကြည့်ရင်း....

မိမိ၏ပါးစပ်ကို ဟ၍ သွားသုံးချောင်း ကျိုးနေသောနေရာသို့ လက်ဖြင့် စမ်းသပ်လိုက်မိလေတော့၏။

× × ×

ယနေ့မနက်ပိုင်းက ဖြစ်၏။

ဖန်စီသည် မိမိ၏ တံငါလှေကို လိကျွန်းမြစ်အတိုင်း လှော်ခတ်လာ၏။

Bull nod

ထိုစဉ် မြစ်ကမ်းပါးတစ်ခုပေါ်မှ နေ၍ လူ့ဘီလူးကြီးက လှမ်း၍ခေါ်လိုက်၏။

ဖန်စီသည် မိမိကို ခေါ်သံကြား၍ မြစ်ကမ်းပါးသို့ လှမ်း၍ ကြည့်ရာ ခန္ဓာကိုယ်တစ်ခုလုံး ရွှံ့များပေကျံနေသော လူ့ဘီလူးကြီး ကို မြင်တွေ့ရ၏။

ထိုလူဝတ်ထားသော အဝတ်အစားက ပိတ်ကြမ်းဖြစ်သည့် အပြင် လက်ရာညံ့သော အဝတ်အစားဖြစ်၏။

ထို့ကြောင့် ဖန်စီသည် လူ့ဘီလူးကြီး၏ခေါ်သံကို အရေးမစိုက်ဘဲ လှေကို လှော်မြဲလှော်ခဲ့၏။

လူ့ဘီလူးကြီးသည် ရုတ်တရက် ဒေါသဖြစ်ဟန်ဖြင့် မြစ်ကမ်းပါးပေါ်မှ ကျောက်ခဲတစ်လုံးကို ကောက်ယူပြီး ဖန်စီထံသို့ လှမ်းပစ်လိုက်သည်။

ဖန်စီ မရှောင်တိမ်းနိုင်ချိန်မှာပင် ကျောက်ခဲက ညာဘက်ပခုံးကို ထိမှန်လာ၏။

နာကျင်လွန်းသဖြင့် ဖန်စီ၏မျက်လုံးထဲမှ မျက်ရည်များ ပင်ကျလာ၏။

ထို့ကြောင့်....

ဖန်စီသည် နှုတ်ခမ်းတစ်ချက် မဲ့လိုက်ပြီး ဆဲရေးတိုင်းထွာရန် ပါးစပ်ဟလိုက်၏။

ထိုစဉ်....

ရုတ်တရက် ခဲလုံးတစ်လုံးက ပါးစပ်ထဲသို့တည့်တည့် မတ်မတ် ဝင်ရောက်လာ၏။



တစ်ဆက်တည်းမှာပင် ဖန်စီ၏လှပသော သွားသုံးချောင်းကို ကျိုးသွားစေ၏။

မိမိ၏သွား သုံးချောင်း ကျိုးသွားသဖြင့် ဖန်စီသည် ရင်ထဲ၌ တစ်ချက် တုန်လှုပ်သွား၏။

ပါးစပ်ထဲမှ ခဲလုံးကိုထုတ်ယူကာ မြစ်ထဲသို့ပစ်ချဟန် ပြင်လိုက်၏။

ထိုစဉ်....

ရုတ်တရက် ဖန်စီ၏ ရင်ထဲ၌ တုန်လှုပ်သွားပြီး ကျောက်ခဲကိုကိုင်ထားသော လက်များ သည်လည်း တုန်လှုပ် လာလေတော့၏။

အကြောင်းမှာ....

သူ၏ လှပသော သွားသုံးချောင်းကို ကျိုးစေသော ခဲလုံးသည် ခဲလုံးမဟုတ်ဘဲ လေး၍ ဝါဖန့်ဖန့်အရောင်ရှိသော ရွှေတုံး ဖြစ်နေသောကြောင့်ပင် ဖြစ်ပါသည်။

ထိုအချိန်တွင်....

မြစ်ကမ်းပါးပေါ်မှ လူ့ဘီလူးကြီး၏အသံကို ဖန်စီ ကြား လိုက်ရ၏။

'အဲဒါ လှေငှားခပဲ၊ ကျုပ်ကို အော့သားမြို့ ပို့ပေးရင် အဲဒီရွှေတုံးကို ပိုင်ပြီ'

ဖန်စီက မယုံကြည်နိုင်လောက်အောင်ပင် အံ့ဩနေ၏။

ရွှေတုံးကအနည်းဆုံး ငါးကျပ်သားခန့် ရှိ၏။

အကယ်၍သာ သူ၏ သွားများ မကျိုးလျှင် ပါးစပ်ထဲ၌ သွေးများစီးမကျလျှင် ဖန်စီ ယုံနိုင်မည်မဟုတ်ပါ။

အိပ်မက်တစ်ခုဟုပင် ထင်မှတ်မည် ဖြစ်၏။
ထိုစဉ် လူ့ဘီလူးကြီးထံမှ ဆဲသံအချို့နှင့်အတူ....
'မင်းပို့မလား မပို့ဘူးလား'
ဟု မေးသံကို ကြားလိုက်ရ၏။
ဖန်စီက ဦးခေါင်းကိုတဆတ်ဆတ် ညိတ်ရင်း....
'ပို့မယ်....ပို့ပါမယ်'
ဟု အော်ပြောလိုက်၏။
ဖန်စီ၏မျက်နှာ၌ ပြုံးရွှင်နေ၏။

× × ×

ဖန်စီ၏မျက်နှာ၌ ပြုံးရှိနေ၏။

ယခု မိမိ၏ လှေပေါင်းမိုးအောက်၌လူ့ဘီလူးကြီး အိပ်မောကျလျက်ရှိ၏။

ငါးကျပ်သားခန့်ရှိသောရွှေတုံးလည်း မိမိ၏အိတ်ထဲ၌ရှိ၏။

မိမိ၏ပါးစပ်၌ လှပသော သွားသုံးချောင်း ကျိုးနေ၏။

ထို့ကြောင့်....

အိပ်မက်မဟုတ်သည်မှာ သေချာသည်ဟု ဖန်စီ တွေးမိ၍ ပြုံးသည်။



ပိုသာရာကျော်ရှိသော ငါးကြီးကို ဖမ်းမိလျှင်ပင် ဤမျှပျော်ရွှင်စရာ ကောင်းလိမ့်မည်မဟုတ်ဟု ဖန်စီ တွေးမိသည်။

သွားသုံးချောင်းကျိုးရကျိုး နပ်သည်ဟုထင်မိ၏။

တစ်ဆက်တည်း မှာပင်....

'လူတစ်ယောက်၏ရုပ်လက္ခဏာကို ခန့်မှန်း၍မရ။ ပင်လယ်ရေကိုလည်းခန့်မှန်း၍မရ'ဟူသော စကား ဖန်စီသတိရလာ၏။

နံနက်ခင်း၌ ရာသီဥတု သာယာ၏။

ယခုနေ့လယ်ခင်း၌ မိုး သည်းထန်စွာ ရွာသွန်း နေသည် မဟုတ်ပါလား။

× × ×

အချိန် နှစ်နာရီခန့် ကြာပြီးနောက် ရှေ့ဘက်တွင် အော့ယားမြို့ဆိပ်ကမ်းကို မှုန်ရီ ဝိုးတဝါး မြင်တွေ့ရ၏။

မိုးရေများက အော့ယားမြို့၏ရှုခင်းကို ဖုံးလွှမ်းထားသော်လည်း ရှေ့ဘက်က အော့ယားမြို့ ဖြစ်ကြောင်း ဖန်စီသိ၏။

ကံကြမ္မာသည်ထူးဆန်း၏။

ဖန်စီအနေဖြင့် နောက်ထပ် အနှစ် နှစ်ဆယ် ကြာအောင် စုဆောင်းသော်လည်း ယခုရရှိသောရွှေကို ရနိုင်မည် မဟုတ်ချေ။ ထို့ကြောင့် ဖန်စီ ပြုံးမိ၏။

ဖန်စီကို သိသောလူတိုင်းက ဖန်စီထိုသို့ ပြုံးသည်ကို မြင်တွေ့လျှင် အံ့ဩပေလိမ့်မည်။

အကြောင်းမှာ...

ဖန်စီသည် မည်သည့်အခါမျှ ပြုံးရွှင်သောလူတစ်ယောက် မဟုတ်ချေ။

'ဆိုက်အုံးဆိုသည့် အဘိုးအို မြင်း ပျောက်ခြင်းသည် ကံကောင်း မကောင်းမသိ' ဟူသောစကားကို ဖန်စီသတိရမိ၏။

ဤစကား မှန်သည်ဟု ဖန်စီလက်ခံ၏။

လက်မခံ၍မဖြစ်။

ယနေ့သူ၏သွား သုံးချောင်း ကျိုးခြင်းသည် သူ့အတွက် ကံကောင်းခဲ့သည်မဟုတ်ပါလား။

ထိုစဉ် ရုတ်တရက်....

'ဖိန်း'

ဟူသော အသံတစ်သံကြားလိုက်ရ၏။

ယင်းအသံကြောင့် ဖန်စီငေးကြောင်ကာ အပေါ်သို့မော့ ကြည့်လိုက်မိ၏။

ထိုအချိန်အတွင်းမှာပင် မိမိ၏နောက်စေ့ကို တစ်စုံတစ်ရာက ပြင်းထန်စွာ ဝင်ရောက် တိုက်လိုက်သည်ဟု ခံစားလိုက်ရပြီး သွေးစွန်းနေသော မြားတစ်ချောင်းက မိမိ၏နဖူးထောင့်မှ ပေါက်ထွက်သွားသည်ကို နောက်ဆုံး မြင်တွေ့လိုက်ရ၏။



တစ်ဆက်တည်းမှာပင် ဖန်စီ၏ ခန္ဓာကိုယ်သည် ရေထဲသို့ ဦးစိုက်ကျသွားလေတော့သည်။

× × ×

လမ်းခရီးတစ်လျှောက်လုံး အိပ်ပျော်နေသော လူ့ဘီလူးကြီးသည် 'ဖိန်း' ဟူသော အသံပေါ်ထွက်လာသည်နှင့် အိပ်ရာမှ နိုးလာ၏။

သူ၏ပုံပန်းသဏ္ဌာန်မှာ အိပ်ရေးမဝသဖြင့် အိပ်ချင်မူးတူး ဟန်ရှိသော်လည်း သူ၏မျက်လုံးများက တောထဲမှ ကျားသစ် မျက်လုံးကဲ့သို့ တောက်ပ၏။

ဖန်စီ၏နောက်စေ့သို့ မြားတံ ဖောက်ဝင်သွားပြီး ဖန်စီ၏ ခန္ဓာကိုယ်မြစ်ထဲသို့ မကျမီ အချိန်တွင်းမှာပင် လူ့ဘီလူးကြီးသည် လှေငယ်၏ပေါင်းမိုးကို ဖောက်ထွင်းကာ မြစ်ကမ်းပါးပေါ်သို့ ခုန်ကူးလိုက်လေတော့၏။

တစ်ဆက်တည်းမှာပင်....

နောက်မှလိုက်ပါလာသော တံငါလှေတစ်စင်းကို မြင်တွေ့လိုက်လေသည်။

မိုးသည်းထန်စွာ ရွာသွန်းနေ၍ ဝန်းကျင်တစ်ခုလုံး မှုန်ရီဝိုးတဝါးဖြစ်နေသော်လည်း လူ့ဘီလူးကြီးသည် မိမိနောက်မှ လိုက်ပါလာသော တံငါလှေပေါ်မှလူများကို မြင်တွေ့ခဲ့သည်။

တံငါလှေ၏ လှေဦး၌ လူနှစ်ယောက်ရပ်နေ၏။

တစ်ယောက်က အရပ်မြင့်၏။

ကျန်တစ်ယောက်က ပု၏။

ပုသောလူက မြင့်သောလူကို ထီးမိုးပေးထား၏။

ထီးက လှပပြီး တခြားထီးထက် တစ်ဆကြီး၏။

သို့ဖြစ်၍ မြင့်သောလူကို မိုးရေစိုခြင်းမရှိပါ။

မြင့်သောလူ၏မျက်နှာသည် ဖြူဖွေးကာ ရောဂါသည်တစ်ဦးနှင့်တူ၏။

သို့သော်....

သူ၏ ခန္ဓာကိုယ်ပေါ်မှ အဝတ်အစားများက လှပ၍ လက်ရာကောင်း၏။

သူ၏ခါး၌ အဖိုးတန်သော ကျောက်စိမ်းခါးပတ် တစ်ခုပတ်ထား၏။

သူ၏လက်ထဲ၌ လေး တစ်လက်ကိုင်ထား၏။

သူသည် ဘယ်လက်ဖြင့် လေးကိုကိုင်၍ ညာလက်ဖြင့် လေးကြိုးကိုဆွဲကာ လေးတင်လိုက်၏။

'ဖြန်း'

ဟူသော လေးညို့သံတစ်ချက် ပေါ်ထွက်လာ၏။



မြားတစ်စင်းက ကမ် ပေါ်သို့ ခုန်တက်သွားသော လူ့ဘီလူးကြီး၏ နောက်သို့ လိုက်ပါသွား၏။

× × ×

လူ့ဘီလူးကြီးက ဖန်စီလို လူစားမဟုတ်ချေ။

ထို့ကြောင့်....

လေးညို့သံကြားသည်နှင့် သူ၏ခန္ဓာကိုယ်ကို မြေပေါ်သို့ ဝပ်ချလိုက်၏။

တစ်ချိန်တည်းမှာပင်....

သူ၏ခေါင်းပေါ်မှ မြားတံက ဖြတ်ကျော်သွား၏။

လူ့ဘီလူးကြီးသည် သတ္တိနည်းသူတစ်ယောက်မဟုတ်ပါ။

သို့သော် ဤမြားချက်က သူ၏ရင်ကို တုန်စေ၏။

အကယ်၍သာ တစ်ဘက်လူက မိမိ၏အသက်ကို ယူမည်ဆိုပါက ယခုကဲ့သို့ပင် မိမိရှောင်တိမ်းနိုင်မည် မဟုတ်ကြောင်းနားလည်၏။

ဤသို့ဆိုလျှင် တစ်ဘက်လူသည် မိမိကို အဘယ်ကြောင့်မသတ်သနည်း....

သို့သော်—

လူ့ဘီလူးကြီး ဆက်၍ မတွေးနိုင်ပါ။

တွေးခြင်းထက်ပြေးခြင်းကို လုပ်ရမည် မဟုတ်ပါလား။

ဘာပဲဖြစ်ဖြစ် ယခုအချိန်၌ သူသည် လုံးဝ ရပ်နား၍မဖြစ်ပါ။

ထို့ကြောင့်…

လူ့ဘီလူးကြီးသည် လျှင်မြန်စွာထ၍ ပြေးလေတော့၏။

ထိုအချိန်တွင် လှေဦးပေါ်မှ မြင့်သောလူက မပြုံးချင် ပြုံးချင် တစ်ချက်ပြုံးရင်း….

'သိုင်းသမားကြီး ပိန်း၊ ငါပြောစရာရှိတယ်၊ ဘာလို့ ဒီလောက် မြန်မြန်လျှောက်ရတာလဲ' ဟု အော်ပြောလိုက်သည်။

လူ့ဘီလူးကြီးက နောက်သို့လှည့်မကြည့်ပါ။

ခြေလှမ်းလည်း ရပ်တန့်ခြင်းမရှိပါ။

ရှေ့သို့သာ ဆက်၍ပြေးနေ၏။

× × ×

လူ့ဘီလူးကြီးသည် မိုင်ဝက်ခန့် မရပ်မနားပြေးနေ၏။

ထိုစဉ်…

ရုတ်တရက်…



သူ၏နောက်မှ….

'သိုင်းသမားကြီး ပိန်း ကျုပ်နဲ့ရပ်ပြီး စကားပြောသင့်ပြီ၊ အဲဒီလိုမှမဟုတ်ရင်တော့ သိုင်းသမားပိန်းဟာ စကား မပြောတတ်တဲ့ အအ ဖြစ်တယ်ဆိုတာ သိုင်းလောကသား တွေ သိကုန်လိမ့်မယ်'

ဟူသော အသံ ထွက်လာ၏။

ယင်းစကားသံကြောင့် လူ့ဘီလူးကြီး၏ ရင်ထဲ၌ ထိတ်လန့် တုန်လှုပ်လာ၏။

စိတ်ထဲမှလည်း လေးလံ၍ လာ၏။

အေးစိမ့်သော အငွေ့အသက်တစ်ခုက ခန္ဓာကိုယ်တစ်ခု လုံးကို ကြက်သီးမွေးညင်း ထစေ၏။

လူ့ဘီလူးကြီးသည် တံထွေးတစ်ချက် မျိုလိုက်ပြီး၊ ပြေး နေသည့် အရှိန်ကို မလျှော့ဘဲ ဆက်၍ပြေးလွှားနေ၏။

သို့သော်….

သူ၏ စိတ်ထဲ၌ တစ်ဘက်လူသည် မိမိ၏ ကျောနောက်မှ ကပ်၍ လိုက်ပါလျက်ရှိပြီး မည်သို့မျှ ပြေး၍ လွတ်တော့မည် မဟုတ်ဟု ထင်မှတ်လိုက်၏။

မည်သို့ပင်ဖြစ်ပါစေ…

လူ့ဘီလူးကြီးသည် အသက်တစ်ချက် ရှူနိုင်သေးလျှင် ရှေ့သို့ဆက်၍ ပြေးနေဦးမည် ဖြစ်ပါသည်။

× × ×

လူ့ဘီလူးကြီးသည် ပိန်းအမျိုးအနွယ် ဖြစ်၏။

သူ၏ သိုင်းပညာသည် 'ဘောင်ပြိုလက်သီးသိုင်း'ဖြစ်၏။

သူ၏လက်သီးတစ်စုံက သူ၏လက်နက်ဖြစ်၏။

သိုင်းလောက၌ ရင်းနှီးသော မိတ်ဆွေများက သူ့အား 'ပိန်းသံလက်သီး'ဟု ခေါ်ကြ၏။

တချို့က 'ပိန်းတောင်ပြို'ဟု ခေါ်၏။

တချို့က 'သိုင်းသမားကြီး ပိန်း'ဟု ခေါ်၏။

သိုင်းသမားကြီး ပိန် ၏ ဆရာသည် 'အဘိုးအို ဝေးရွှေ' ဖြစ်၍။

အဘိုးအိုဝေးရွှေသည် သိုင်းလောက၌ နာမည်ကျော်၍ ထူးခြားသောသိုင်းသမားဖြစ်၏။

အဘိုးအိုဝေးရွှေ၏ 'အပြင်းအပျော့ သွေးစုပ်လက်သိုင်း နှစ်ဆယ့်ငါးကွက်' က သိုင်းလောက၏ အဖြူနှင့်အနက် သိုင်းသမားများ တုန်လှုပ်စေခဲ့၏။

သို့သော်....

အဘိုးအိုဝေးရွှေက သိုင်းသမားကြီး ပိန်းအား 'အပြင်းအပျော့ စုပ်လက်သိုင်း နှစ်ဆယ့်ငါးကွက်'ကို သင်မပေးဘဲ 'တောင်ပြိုလက်သီး သုံးဆယ်ခြောက်ကွက်' ကိုသာ သင်ပေးခဲ့၏။

သိုင်းသမားကြီး ပိန်းကလည်း မိမိအား အဘယ်ကြောင့် 'အပြင်းအပျော့ သွေးစုပ်လက်သိုင်း နှစ်ဆယ့်ငါးကွက်' ကို မသင်ပေးရသနည်းဟု စောဒကတက်၍ မေးခဲ့ခြင်းမရှိချေ။

အဘိုးအိုဝေးရွှေကလည်း ရှင်းပြခြင်းမပြုခဲ့။



သိုင်းသမားကြီး ပိန်းသည် ဆရာသမားအား ရိုသေသူ ဖြစ်၏။

ထို့ကြောင့်....

အဘိုးအိုဝေးရွှေ၏ သင်ကြားပေးသော 'တောင်ပြိုလက်သီး သုံးဆယ့်ခြောက် ကွက်'ကိုသာ သင်ကြားခဲ့၏။

သိုင်းသမားကြီး ပိန်းသည် အဘိုးအိုဝေးရွှေထံမှ ပညာသင်ကြားပြီးနောက် သိုင်းလောကထဲသို့ ဝင်ရောက်ခဲ့၏။ ထို့နောက် အဘိုးအိုဝေးရွှေနှင့် အတန်ကြာအောင် အဆက်အသွယ် ပြတ်ခဲ့၏။

သို့သော်....လွန်ခဲ့သော ငါးနှစ်ခန့်က သိုင်းသမားကြီးပိန်းသည် မိမိ၏ဆရာ အဘိုးအိုဝေးရွှေ၏ သတင်းကို ကြားရ၏။

စိတ်မချမ်းမြေ့စရာ သတင်း ဖြစ်၏။

အဘိုးအိုဝေးရွှေသည် ကျူးစားတောင်ထိပ်၌ မျက်နှာဖုံးရှင်တစ်ယောက်နှင့် ယှဉ်ပြိုင်ခဲ့ရာ နှစ်ဦးလုံးဘောင်ထိပ်ပေါ်မှ ချောက်ကမ်းပါးထဲသို့ ကျသွားခဲ့သည့် သတင်းပင် ဖြစ်၏။

ယင်းတိုက်ပွဲကို မျက်မြင်တွေ့လိုက်ရသူမှာ လူငါးဦးသာ ရှိ၏။

ထိုလူငါးယေ က်အနက် သုံးယောက်မှာ သိုင်းလောက နာမည်ကျော် သိုင်းသမား လက်ရွေးစင် ဖြစ်သည်။

တခြားလူတစ်ယောက်မှပြောသောစကား ဖြစ်လျှင် သိုင်းလောက အသိုင်းအဝိုင်းက ယုံချင်မှ ယုံပေလိမ့်မည်။

ယခု သိုင်းလောက၏ ထိပ်သီး သုံးယောက်မှ ပြောသော စကားကို သက်ာမကင်း ဖြစ်သူ တစ်ယောက်မှ မရှိချေ။

ထိုသုံးယောက်မှာ—

စခန်းပေမှ ထက်ဟိုင်ထန်—

ထိန်မူတောင်မှ ဝမ်စီ

ရပ်ထန် (လူကျင်းကန်) မှ ချောင်ဝူရှောင်တို့ ဖြစ်ကြ၏။

ထိုလူ သုံးဦးကလည်း မည်သို့မျှ လုပ်ကြံ၍ ပြောမည့်လူစား မဟုတ်ပေ။

သိုင်းသမားကြီး ပိန်းသည် မိမိ၏ဆရာ အဘိုးအို ဝေးရွှေ သေဆုံးကြောင်း ကြားသိပြီးသည့်နောက် ပြောင်းလဲ သွားတော့၏။

ယခင်က အရက်မသောက်၊ ဖဲမရိုက် မာကျောက်မကစားမည်သူနှင့်မျှ ရန်ဖြစ်ခြင်းမရှိခဲ့ချေ။

သို့သော်....

ယခုသူသည် အရက် သောက်၏၊ ဖဲရိုက်၏၊ မာကျောက်ကစား၏၊ အရက်မူးပြီး လူတိုင်းနှင့် ရန်ဖြစ်၏။

ထို့ကြောင့်....

တချို့က သူ၏ကွယ်ရာ၌ လေလွင့် သိုင်းသမားကြီး ဟုခေါ်ကြ၏။

ဘယ်သူတွေ ဘာပြောပြော သိုင်းသမားကြီး ပိန်းက ဂရုမစိုက်ချေ။

သို့သော်...

သိုင်းသမားကြီးပိန်း ဂရုစိုက်သော ကြောက်သော လူတစ်ယောက်ရှိ၏။

ထိုသူသည် အဘိုးအို ဝေးရွှေသားလျှင် ဖြစ်ပေသည်။



ထို့ကြောင့်—

အဘိုးအို ဝေးရွှေ သေဆုံးပြီးနောက် လောကပေါ်တွင် သူဂရုစိုက်ရန် ကြောက်ရန် မည်သူမျှမရှိတော့ချေ။

သူ့ကိုမည်သူတွေက မည်သို့ပင်ကင်ပွန်းတပ်ပါစေ အရေးမစိုက်ချေ။

သို့သော်—

ယခုသူ၏နောက်မှလိုက်ပါလာသူကိုတော့ ဂရုစိုက်မှ ဖြစ်ပေတော့မည်။

အကြောင်းမှာ....

ယခုအချိန်၌သူသည် လေး ငါးမိုင်ခန့် ပြေးလွှားပြီးဖြစ်နေသော်လည်း ထိုလူကသူ၏နောက်မှ ထက်ကြပ်မကွာ လိုက်ပါလျက် ရှိသောကြောင့်ပင် ဖြစ်၏။

ထိုစဉ် ရုတ်တရက် သူ၏နောက်မှ....

'သိုင်းသမားကြီးပိန်း မမောသေးဘူးလား'

ဟု ပြောလိုက်သော ထိုလူ၏ စကားသံ ကြားလိုက်ရ၏။

သိုင်းသမားကြီး ပိန်းသည် ပြေးလွှားရင်း နှုတ်ခမ်း တစ်ချက် ကိုက်လိုက်၏။

ထိုလူ၏လက်မှ လွတ်အောင် မပြေးနိုင်သဖြင့် မိမိကိုယ်ကို မိမိ ဒေါသဖြစ်မိ၏။

နောက်ဆုံး သူသည် ထိုလူကိုရင်ဆိုင်ရန် ဆုံးဖြတ် လိုက်၏။

ထို့ကြောင့်

သိုင်းသမားကြီး ပိန်း ရုတ်တရက်ခြေစုံရပ်ကာ ခန္ဓာကိုယ်ကို လျှပ်တစ်ပြက်နောက်သို့လှည့်၍ နောက်မှ လိုက်ပါလာသောသူ၏ မျက်နှာသို့မှန်း၍ လက်သီး တစ်ချက် ထိုးချလိုက်လေတော့သည်။

× × ×

သိုင်းသမားကြီးပိန်း၏ လက်သီးအားက ပြင်း၏။

ချိန်ရွယ်ရာသို့ တည့်မတ်စွာ ထိုးချလာ၏။

သူ၏နောက်မှ လိုက်ပါလာသောသူက တဟားဟားရယ်မောကာ တစ်ဆက်တည်း လေးကိုင်ထားသောညာလက်ကို ရှေ့သို့ဆန့်တန်း၍ လေးဖြင့် သိုင်းသမားကြီးပိန်း၏ လက်သီးကို ဆီး၍ ခံယူလိုက်၏။

ထို့ကြောင့်....

သိုင်းသမားကြီးပိန်း၏ တောင်ပို့လက်သီးသည် တည့်မတ်စွာပင် လေးကိုင်းပေါ်သို့ ကျရောက်လာ၏။

သို့သော်



လေးကိုင်းက မည်သည့်သစ်သားနှင့်ပြုထားသည်မသိပါ။

သိုင်းသမားကြီးပိန်း၏ လက်သီးဖြင့် ထိခိုက်မိသော်လည်း ကျိုးပဲ့ခြင်း မရှိပါချေ။

သို့ဖြစ်၍

သိုင်းသမားကြီး ပိန်းသည် မျက်ခုံးတစ်ချက်ပင့်ပြီး ရုတ်တရက် ကိုယ်ကို ဘေးသို့ တိမ်းစောင်းကာ ဘယ် လက်သီးဖြင့် ထိုလူ၏ဝမ်းဗိုက်သို့ ထိုးချလိုက်ပြန်၏။

ထိုအချိန်တွင် ထိုလူအား ထီးမိုးပေးသော လူပုက ရုတ်တရက် ဘယ်လက်ကို ဝှေ့ယမ်းလိုက်၏။

ယင်းသို့ ဝှေ့ယမ်း လိုက်သည်နှင့် လူပု၏ ဘယ်လက်ထဲမှ ဓားတိုတစ်ချောင်း ပေါ်လာ၏။

တစ်ဆက်တည်းပင်

လူပု၏လက်မှ ဓားတိုက သိုင်းသမားကြီး ပိန်း၏ ဘယ်လက်သီးပေါ်သို့ ကျရောက်လာ၏။

သိုင်းသမားကြီး ပိန်းက မိမိ၏ ဘယ်လက်သီးကို ကပျာကယာ ရုပ်သိမ်းလိုက်သည်။

သို့သော်

လူပု၏ဓားတိုက လျင်မြန်စွာပင် သိုင်းသမားကြီး၏ ဘယ်လက်အား ဒဏ်ရာ ဖြစ်ပေါ်စေခဲ့၏။

ထို့ကြောင့်

သိုင်းသမားကြီး ပိန်းသည် ထိတ်လန့်ကာ နောက်သို့ ခြေလှမ်းနှစ်လှမ်းမျှ ဆုတ်လိုက်ရ၏။

သိုင်းသမားကြီး ပိန်း၏ ဘယ်လက်၌ အနီရောင်အစင်းကြောင်းတစ်ခုပေါ်ကာ သွေးများစီးကျလာ၏။

သူ၏မျက်နှာလည်း ေတ်တရက် ဖြူဖွေးကာ မြင့်သောလူနှင့် ပုသောလူကို အံ့အားသင့်စွာ ကြည့်နေ၏။

မြင့်သောလူက လေးကိုင်ထားသော ညာလက်ကို ဘေးသို့ ချလိုက်ရင်း ဦးခေါင်းခါယမ်းလိုက်၏။

ပြီးမှ....

'ဒါ တောင်ပိုလက်သီးလား၊ တကယ်ပဲ လမ်းဘေးကခြေသလုံးအိမ်တိုင်သမားနဲ့ ရန်ဖြစ်ရသလိုပဲ'

သိုင်းသမားကြီး ပိန်းက အံတစ်ချက်ကြိတ်ကာ ထပ်မံ၍ လက်သီးဖြင့် ထိုးရန်ဟန်ပြင်လိုက်၏။

ထိုစဉ် ပုသောလူက အေးစက်စွာ တစ်ချက်ရယ်မောလိုက်ပြီး မြင့်သောလူကို မော့၍ ပြုံးပြလိုက်၏။

ပြီးမှ မိမိလက်ထဲမှ ထီးကို မြင့်သောလူအား လှမ်းပေးရင်း...

'ကြက်သတ်တာကို ဘာဖြစ်လို့ နွားသတ်တဲ့ဓားကို သုံးရတာလဲ၊ ကျွန်တော် ဆုံးမလိုက်ပါ့မယ်'

ဟု ပြောလိုက်၏။

မြင့်သောလူက ထီးကို လှမ်းယူထားလိုက်၏။

သူ၏ မျက်နှာက တည်ငြိမ်လေးနက်နေ၏။

မည်သည့်စကားမျှမပြောဘဲ တိတ်ဆိတ်စွာဖြင့် ပုသောလူနှင့် သိုင်းသမားကြီး ပိန်းတို့ တိုက်ခိုက်နေသည်ကို ကြည့်နေသည်။



သိုင်းသမားကြီး ပိန်းက ပုသောလူကို ဒေါသဖြင့်ကြည့်ကာ....

'ချင်တကျီ မင်း အခုင်က ပထမတန်းစား လူတစ်ယောက်ပဲ၊ အခုတော့ ဝက်တစ်ကောင်လောက်တောင် တန်ဖိုးမရှိတော့ပါလား'

ချင်တကျီအမည်ရှိသည့် ပုသောလူက ပြုံးကာ....

'အဖွဲ့ချုပ်ဆူးအတွက် ပင်ပန်းတာဟာ ကျုပ်အတွက် သုံးဘဝကံကောင်းတာပဲ၊ ခင်ဗျားမနာလို မရှုဆိတ်မဖြစ်ပါနဲ့'

သိုင်းသမားကြီး ပိန်းက ရယ်မောကာ....

'ကျင်းကျိုးက ချင်မျိုးနွယ်ရဲ့ခြံမှာ မင်းလိုလူစားရှိတာ တကယ်ပဲ မျိုးဆက်တစ်ဆယ့်ရှစ်ဆက် ရှက်ဖို့ကောင်းတယ်၊ သားစဉ် မြေးဆက် သုံးဆယ့်ခြောက်ဆက်တောင် လူတောထဲ မျက်နှာပြဝံ့မှာ မဟုတ်ဘူး'

ယင်းစကားကြောင့် ချင်တကျီ၏ မျက်နှာညိုမည်းသွားလေ၏။

သူ၏ မျက်ဝန်းထဲ၌ ဒေါသမီးတောက်တစ်ချက် ပေါ်ထွက်လာ၏။

တစ်ချိန်တည်းမှာပင်....

သူ၏လက်ထဲမှ ဓားတိုဘရုတ်တရက် ထူးခြားသည့် သိုင်းကွက်ကို ထုတ်ဖော်ကာ သိုင်းသမား ပိန်းထံ ရောက်ရှိသွားလေ၏။

'ရှဲ'ခနဲ တစ်ချက်မြည်ကာ သိုင်းသမားကြီးပိန်း၏ ရင်ဘတ်၌ အပေါက်တစ်ပေါက် ဖြစ်ပေါ်သွား၏။

ထို့ကြောင့်....

သိုင်းသမားကြီးပိန်း နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်ရ၏။

ချင်တကျီ၏ မျက်နှာပေါ်၌ ကောက်ကျစ်သော အပြုံးတစ်ချက် ပေါ်လာ၏။

သူသည် ရှေ့သို့ ခြေတစ်လှမ်းတက်ကာ လက်ထဲမှ ဓားတိုဖြင့် သိုင်းကွက် ကိုးကွက်ထုတ်ကာ၍ သိုင်းသမားကြီး ပိန်း၏ ခန္ဓာကိုယ်အနှံ့အပြားသို့ တိုက်ခိုက်လိုက်၏။

ချင်တကျီ၏ ဓားက အရောင်လက်ကာ သိုင်းသမားကြီးပိန်း၏ ခန္ဓာကိုယ်ပေါ်သို့ ကျရောက်လာ၏။

သိုင်းသမားကြီးပိန်းက အံတစ်ချက်ကြိတ်ကာ ချင်တကျီ၏ သိုင်းကွက်ကိုးကွက်ကို ရှောင်လိုက်၏။

သို့သော်....

ချင်တကျီ၏ နဝမမြောက်သိုင်းကွက်ကို လွတ်အောင်ရှောင်တိမ်းနိုင်ခြင်း မရှိခဲ့ချေ။

သို့ဖြစ်၍....

နဝမမြောက်သိုင်းကွက်၌ချင်တကျီ၏ဓားတိုကသိုင်းသမားကြီးပိန်း၏ ဘယ်ဘက်ပခုံးပေါ်သို့ ထိုးစိုက်မိလေတော့၏။

ထို့ကြောင့်....

ချင်တကျီ၏ မျက်ဝန်းထဲ၌ တစ်ဘက်လူအား အထင်သေးသည့်အရိပ်အယောင်ပေါ်လာ၏။



ထိုတဒင်္ဂအချိန်ကလေးအတွင်းမှာပင်....

သိုင်းသမားကြီးပိန်း၏ ညာလက်သီးသည် ရုတ်တရက် ချင်တကျီ၏လည်မျိုပေါ်သို့ ကျရောက်လာလေတော့သည်။

ချင်တကျီသည် သိုင်းသမားကြီးပိန်း၏ ဘယ်လက်မောင်းပေါ်၌ စိုက်နေသော မိမိ၏ဓားတိုကို ပြန်လည်နုတ်ယူရန်ပင် မစဉ်းစားနိုင်ဘဲ လျင်မြန်စွာ နောက်သို့ဆုတ်လိုက်၏။

သို့သော်....

လမ်းခုလတ်မှာပင် သိုင်းသမားကြီးပိန်း၏ လက်သီးက ချင်တကျီ၏လည်မျိုပေါ်သို့ တည့်မတ်စွာ ကျရောက်သွားပြီး လည်ချောင်း ရိုးကျိုးသံသဲ့သဲ့မျှ ပေါ်ထွက်လာကာ ချင်တကျီသည် မြေပေါ်သို့ လဲကျသွားလေတော့၏။

သိုင်းသမားကြီး ပိန်းက ဘယ်ဘက်လက်မောင်း၌စိုက်နေသော ဓားတိုကို ဆွဲနုတ်ကာ မြေပေါ်သို့ ပစ်ချလိုက်၏။

မြင့်သောလူက ပြုံးကာ....

'အင်း.... ကောင်းလိုက်တဲ့ တောင်ပြိုလက်သီးသိုင်းကွက်ပဲ'

ဟု ချီးကျူးလိုက်၏။

သိုင်းသမားကြီး ပိန်းက ထိုလူကို စူးစိုက်၍ကြည့်ကာ....

'ချင်တကျီဟာ ကျုပ်ရဲ့ပြိုင်ဘက်မဟုတ်ဘူးဆိုတာ ခင်ဗျား သိဖို့ကောင်းတယ်'

မြင့်သောလူက မပြုံးချင်ပြုံးချင်ပြုံးရင်း....

'သိသားပဲ'

သိုင်းသမားကြီး ပိန်းက မျက်မှောင်ကြုတ်ကာ....

'သိရင် ဘာလို့ သူ့ကို အလကားသေခိုင်းရတာလဲ'

မြင့်သောလူက သက်ပြင်းချကာ...

'သူက အတင်းသေချင်နေတာကိုး'

သိုင်းသမားကြီး ပိန်းက နှာခေါင်းတစ်ချက်ရှုံ့ကာ

'ဒါပေမယ့်၊ သူက မင်းအပေါ် သစ္စာရှိသားပဲ၊ မင်းက ဝမ်းမနည်းဘူးလား'

မြင့်သောလူက ဦးခေါင်းကို ခါယမ်းရင်း....

'ကျုပ်အပေါ် သစ္စာရှိတဲ့လူက ဒီလိုအသိဉာဏ်မရှိတဲ့လူ မဖြစ်နိုင်ဘူး'

သိုင်းသမားကြီးပိန်းက မျက်ခုံးပင့်တင်လိုက်ရင်း....

'ဪ... မင်းက သူ့ကို ငတုံးအလို့ သဘောထားတယ် ပေါ့'

မြင့်သောလူက အေးစက်စွာ တစ်ချက်ရယ်မောရင်း...

'အလကားနေရင်း လူတစ်ယောက်ကို မြှောက်ပင့်ပြောဆိုနေတာ ကျုပ်အမုန်းဆုံးပဲ'

'သူက ဒီလိုလူစားလား'

'ဟုတ်တယ်'

'ဒါဖြင့် ဘာလို့ မင်းရဲ့အနားမှာထားရသလဲ'

'ကျုပ် ယောက်ဖမို့လို့'



ဤစကားက သိုင်းသမားကြီးပိန်းကို အံ့အားသင့်စေ၏။

'သူက မင်းရဲ့ယောက်ဖ ဟုတ်လား'

မြင့်သောလူက ဦးခေါင်းညိတ်ပြရင်း...

'ဟုတ်တယ်'

သိုင်းသမားကြီးပိန်းက ဦးခေါင်းကို ခါယမ်းရင်း....

'သူကပဲ ငတုံးအတစ်ယောက်လား၊ မင်းကပဲ ကောက်ကျစ်တဲ့ လူစားလားဆိုတာ မစဉ်းစားတတ်အောင်ဘဲ'

မြင့်သောလူက တစ်ချက်ရယ်မောလိုက်ပြီး...

'မစဉ်းစားတတ်ရင်လဲ ဦးနှောက်အခြောက်ခံပြီး မစဉ်းစားနဲ့ပေါ့၊ စဉ်းစားလို့ရတဲ့အကြောင်းပဲ စဉ်းစားရအောင်'

မြင့်သောလူ၏စကားက သိုင်းသမားကြီးပိန်း၏ မျက်ခုံးမွေးများကို နိမ့်ကျကာ မျက်မှောင်ကုပ်စေ၏။

သိုင်းသမားကြီးပိန်းက မျက်မှောင်ကုပ်ရင်း....

'ဘာကြောင့်လဲ'

မြင့်သောလူက တစ်ချက်ပြုံးကာ....

'အခုတလော ခင်ဗျားကစားတဲ့အခါတိုင်း ရှုံးနေတယ်လို့ ကြားမိတယ်'

သိုင်းသမားကြီးပိန်းက နှုတ်ခမ်းတစ်ချက်မဲ့၍ပြုံးရင်း

'ဒီကိစ္စမျိုးနဲ့ပတ်သက်ပြီး မင်းစိတ်ပင်ပန်းဖို့ မလိုပါဘူး'

မြင့်သောလူက ဦးခေါင်းကို ခါယမ်းလိုက်၏။

သူ၏လေသံကလည်း ပျော့ပျောင်း၏။

'အစ်ကိုကြီးပိန်းအနေနဲ့ အပေါင်းအသင်းဆံ့တဲ့ လူတစ်ယောက်၊ ဒါပေမယ့် အခုအချိန်မှာ အစ်ကိုကြီးပိန်းအနေနဲ့ မိတ်ဆွေတစ်ယောက်ကို အကူအညီတောင်းဖို့ သိပ်မလွယ်ဘူး'

သိုင်းသမားကြီး ပိန်းက မပြုံးချင်ပြုံးချင်ဖြင့် ပြုံးရင်း

'ဆင်းရဲတဲ့ဒဏ်ကို ခံနိုင်ပါတယ်၊ ငရဲပြည်ရောက်အောင် ဆင်းရဲတွင်းနက်လဲသူများ ကူညီဖို့ မလိုဘူး'

မြင့်သောလူက မျက်ခုံးကိုပင့်၍ ပြုံးရင်း —

'ဒါပေမယ့်အလောင်းအစားနတ်ကျင်းကျီကျွန်းရဲ့အကြေးကိုတော့ သိုင်းလောကမှာ ပြန်မဆပ်ဘဲနေလို့ရတဲ့ လူစားဟာ တစ်မျိုးတစ်စားပဲရှိတယ်'

မြင့်သောလူ၏စကားကြောင့် သိုင်းသမားကြီး ပိန်းသည် မျက်နှာတစ်ချက်ပျက်သွား၏။

မြင့်သောလူက ပြုံး၍ သူ၏စကားကိုဆက်ပြန်သည်။

'ကျင်းကျီကျွန်းရဲ့ အကြောင်းကို အစ်ကိုကြီးပိန်းက ပိုပြီး သိပါတယ်၊ ဒါထက် စကားမစပ်ပြောရဦးမယ်၊ လွန်ခဲ့တဲ့ တစ်ရက်နှစ်ရက်က ကျုပ်သတင်း တစ်ခုကြားမိတယ်၊ လေ့ဟိုအော့ရဲ့ ဦးနှောက်ကို ကျင်းကျီကျွန်းက ယူသွားတယ်တဲ့'



သိုင်းသမားကြီးပိန်းက ဦးခေါင်း ခါယမ်းလိုက်ပြီး....

'မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး၊ လေ့ဟိုအော့က လောင်းကစားကို မုန်းတဲ့ လူစားပဲ၊ ကျင်းကျီကျွန်းကို ဆပ်ဖို့ အကြွေး ရှိမှာမဟုတ်ဘူး'

မြင့်သောလူက ပြုံးရင်း....

'အစ်ကိုကြီး ပိန်းကသာ မဖြစ်နိုင်ဘူး ပြောတယ်၊ လေ့ဟို အော့က တမလွန်ကနေပြီး အစ်ကိုကြီး ပိန်းကို အပြစ်တင်နေမှာ'

မြင့်သောလူ၏ စကားကြောင့် သိုင်းသမားကြီးပိန်းသည် မျက်မှောင်တစ်ချက်ကုပ်ကာ နားမလည်ဟန်ဖြင့်....

'ဘာဖြစ်လို့လဲ'

မြင့်သောလူက တစ်ချက်ပြုံး၍ ပြောလိုက်သည်။

'ဩော်.... လေ့ဟိုအော့က ကျင်းကျီကျွန်းကို ဆပ်စရာ အကြွေး မရှိပေမယ့် အစ်ကိုကြီး ပိန်းကတော့ ကျင်းကျီကျွန်းကို ဆပ်ဖို့ အကြွေးငါးထောင် ရှိနေတယ်မဟုတ်လား'

'အဲဒါ ငါ့ကိစ္စပဲ၊ လေ့ဟိုအော့နဲ့ ဘာဆိုင်လဲ'

မြင့်သောလူက မျက်ခုံးပင့်ကာ....

'မင်းတို့က မိတ်ဆွေဟောင်းတွေပဲ၊ အဲ ကျုပ်ကြားသမျှ ပြောရရင်တော့ ခင်ဗျားကသာ ကျင်းကျီကျွန်းရဲ့ အကြွေးကို မဆပ်ယင် ရှောင်ကျန်းဖွေး၊ ဆရာအိုစား၊ မျက်ကန်းဝူ၊

ရမ်ချိုက်ဖီး၊ ကျုပ်လျှိုတို့လဲ လေ့ဟိုအောင့်ရဲ့ နောက်ကို လိုက်ရမယ်တဲ့’

သိုင်းသမားကြီးပိန်း ပါးစပ်ပိတ်သွား၏။

သူ၏ မျက်နှာသည် ရုတ်တရက် လူသေအလောင်း တစ်လောင်းကဲ့သို့ ဖြူဖွေးလာ၏။ မျက်နှာပေါ်မှ ကြွက်သားများက တဆတ်ဆတ် တုန်နေ၏။

သိုင်းသမားကြီး ပိန်းသည် ကျင်းကျီကျွန်း၏ ရက်စက်သော စိတ်ဓာတ်ကို နားလည်ထား၏။

ထိုစဉ်—

မြင့်သောလူက သက်ပြင်းတစ်ချက် ချကာ....

‘အင်း.... ကျင်းကျီကျွန်းက ဘာမဆို လုပ်ရဲတယ်၊ လေ့ဟိုအောင့်ကတော့ သေခဲ့ပြီ၊ ပြန်ရှင်လာတော့မှာ မဟုတ်ဘူး၊ ဒါပေမယ့် ရှောင်ကျန်းဖွေးတို့ သေတာကို အစ်ကိုကြီးပိန်း ကြည့်ရက်သလား၊ သူတို့က....’

သိုင်းသမားကြီးပိန်းသည် ဦးခေါင်းကို ဘယ်ညာခါယမ်းပြလိုက်၏။

မြင့်သောလူက သက်ပြင်းတစ်ချက်ကို ‘ဝူး’ခနဲ မှုတ်ထုတ်လိုက်ပြီး....

‘အင်း... မင်း တကယ်ပဲ သစ္စာရှိတာပဲ၊ ဒါပေမယ့် ငါးထောင်ဆိုတဲ့ ငွေဟာမနည်းဘူး၊ မင်း တစ်ခါတည်းအပြီးဆပ်နိုင်ပါ့မလား’



သိုင်းသမားကြီးပိန်းက မဲ့ပြုံး ပြုံးကာ...

‘သူက လေ့ဟိုအောင့်ကို သတ်လိုက်ပြီပဲ၊ ငါ့ အနေနဲ့ အလျော်တောင်းရမှာပေါ့’

မြင့်သောလူက ဦးခေါင်း ခါယမ်းကာ....

‘မင်းက ကျင်းကျီကျွန်းကို ယှဉ်နိုင်ပါ့မလား’

သိုင်းသမားကြီးပိန်း၏ မျက်နှာတစ်ချက် ရှုံ့မဲ့သွား၏။

မြင့်သောလူက ပြုံးရင်း....

‘အင်း၊ မင်းရဲ့ ပြဿနာကို ရှင်းဖို့ နည်းလမ်းတစ်ခုတော့ ကျုပ် တွေ့ထားတယ်’

သိုင်းသမားကြီးပိန်းက ဘာမျှ ပြန်မပြောပါ။

ထိုအချိန်တွင်....

သိုင်းသမားကြီးပိန်း၏ လက်မောင်းမှ ဒဏ်ရာသည် ရုတ်တရက် နာကျင်ကိုက်ခဲလာ၏။

တစ်ဆက်တည်းမှာပင် ချောင်းတစ်ချက်ဆိုးကာ ပါးစပ်မှ သွေးအနည်းငယ် စီးကျလာ၏။

မြင့်သောလူက သိုင်းသမားကြီးပိန်းအား ကရုဏာသက်စွာ တစ်ချက်ကြည့်ရင်း....

‘အမှန်တော့ လေ့ဟိုအောင့်အတွက် ကျင်းကျီကျွန်းကို စာရင်း မရှင်းမီ မင်းရဲ့အကြွေးကို အလျင် ဆပ်ရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ လေ့ဟိုအောင့်အတွက် စာရင်း မရှင်းရသေးခင်

နောက်ထပ် ရှောင်ကျန်းဖွေးတို့အတွက် အလျော်ထပ်တောင်း နေရမှာ စိုးလို့ပါ၊ အင်း ကျုပ်တို့ စကားပြောနေတဲ့ အချိန်အတွင်းမှာပဲ ရှောင်ကျန်းဖွေး ဒုက္ခ ရောက်ချင်ရောက်နေမှာ'

ဟု ပြောလိုက်၏။

သိုင်းသမားကြီး ပိန်းသည် အတန်ကြာအောင် ငြိမ်သက်၍ နေပြီးမှ ဦးခေါင်းကို ဖြည်းညင်းစွာ တစ်ချက် ညိတ်လိုက်လေသည်။

ထို့နောက် မောဟိုက်သော လေသံဖြင့်....

'ဟုတ်တယ်၊ လွှဟိုအော့အတွက် စာရင်း မရှင်းရသေးခင် ရှောင်ကျန်းဖွေးတို့ ဒုက္ခ မရောက်စေရဘူး'

မြင့်သောလူက ပြုံး၏။

မိမိ၏ ကျော့ကွင်းထဲသို့ သားကောင် ဝင်လာသည်ကို မြင်ရသော မုဆိုးကဲ့သို့ ပြုံးခြင်း ဖြစ်၏။

မြင့်သောလူက ထိုသို့ ပြုံးလိုက်ပြီး....

'မင်းကသာ ကျင်းကျီကျွန်းရဲ့ ငွေငါးထောင်ကို ပြန်ဆပ်ရင် သူက ရှောင်ကျန်းဖွေးတို့ကို လက်ဖျားနဲ့တောင် တို့မှာ မဟုတ်ဘူး'

သိုင်းသမားကြီး ပိန်းက သက်ပြင်းချလိုက်ရင်း ညည်း ညည်းညူညူ ပြောလိုက်၏။

'ဒါပေမယ့် ကျုပ်က ငွေ ငါးထောင်ကို ဘယ်မှာ သွားရှာရမလဲ'



မြင့်သောလူက လက်ကာပြရင်း ပြောလိုက်၏။

'ကျုပ်ပေးမယ်'

ဤစကားက သိုင်းသမားကြီးပိန်း၏ မျက်လုံးကိုပြူးကျယ်စေ၏။

သိုင်းသမားကြီးပိန်းက မျက်လုံးပြူး၍အံ့သြစွာဖြင့်ကြည့်ရင်း....

'မင်းက ပေးမယ် ဟုတ်လား'

'ဟုတ်တယ်'

'မင်းကအကျိုးမရှိဘဲ ငွေဖြုန်းတဲ့ လူစားလား'

'မဟုတ်ဘူး'

'ငါကလဲ ဘယ်သူ့ကိုမှ ကျေးဇူး တင်တတ်တဲ့ လူစား မဟုတ်ဘူး'

'ဟန်ကျတာပေါ့၊ ကျုပ်တို့ နှစ်ယောက်လုံး ဆန္ဒပြည့်ဝအောင် အလဲအလှယ်လုပ်ကြတာပေါ့'

သိုင်းသမားကြီး ပိန်းသည် မျက်နှာ တစ်ချက် ပျက်ကာ

'မင်းက ကျုပ်ဆီက လိုချင်တာ ဘာပစ္စည်းများလဲ'

မြင့်သောလူက ဖြည်းညင်းစွာဖြင့် ပြောလိုက်၏။

'သမင်သားရေ လက်အိတ်'

× × ×

မြင့်သောလူ၏အမည်မှာ ဆူးစိကျန်ဖြစ်၏။

ဟိုပေနယ်၏ နတ်မင်းလေးပါးအဖွဲ့မှ အဖွဲ့ချုပ် ဖြစ်၏။

နတ်မင်း လေးပါးအဖွဲ့က သိုင်းလောကတွင် ထိပ်တန်းအဖွဲ့တစ်ဖွဲ့ဖြစ်၏။

ထို့ကြောင့်

အဖွဲ့ချုပ် ဆူးစိကျန်သည်လည်း အလိုအလျောက်ကြောက်စရာကောင်းသော လူစား ဖြစ်လာရ၏။

သိုင်းသမားကြီးပိန်းက အတန်ကြာအောင် တိတ်ဆိတ်နေပြီးမှ ရုတ်တရက် ထူးဆန်းစွာ တစ်ချက်ရယ်မောလိုက်ပြီး....

'ဆူးစိကျန် မင်းရဲ့စိတ်ထဲက အကြောင်းအရာကို ငါသိပြီ'

ဟုပြောလိုက်၏။

ဆူးစိကျန်က သက်ပြင်းချကာ

'ဒီသမင်သားရေ လက်အိတ်ဟာ မင်းအတွက်ကံမကောင်းတဲ့ပစ္စည်းပဲ၊ ငါ့အနေနဲ့လဲ ငွေငါးထောင်ဟာ လွင့်ပစ်သလောက်ပဲ ရှိတယ်၊ ငါတို့ နှစ်ယောက်လုံး နစ်နာမှု မရှိပါဘူး'

သိုင်းသမားကြီးပိန်းက ရယ်လိုက်၏။

ထိုသို့ ရယ်လိုက်သဖြင့် နှုတ်ခမ်းမှသွေးများ စီးကျလာ၏။

သိုင်းသမားကြီးပိန်းက လက်ခုံဖြင့်နှုတ်ခမ်း၌ ပေကျံနေသော သွေးစသွေးန များကိုသုတ်ရင်း



'ကံမကောင်းတာ ကံကောင်းတာငါ့ကိစ္စပဲ၊ ကျင်းကျိကျွန်းကို ငွေငါးထောင်ဆပ်ဖို့လဲ ငါ့ကိစ္စပဲ၊ သမင်သားရေ လက်အိတ်ကိစ္စကတော့ မင်းဆက်မပြောရင် အကောင်းဆုံးပဲ'

ဆူးစိကျန်က မျက်မှောင်ကုပ်ကာ...

'အင်း....မင်းကသူများဒုက္ခကို ကိုယ့်ဒုက္ခ လုပ်နေတာကိုး၊ ဘယ်လောက် ပင်ပန်းလိုက်မလဲ၊ ပြီးတော့ဟိုလူကလဲမြေကြီးအောက် ရောက်နေပြီ၊ ဘာထူးမှာလဲ၊ သမင် သားရေ လက်အိတ်ကို ငါ့ပေးလိုက်လဲ သူကိုမင်းကို အပြစ်တင်မှာ မဟုတ်ပါဘူး'

သိုင်းသမားကြီးပိန်းက တစ်ချက် ရယ်မောလိုက်၏။

ပြီးမှ....

'ငါ့ဆရာက ငါ့ကိုခိုင်းထားတဲ့ကိစ္စကို သူသေသည့်တိုင်ငါဆက်လုပ်မှာပဲ'

ဆူးစိကျန်က တံတွေးတစ်ချက် ထွေးကာ

'မင်းအရူးပဲ၊ အခု မင်းသေတော့မယ်၊ ဒီကိစ္စကို ဘယ်လိုဆက်လုပ်နိုင်တော့မှာလဲ'

သိုင်းသမားကြီးပိန်းက ရင်ကော့၍ တဟားဟား ရယ်မောလိုက်၏။

ရယ်မောရင်းပင် ချောင်း အဆက်မပြတ် ဆိုးလာ၏။

ထို့ကြောင့် ပါးစပ်မှ သွေးများ စီးကျလာ၏။

ပြီးမှ....

'သေလဲ ငါက ဂရုမစိုက်ဘူး၊ တမလွန်မှာ ငါ့ရဲ့ ဆရာကို တွေ့ဖို့မရှက်ရဘူး၊ ပြီးတော့ လူကြီးမင်း ဝမ်ကို တွေ့လဲ ရှက်စရာမလိုဘူးပေါ့'

ဆူးစိကျုန်က ရုတ်တရက် ရယ်မောလိုက်ပြီး....

'လူကြီးမင်းဝမ် ဟား ဟား လူကြီးမင်းဝမ်၊ ဘာလူကြီးမင်းလဲ၊ တကယ်လို့သာ မင်းက စုံလိုစန်းတောင်က ဘီလူးရဲ့ကြေးမုံမှာကြည့်ရင် ဒီသူခိုး ဘယ်လိုမကောင်းမှုတွေ လုပ်ထားတယ်ဆိုတာ မင်းတွေ့လိမ့်မယ်'

သိုင်းသမားကြီးပိန်းက ဒေါသဖြင့်....

'ဆူးစိကျုန် မင်းရမ်းပြီးမပြောနဲ့၊ ဘယ်နည်းနဲ့ ဖြစ်ဖြစ် ငါမင်းကို သမင်လက်အိတ် မပေးနိုင်ဘူး'

ဆူးစိကျုန်က မျက်မှောင်ကုပ်လိုက်ပြီး....

'သိုင်းသမားကြီးပိန်း ကျုပ်က မင်းကို သနားလို့ တစ်ချိန်လုံး လေးလေးစားစား ဆက်ဆံခဲ့တာ၊ ငါ့ရဲ့စေတနာကို နားမလည်ဘူး၊ ချင်တကျီထက်ပိုပြီး အတွဲလူစားပဲ'

သိုင်းသမားကြီးပိန်းက ရယ်မောကာ....

'အပိုစကားတွေမပြောနဲ့၊ ငါနောက်ဆုံးပြောမယ်၊ ငါ့ဆီက သမင်လက်အိတ်ရဖို့ မင်းမစဉ်းစားနဲ့တော့၊ ငါသေရင်တောင်မှ ဒီသမင်လက်အိတ်ကို မင်းတစ်သက်လုံး ရှာတွေ့မှာ မဟုတ်ဘူး'

သိုင်းသမားကြီးပိန်း၏ စကားကြောင့် ဆူးစိကျုန်သည် မျက်မှောင်ကြုတ်လိုက်လေသည်။



သူသည် သိုင်းသမားကြီးပိန်းအား မသတ်ဘဲ နေခဲ့ခြင်းမှာ မိမိလိုချင်သော ပစ္စည်းမရမှာ စိုးရိမ်သောကြောင့် ဖြစ်သည်။

ယခုကဲ့သို့ သိုင်းသမားကြီးပိန်းက သေမှာကို ဂရုမစိုက်ကြောင်း သိရသဖြင့် မိမိလိုချင်သော ပစ္စည်းသည် သိုင်းသမားကြီးပိန်း၏ ခန္ဓာကိုယ်ပေါ်၌ ပါရှိခြင်းမရှိကြောင်း ထင်ရှား၏။

ထို့ကြောင့်—

သူသည် သိုင်းသမားကြီး ပိန်းအား ဖမ်းဆီး၍ တဖြည်းဖြည်း စစ်ယူရန် စဉ်းစား၏။

သူ့တွင် ညှဉ်းပန်းနည်း ၁၁၇ မျိုးရှိ၏။

ညှဉ်းပန်းနည်းငါးဆယ်မကျော်မီပင် သိုင်းသမားကြီးပိန်းထံမှ မိမိလိုချင်သော အဖြေရလိမ့်မည်ဟု စဉ်းစားမိလေသည်။

သိုင်းသမားကြီးပိန်း၏ တောင်ပို့လက်သီးသည် ကြောက်စရာကောင်း၏။

သို့သော် ဆူးစိကျုန် မမှုငါ။

သိုင်းကွက်ရှစ်ကွက်မှ ရှစ်ဆယ်ကွက်အတွင်း၌ပင် သူသည် သိုင်းသမားကြီးပိန်းအား ချုပ်ကိုင်နိုင်လိမ့်မည်ဟု မျှော်လင့်ထား၏။

ထိုအချိန်တွင်သည်းထန်စွာ ရွာနေသောမိုးသည် တဖြည်းဖြည်းစဲသွားပြီဖြစ်ပေသည်။

ဆူးစိကျုန်က သိုင်းသမားကြီးပိန်းအား အတန်ကြာအောင် စူးစိုက်ကြည့်နေလေသည်။

ပြီးမှ....

စိတ်ပျက်စွာဖြင့် ဦးခေါင်းကို တစ်ချက် ခါယမ်းလိုက်လေ၏။

ထို့နောက်....

ပျင်းရိလေးတွဲစွာဖြင့် ထီးကို ပိတ်လိုက်၏။

တစ်ဆက်တည်းမှာပင်ထီးနှင့် လေးကိုလမ်းဘေးမှကျောက်တုံးတစ်ခုပေါ်သို့ ညင်သာစွာ တင်ထားလိုက်၏။

ပြီးမှ—

သူသည် သိုင်းသမားကြီးပိန်းနှင့် မျက်နှာချင်းဆိုင်ရပ်ကာ လက်ကို လေထဲ၌ တစ်ချက်ဝေ့ယမ်း၍ သိုင်းကွက်ပုံစံတစ်ခု ပြုလုပ်ပြီး တိုက်ခိုက်ရန် အဆင်သင့် ဖြစ်ထားလိုက်သည်။

ဆူးစိကျုန်က လေထဲသို့ လက်ဝေ့ယမ်းလိုက်သောအခါ လေတိုးသံ တဝှီးဝှီး ကြားရ၏။

ထို့ကြောင့်....

သိုင်းသမားကြီးပိန်းသည် ရင်ထဲ၌ တစ်ချက်တုန်လှုပ်လာလေ၏။



ဆူးစိကျုန်၏ သိုင်းပညာသည် မိမိထက်နိမ့်ကျခြင်းမရှိသည့်အပြင် မိမိထက်သာလွန်နေကြောင်း သိထားသဖြင့် ပွဲသိမ်းမည့်အခြေအနေကိုပါ သိုင်းသမားကြီးပိန်း ကြိုတင်တွက်ဆနိုင်၏။

အကယ်၍သာ သိုင်းသမားကြီးပိန်းသည် ခေါင်းမာသည့်လူစားမဟုတ်လျှင် မိမိရှုံးနိမ့်မည့်ပွဲကို စိန်ခေါ်ရဲမည်မဟုတ်ချေ။

ထိုစဉ် ဆူးစိကျုန်က စတင်တိုက်ခိုက်လာ၏။

ထို့ကြောင့်....

သိုင်းသမားကြီးပိန်းသည် ဆက်၍ မစဉ်းစားနိုင်ဘဲ ဆူးစိကျုန်၏ တိုက်ကွက်များကို ခုခံနေလေသည်။

ဆူးစိကျုန်က သိုင်းသမားကြီးပိန်းအား ချုပ်ကိုင်ရန်ကြိုတင်ကြံစည်ထားသည့်အတိုင်း အင်အားအပြည့်မသုံးဘဲ ဟန်ပြသိုင်းကွက်များနှင့်သာ တိုက်ခိုက်နေ၏။

သိုင်းကွက်ရှစ်ကွက် ကိုးကွက်မျှ ယှဉ်ပြိုင်ပြီးသောအခါ သိုင်းသမားကြီးပိန်းသည် မိမိ၏ ညာဘက်နံရိုးအောက်၌ ဆူးစိကျုန်၏ လက်ဝါးတစ်ချက်မိသွား၏။

ထို့ကြောင့်....

သိုင်းသမားကြီးပိန်းသည် ချွတ်ကရက် အသက်ရှူကျပ်ကာ ပါးစပ်မှလည်း သွေးတစ်ချက်အန်လာ၏။

တစ်ချိန်တည်းမှာပင် သိုင်းသမားကြီးပိန်း၏ ခန္ဓာကိုယ်သည် အားအင်ကုန်ခန်းသကဲ့သို့ တည်ငြိမ်စွာ မရပ်တည်နိုင်ဘဲယိမ်းထိုးလာတော့၏။

ယင်းအချိန်၌ —

ဆူးစိကျုန်က အခွင့်ကောင်းယူ၍ သိုင်းသမားကြီးပိန်း၏ သွေးကြောကို တောက်ရန် လက်ချောင်းဆန့်ထုတ်လိုက်၏။

ထိုစဉ်....

'လက်ရပ် လက်ရပ်၊ ဘယ်သူက ဒီအောသွားမြို့မှာ ခြေလက်လှုပ်ရှားရတာလဲ၊တယ်ရိုင်းပါလား'

ဟူသော အသံပေါ်ထွက်လာလေတော့၏။

× × ×

ဆူးစိကျုန်သည် ရုတ်တရက် ပေါ်ထွက်လာသော အသံကြောင့် သူ၏လက်ချောင်းသည် လမ်းတစ်ဝ ွ၌ ရပ်တန့်သွား၏။



အသံက ကြည်လင်ပြတ်သားပြီး အသံကိုကြားရုံမျှနှင့် အသံရှင်သည် အတွင်းအားကောင်းသော လူတစ်ယောက် ဖြစ်ကြောင်း သိနိုင်၏။

ထို့ကြောင့်....

ဆူးစိကျုန်၏ ရင်ထဲ၌ တစ်ချက်တုန်လှုပ်ကာ အသံကြားရာဘက်သို့ တဖြည်းဖြည်း လှည့်ကြည့်လိုက်လေသည်။

ကြီးမားသော သစ်ပင်အောက်၌လူသုံးယောက်သည် တြိဂံပုံသဏ္ဌာန်ရပ်နေ၏။

ထိုလူသုံးယောက်၏ မျက်လုံးခြောက်လုံးက သုံးမြှောင့်ပုံရှိပြီး နှာခေါင်းကြီး၍ ပါးစပ်ကျယ်၏။

ထိုလူသုံးယောက်သည်ရုပ်ချင်းဆင်ရုံမျှမကအရပ်အမောင်းချင်းပါ တူညီနေ၏။

ဆူးစိကျုန်အား လှမ်း၍ တားလိုက်သူမှာ ရှေ့ဆုံးမှ လူဖြစ်၏။

ထိုလူ၏ စကားသံဆုံးသောအခါ ဘယ်ဘက်ဘေးမှလူက

'ဒီလူက ခြေလက်မလှုပ်ရှားဘူး၊ လက်ချောင်းသာ လှုပ်ရှားတယ်၊ ဒါကြောင့် ငင်းက လက်ချောင်းရပ်လို့ ပြောမှမှန်မယ်'

ထိုလူ၏ စကားဆုံးသည်နှင့် ညာဘက်မှလူသည် ရုတ်တရက်ခွက်ထိုးခွက်လှန် ရယ်မောလိုက်ပြီး....

'ဒီလူလက်ချောင်းလှုပ်တာ အရက်မသောက်ရသေး လို့ကွ၊ ဟဲ ဟဲ၊ ဟောဒီအော့ယားမြို့ကလေးကငယ်ပေမယ့် အရက်ဆိုင် ကောင်းကောင်းရှိတယ်'

ဟု ပြောကာ ဆူးစိကျန်ကို လှမ်းကြည့်ရင်း---

'ဟေ့လူ၊ အဲဒီအရက်ဆိုင်မှာ အမြည်းကောင်းကောင်းလဲ ရတယ်၊ ငါတို့မင်းနဲ့ အဖော်လိုက်ပေးပါ့မယ်'

ဟု ပြောလိုက်၏။

ပြီးမှ သူက သူ၏စကားကို ကပျာကယာ ထပ်မံ ဖြည့်စွက် ပြောလိုက်၏။

'ဩြော်....ဩော်...မင်းက ကျွေးမယ်ဆိုရင် ပြောတာ နော်'

ထိုလူစကားသံ ဆုံးသည်နှင့် ရှေ့ဆုံးမှ လူက နောက်သို့ လှည့်မကြည့်ဘဲ ဒေါသသံဖြင့်....

'ဟေ့ လောင်စန်း၊ မင်းရူးနေပြီလား'

ဟု လှမ်း၍ငေါက်လိုက်၏။

လောင်စန်းက မျက်လုံးတစ်ချက် ပင့်ကာ....

'လောင်တ၊ မင်းက ဘာလို့ငါ့ကို ရူးတယ်လို့ ပြောရတာ လဲ'

ရှေ့ဆုံးရပ်နေသော လောင်တဆိုသူက လောင်စန်း၏ စကားကို မဖြေဘဲ မိမိ၏ ဘယ်ဘက်ဘေးမှ လူကို လှမ်းကြည့် ကာ....



'ဟေ့ လောင်အော့၊ ဆရာက တို့ကို ဘာမှာထားသလဲ'

လောင်အော့က ဦးခေါင်းတစ်ချက် ညိတ်ကာ မဆိုင်းမတွ ဘဲ ပြောလိုက်၏။

'မခိုးရ၊ မလိမ်ရ၊ သစ္စာမမဲ့ရ၊ လောဘမကြီးရ'

လောင်တက လက်ကာပြလိုက်ရင်း ဒေါသတကြီးဖြင့်....

'သူ့အမေမှပဲ'

ဟု ဆဲရန်စကားစ လိုက်၏။

လောင်အော့က ကပျာကယာဝင်၍--

'ဆရာမှာထားတယ်၊ မဆဲရ'

ဟု ပြောလိုက်သဖြင့် လောင်တ၏ နောက်ဆက်တွဲ စကား များသည် လည်ချောင်းထဲမှ ထွက်မလာဘဲ လောင်အော့ကို မျက်လုံးပြူးကြည့်လိုက်၏။

ပြီးမှ....

'ဆရာ မကြာမကြာ ပြောထားတယ်မဟုတ်လား၊ တစ်ပါး သူ့ရဲ့ စကားကို အလွယ်တကူမယုံနဲ့၊ အစားအသောက်မမက် မောရဘူး၊ ဒါမှ လူယုတ်မာတွေရဲ့ ထောင်ချောက်ထဲ မရောက် မှာ၊ ဒါကို မင်းမေ့နေတယ်မဟုတ်လား'

လောင်အော့က ဦးခေါင်းခါယမ်း၍, ပြောလိုက်၏။

'မမေ့ဘူး၊ ငါပြောတာ အဲဒီနေရာ မရောက်သေးလို့'

လောင်တက လောင်စန်းကို လှမ်းကြည့်ကာ....

'မင်းကြားလား'

လောင်စန်းက ဦးခေါင်းညိတ်ကာ—

'ငါ မနေ့ညကပဲ နားဇာချေး ကလော်ထားတယ်'

လောင်တာက…

'ဒါဖြင့် ဆရာက ဘာကြောင့် ဒီလိုတားမြစ်ထားတာလဲ'

လောင်စန်းက ပြုံးကာ....

'အစားအသောက် မက်ရင် အဆိပ်မိနိုင်တယ်၊ လူတစ်ယောက်ရဲ့အကြောင်းကို မသိခင် အဲဒီလူရဲ့စကားကို ယုံလွယ်တဲ့ အတွက် ဒုက္ခရောက်နိုင်တယ်'

လောင်တာက ကျေနပ်စွာတစ်ချက်ပြုံးလိုက်ပြီး ဦးခေါင်းညိတ်ကာ …

'ဒါမှ ကျုံဝမ်းသိုင်းလောကရဲ့ ပထမ အောက်တန်းစား မှော်ဆရာ ဖြစ်မှာပေါ့'

ဆူးစိကျုန်ကစကားတစ်လုံးမျှ ဝင်ရောက်ပြောဆိုခြင်းမပြုဘဲ လောင်တာ၊လောင်အော့နှင့် လောင်စန်းတို့ကိုကြည့်နေ၏။

လောင်တာ၏ 'ပထမ အောက်တန်းစား မှော်ဆရာ' ဟူသောစကားကို ကြားသောအခါ ဆူးစိကျုန်သည် ရုတ်တရက် အံ့ဩသွားပြီး ထိုလူ သုံးယောက်သည် သိုင်းလောက၏ လူထူးလူဆန်း သုံးယောက် သို့မဟုတ် အရူးသုံးယောက်ဖြစ်ကြောင်း တွေးမိလိုက်၏။

ထိုစဉ်....



လောင်အော့က ဆူးစိကျုန်ကိုကြည့်လိုက်ပြီး လောင်တာနှင့် လောင်စန်းအား လှမ်း၍ပြောလိုက်၏။

'ဒီလူ အရူးလားမသိဘူး၊ ငါတို့ကိုပဲကြည့်နေတယ်'

ဆူးစိကျုန်က မျက်မှောင်ကြုတ်ကာ လောင်အော့အား....

'မင်းက ဘယ်သူ့ကို အရူးလို့ပြောတာလဲ'

လောင်အော့က မေးတစ်ချက် ဆတ်ပြကာ....

'မင်းလို လက်ချောင်းလှုပ်တဲ့ လူပဲဖြစ်မှာပေါ့၊ အဲဒါနဲ့ မင်းနာမည်ဘယ်သူတုံး၊ မင်းမိဘတွေက ဘယ်သူတုံး၊ မင်း ဘယ်မှာမွေးတာလဲ၊မင်းအဖေက ဘယ်သူလဲ၊ မင်းဘယ်မြို့က လာတာလဲ၊ မင်းက ဘာဖြစ်လို့ သူ့ကို လက်ချောင်းနဲ့ထိုးဖို့ လုပ်ရတာလဲ၊ ပြီးတော့ လက်ချောင်းနဲ့ အထိုးခံရတဲ့လူက ဘယ်သူလဲ၊ ဘာရန်ငြိုးရှိလဲ၊ အချင်းချင်း ပြေလည်သွားပြီလား၊ မပြေလည်ရင် လူသတ်မှုဖြစ်မယ်၊ ရုံးရောက်မယ်၊ မင်းကဘယ်လိုပြောမလဲ၊ ပြီးတော့ မင်းက သေဒဏ်ခံရရင် ဘယ်လိုလုပ်မလဲ နောက်ပြီး'

လောင်တာက လက်ကာပြရင်း....

'ရပ်တော့၊ မင်းမေးခွန်းတွေကို သူက ဘယ်လိုလုပ် မှတ်မိထားမလဲ'

လောင်အော့က ဦးခေါင်းညိတ်ကာ—

'ဟုတ်သားပဲ ဟဲ....ဟဲ—ဟဲ....'

လောင်တာက ပြုံးကာ...

'ကဲ တစ်ခုချင်းမေး'

လောင်အောင့်က ဦးခေါင်းညိတ်ပြီး—

'မင်းက ဘယ်သူလဲ'

ဆူးစိကျန်က သူတို့သုံးယောက်အား လက်နှစ်ဘက်ဆုပ်၍ အရိုအသေပြုလိုက်ပြီး

'ကျုပ်နာမည်ကို စိရှန့်ပါ၊ဝူးကျိုးက နယ်ထိန်းချုပ်စီချန်ဖန်ရဲ့မိတ်ဆွေပါ၊ ပြီးခဲ့တဲ့ လလယ်လောက်က စီချန်ဖန်ဟာ လူဆိုးကြီး ဝူဟာန်ကို ဖမ်းခဲ့ပါတယ်၊ ဝူဟာန်က စီချန်ဖန်ကို အဆိပ်အပ်နဲ့ သတ်ပစ်ခဲ့ပါတယ်၊ ဒါကြောင့် ကျွန်တော်က ဝူဟာန်ရဲ့နောက်ကို လိုက်ပြီး ဖမ်းတာပါ၊ ဒီရောက်မှ ဝူဟာန်ကို ဖမ်းဖို့ အခွင့်အရေးရနေတုန်း လူကြီးမင်းတို့ ရောက်လာတာပါ'

ဟု ယဉ်ကျေးစွာပြောဆို၍ လိမ်ညာလိုက်၏။

လောင်စန်းက တဟားဟားဖြင့် ရယ်မောကာ

'အို့ဟိုး လူဆိုးကြီးကိုး'

လောင်တက မျက်မှောင်ကုပ်၍ လောင်စန်း၏ ရယ်မောခြင်းကို ရပ်တန့်စေလိုက်၏။

ပြီးမှ....

'သူ့အမေရဲ့....'

လောင်တ၏ စကားမဆုံးမီ လောင်အောင့်က လက်ကာပြရင်း



'ဟိုး ဆရာက မှာထားတယ်၊ မဆဲရ'

လောင်တက နှုတ်ခမ်းမဲ့ကာ

'အေး ဟုတ်တယ်'

ဟု ပြောလိုက်၏။

ပြီးမှ သက်ပြင်းတစ်ချက် 'ဟူး' ခနဲ မှုတ်ထုတ်ရင်း

'ဆရာက ပြောတယ်၊ လူဆိုးကိုတွေ့ရင် အရှင်မထားနဲ့တဲ့၊ မုဒိမ်းသမားဆိုရင် ပိုပြီး အပြစ်ကြီးသတဲ့'

ဆူးစိကျန်က စိတ်ထဲမှ ကျိတ်၍ပြုံးရင်း

'ဟုက်တယ် ဟုတ်တယ် သူက လူဆိုးကြီးတင်ဘယ်က မလဲ၊ မုဒိမ်းမှုအများကြီး ကျူးလွန်ခဲ့တယ်'

ဟု ဝင်၍ပြောလိုက်၏။

လောင်အောင့်က သိုင်းသမားကြီးပိန်းအားကြည့်ကာ

'မင်းက တကယ်ပဲ မုဒိမ်းသမားလား'

ဟု မေးလိုက်၏။

သိုင်းသမားကြီးပိန်းက ရှတ်တရက် ရယ်မောကာ

'ဟုတ်တယ် ငါကမုဒ္ဒိမ်းသမားလူဆိုးကြီး ဝူဟာန်ပဲ'

ဟုဖြေလိုက်သည်။

အမှန်မှာ....

သိုင်းသမားကြီး ပိန်းသည် မိမိ၏အခြေအနေကို နားလည်သည်။

ယခုအချိန်၌ မိမိသည် အတောင်ပေါက်၍ လာလျှင်လည်း ထွက်ပြေးရန်ခက်၏။

သို့ဖြစ်၍ ဆူးစိကျုန်၏ လက်ထဲ၌ အနှိပ်စက်ခံရမည့်အစား အရူးသုံးယောက်လက်ချက်ဖြင့် သေလျှင် ပို၍ ကောင်းမည်ဟု တွေးမိ၏။

ဆူးစိကျုန်အနေဖြင့် သမင်လက်အိတ်မရမချင်း မိမိအား သတ်လိမ့်မည် မဟုတ်ဟုလည်း ယုံကြည်ထား၏။

ထို့ကြောင့်....

သိုင်းသမားကြီး ပိန်းသည် မခိုးမခန့် တစ်ချက် ရယ်မောလိုက်ပြီး-

'ဟဲ ... ဟဲ.... ငါက တစ်ရက် လူမသတ်ရရင် ခေါင်းကိုက်တယ်၊ တစ်ရက် မုဒိမ်းမှု မကျူးလွန်ရရင် ကိုယ်သက် မအီမသာ ဖြစ်တယ်၊ ဒီခန့ မင်းတို့က ငါ့ကို မသတ်နိုင်ရင် နောက်နေ့မှာ မင်းတို့ လေးယောက်ရဲ့ အုတွေကို ငါလာဖြတ်မယ်'

ဟု တစ်ဘက်လူ ဒေါသဖြစ်အောင် ဆွပေးလိုက်၏။

လောင်စန်းက မျက်လုံးပြူးကာ....

'အယ်.... အတင့်ရဲလိုက်တာ၊ သေ ခါနီး နေ တာတောင် အစွယ် ပြရဲသေးတယ်'

လောင်အော့က သိုင်းသမားကြီးပိန်းကို စူးစိုက်ကြည့်၏။

'မင်းရဲ့ ပါးစပ်ပုပ်နဲ့ ပြောတဲ့စကားကြားတာနဲ့ မင်းကို ခွင့်မလွှတ်နိုင်တော့ဘူး'

လောင်တက မျက်ခုံးရှုံ့ရင်း....


အမှတ် ၁၅/၁၃၈၊ ၆ လမ်း

'သူ့ကို မြန်မြန်သတ်မှ လူကောင်းတွေ ကောင်းကောင်း အိပ်နိုင်မယ်'

ဟု ပြောလိုက်၏။

ထို့နောက်....

လူထူးလူဆန်း သုံးယောက်သည် သံသေးသံကြောင်ဖြင့် တစ်ချက် အော်လိုက်ပြီး သိုင်းသမားကြီး ပိန်းထံသို့ ခုန်ဝင်လိုက်လေတော့၏။

ထိုသို့....

လူထူးလူဆန်း သုံးယောက်က သိုင်းသမားကြီး ပိန်းထံ ခုန်၍ ဝင်ရောက်လာသောအခါ ဆူးစိကျုန်သည် မျက်စိမျက်နှာ ပျက်သွားပြီး ကပျာကယာ လှမ်း၍....

'ဟော့- ဟော့- နေဦး'

ဟု လှမ်းတားလိုက်ရလေသည်။

အကြောင်းမှာ....

ထိုလူထူးလူဆန်း သုံးယောက်၏သိုင်းပညာသည် မည်သည့်အဆင့်၌ရှိကြောင်း ဆူးစိကျုန် မသိပါ။

သို့သော်....

မိမိ၏ စကားဖြင့် ထိုသုံးယောက်ကို လိမ်ညာနိုင်ခဲ့၏။

ထိုသုံးယောက်က မိမိ၏စကားကို ယုံကြည်၍ သိုင်းသမားကြီး ပိန်းအား သတ်လိုက်လျှင် မိမိလိုချင်သော သမင်ရေလက်အိတ်ကို ရတော့မည် မဟုတ်ပါ။

ထို့ကြောင့်....

ထိုလူသုံးယောက်အား ထပ်မံ၍ လိမ်ညာရမည် ဖြစ်သည်။

သို့ဖြစ်၍—

ကပျာကယာ လှမ်းတားလိုက်ရခြင်း ဖြစ်ပေသည်။

လောင်စန်းက မျက်မှောင်ကြုတ်ကာ

'ဘာဖြစ်လို့ နေရမှာလဲ'

ဆူးစိကျန့်က ပြုံးလိုက်ပြီး

'ဒီလူ့ရဲ့အပြစ်က ကြီးလေးတယ်'

လောင်အော့က ဦးခေါင်းကိုမော့၍ နှုတ်ခမ်းကိုမဲ့ရင်း

'ကျုပ်တို့က သေဒဏ်ပဲ ပေးမှာပါ'

ဆူးစိကျန့်က ပြုံးပြကာ

'ဟုတ်ပါတယ်၊ သူ့ကို သေဒဏ် ပေးသင့်ပါတယ်၊ ဒါပေမယ့်'

ဟု ပြော၍ စကားကို ခေတ္တ ရပ်တန့်လိုက်ပြီး လောင်တာ၊ လောင်အော့နှင့် လောင်စန်းတို့၏ မျက်နှာကို တစ်ချက်အကဲခတ်ကြည့်လိုက်၏။

ပြီးမှ

'ဒါပေမယ့် တရားဥပဒေ ရှိသေးတယ်၊ ကျုပ်တို့ဘာသာ အပြစ်ပေးလို့ မဖြစ်ဘူး၊ သူ့ကို အရှင်ဖမ်းပြီး ဝူးကျူးက တရားရုံးမှာတင်ပြီး စစ်ဆေးရလိမ့်မယ်'

လောင်တာက ဦးခေါင်းညိတ်ကာ

'ကောင်းတာပေါ့၊ ကောင်းတာပေါ့'

ဟု ပြန်ပြောလိုက်၏။

ပြီးမှ ဟူးခန် လေပူတစ်ချက်မှုတ်လိုက်ပြီး မျက်ခုံးနှစ်ဘက်ပင့်တင်လိုက်၏။



ထို့နောက် မျက်လုံးပြူး၍ ဆူးစိကျန့်ကို တစ်ချက်ကြည့်ကာ

'ဒါပေမယ့် မင်းကို ငါသတ်ရမယ်'

ဟု အော်ဟစ်လိုက်၏။

လောင်တာ၏ စကားကြောင့် ဆူးစိကျန် မျက်နှာ ပျက်သွား၏။

အကြောင်းရင်းဇာတ်မြစ်ကို ဆူးစိကျန်မသိမီမှာပင် လူထူးလူဆန်း သုံးယောက်က စတင် တိုက်ခိုက်လာလေတော့၏။

ဆူးစိကျန်သည် ထိုလူထူးလူဆန်း သုံးယောက်က မိမိကို ယခုကဲ့သို့ တိုက်ခိုက်လိမ့်မည်ဟု မထင်မှတ်ခဲ့ချေ။

ထိုလူထူးဆန်းသုံးယောက်က သိုင်းသမားကြီး ပိန်းအား သတ်သွားမည်ကိုသာ စိတ်ပူခဲ့ရ၏။

သို့သော်....

ထိုလူထူးလူဆန်းသုံးယောက်၏ တကယ်တမ်းပစ်မှတ်သည် သိုင်းသမားကြီးပိန်းမဟုတ်ဘဲ မိမိဖြစ်နေကြောင်း ဆူးစိကျန် သိရသောအခါ ဆူးစိကျန် အံ့သြမိ၏။

ဆူးစိကျန်သာမက သိုင်းသမားကြီးပိန်းကပါ လူထူးလူဆန်းသုံးယောက်၏ အပြုအမူကို နားမလည်နိုင်အောင်ပင် ဖြစ်နေလေတော့သည်။

မည်သို့ပင်ဖြစ်ပါစေ...

သိုင်းသမားကြီး ပိန်းသည် ဆူးစိကျန်နှင့် လူထူးလူဆန်းသုံးယောက် တိုက်ခိုက်နေသည့်အချိန်၌ ဝင်ရောက်စွက်

ဖက်ခြင်း မပြုဘဲ ကျောက်တုံးတစ်တုံးပေါ်၌ ငြိမ်သက်စွာ ထိုင်နေလိုက်တော့၏။

ဆူးစိကျန်က 'ခြေလှမ်းတစ်ချက် လက်သိုင်းတစ်ရာ' သိုင်းကွက်ဖြင့် လူထူးလူဆန်းသုံးယောက်ကို ထိုးဖောက်တိုက်ခိုက်နေ၏။

ဤသိုင်းကွက်သည် ခြေလှမ်းတစ်ကွက်ရွှေ့သည်နှင့် လက်၏ ပြောင်းလဲခြင်းက တစ်ရာပြောင်းကာ ခံစစ် ငါးဆယ်နှင့် တိုက်စစ် ငါးဆယ်ဖြစ်၏။

သို့သော်....

ဆူးစိကျန်သည် ခံစစ် ငါးဆယ်သာ ကစားနိုင်ပြီး တိုက်စစ်ကို မဆင်နွဲနိုင်ခဲ့ချေ။

ဆူးစိကျန်သည် တိုက်ခိုက်နေရင်း....

'ဒါ ဘာသဘောလဲ'

ဟု မေးလိုက်၏။

လူထူးလူဆန်းသုံးယောက်က ပြိုင်တူပြုံးပြ၏။

သို့ရာတွင်....

သူတို့၏ ခြေလက်လှုပ်ရှားမှုကို မရပ်မနားချေ။

လောင်တက တိုက်ခိုက်ရင်း....

'သူ့အမေမှုပဲ'

လောင်အော့က ဆူးစိကျန်ကို တစ်ချက်မှ အလွတ်မပေးဘဲ တိုက်ခိုက်ရင်း....

'ဆရာက မှားထားတယ်၊ မဆဲရ'



လောင်တက ခြေလက်သိုင်းကွက်များကို မရပ်နားဘဲ လောင်အော့အား....

'အေး....ဟုတ်တယ်' ဟု ပြောလိုက်၏။

ပြီးမှ ဆူးစိကျန်အား....

'မင်းက စီချန်ဖန်ရဲ့ မိတ်ဆွေလို့ ဟန်ဆောင်တာ ဘာသဘောလဲ'

ဟု တိုက်ခိုက်ရင်း မေးလိုက်၏။

လောင်တ၏ စကားကြောင့် ဆူးစိကျန်၏ ရင်ကို တုန်စေ၏။

အကြောင်းမှာ....

ဆူးစိကျန်သည် မိမိ၏စကားကို လူထူးလူဆန်းသုံးယောက်က ယုံကြည်နေသည်ဟု ထင်မှတ်နေသောကြောင့် ဖြစ်၏။

ထိုစဉ် ..

လောင်အော့က နှုတ်ခမ်းမဲ့ကာ....

'ဟိဟိ သူ့ကိုယ်သူ ကို့စီရှန့်တဲ့၊ ကို့အမျိုးအနွယ်မှာ ကို့စီရှန့်လို့မကြားဖူးဘူး၊ ကို့ကျီရိပဲသိတယ်'

လောင်စန်းက....

'ဟုတ်လား၊ ကို့ကျီရိက ဘယ်လိုလူစားလဲ'

လောင်အော့က....

'ဆိုးယန့်က ကို့အမျိုးအနွယ်ရဲ့ သံခါးတောင်ခြံထဲက လူစွမ်းကောင်းပဲ'

လောင်တက ခေါ်သံဖြင့်....

'ဟေ့ မသိရင် မပြောနဲ့၊ သူ့အမေမှုပဲ'

လောင်အော့က ကပျာကယာ
'ဆရာက မှာထားတယ်၊ မဆဲရ'
ဟု ဝင်ပြောလိုက်၏။
လောင်တက 'ဟီး'ခနဲ တစ်ချက် ရယ်မောလိုက်ပြီး-
'အဲ ကို့ကျိရိ ဘယ်သူဆိုတာကို လွန်ခဲ့တဲ့ ရှစ်နှစ်က ငါတို့ရဲ့ ဆရာက ကျုံချူမှာနေတုန်း ပြောခဲ့တယ် မဟုတ်လား၊ သူက ဒန်ခေတ်က လူစွမ်းကောင်းဆိုတာ'
လောင်အော့က ဦးခေါင်းညိတ်ကာ....
'ဟုတ်တယ် ဟုတ်တယ်၊ သူက ဒန်ခေတ်က လူစွမ်းကောင်းကြီးပဲ'
လောင်စန်းက....
'ဒါဖြင့် သူက ဒီခေတ်ရဲ့ လူယုတ်မာပေါ့'
လောင်တက....
'ဒီလူက အရင်တုန်းက ကို့အမျိုးအနွယ်မဟုတ်ဘူး၊ ဆူးစိကျန်လို့ခေါ်တယ်၊ နတ်မင်းလေးပါးအဖွဲ့ချုပ်ပဲ'
လောင်အော့က အေးစက်မာကျောစွာ တစ်ချက်ရယ်မောလိုက်ပြီး....
'အင်း ဆရာပြောဖူးတယ်၊ နတ်မင်းလေးပါးအဖွဲ့မှာ လူကောင်းတစ်ယောက်ပဲ ရှိခဲ့ဖူးတယ်တဲ့'
လောင်တက ဦးခေါင်းညိတ်ရင်း....
'ဟုတ်တယ်၊ ရွှေလေးအရိပ်မဲ့မြားကျောက်လီယောင်ပဲ၊ ဆူးစိကျန် အရင်က နတ်မင်းလေးပါးရဲ့ အဖွဲ့ချုပ်ပေါ့'



လောင်အော့က
'ဒါပေမယ့် ဒီလူက လူပေါင်းမှားပြီး နာမည်ပျက်ခဲ့ရတယ်၊ ပြီးတော့ လူယုတ်မာရဲ့ လက်ချက်နဲ့ သေရတယ်လို့လဲ ဆရာက ပြောတယ်'
လောင်တက ဦးခေါင်းညိတ်ကာ
'ဟုတ်တယ်'
လောင်စန်းဟာ မျက်မှောင်ကုပ်ရင်း
'အဲဒီလူယုတ်မာက ဘယ်သူလဲ'
လောင်တက
'ဒါပြောဖို့လိုသေးလား'
လောင်စန်းက
'မင်းမပြောရင် ငါဘယ်သိမလဲ'
လောင်တက
'ဆူးစိကျန်ဆိုတဲ့လူပေါ့'
လောင်အော့က အေးစက်စွာ တစ်ချက်ပြုံးရင်း
'ဟာ ဒါဆို သူ့ကို အရှင်ထားလို့ ဘယ်ဖြစ်မလဲ'
ဟုပြောလိုက်၏။
ထိုလူထူးလူဆန်းသုံးယောက်သည် စကားကိုအဆက်မပြတ်ပြောနေသကဲ့သို့ ဆူးစိကျန်ကိုလည်း အဆက်မပြတ် တိုက်ခိုက်နေ၏။

ဆူးစိကျန်သည် ထိုလူထူးလူဆန်းသုံးယောက် တိုက်ခိုက်မှုကို မျက်ခြည်မပြတ် ရှောင်တိမ်းနေသည့်ကြားမှပင် လက်သီးနှစ်ချက် အထိုးခံလိုက်ရသည်။

ဆူးစိကျန်၏ ပါးပြင်သည် တစ်ခဏချင်းပင် ရောင်ကိုင်းလာ၏။ ရွှေသွား သုံးချောင်း နဲ့သွား၏။ ညာဘက်ကိုယ်တစ်ခြမ်းလုံး ထုံကျဉ်ကာ ညာလက်ကို လှုပ်ရှား၍ မရအောင်ပင် ဖြစ်သွား၏။

အကယ်၍သာ

ဆူးစိကျန်သည် ထို လူထူးလူဆန်း သုံးယောက်နှင့် ဆက်လက်ယှဉ်ပြိုင်ပါက ဆူးစိကျန်၏ ကိုယ်ခန္ဓာတစ်ခုလုံးသည် သံဖြင့်ပြုလုပ်ထားသည့်တိုင် သံတိုသံစများဖြစ်သွားမည်မှာ မလွဲချေ။

ထိုစဉ်....

ရုတ်တရက် ကျောက်တုံးပေါ်၌ ထိုင်နေသော သိုင်းသမားကြီးပိန်း၏ လည်ပင်းပေါ်သို့ ဓားတစ်ချောင်း ကျရောက်လာကာ တစ်ပြိုင်နက်တည်း

'လက်ရပ်'

ဟု အော်ဟစ်သံ ပေါ်ထွက်လာလေ ဘော့သည်။

× × ×

နီရဲသောသွေးများက သိုင်းသမားကြီးပိန်း၏ လည်ပင်းမှ စီးကျလာ၏။



သံမဏိရောင်လက်သော ဓားတစ်လက်က သိုင်းသမားကြီးပိန်း၏ လည်ပင်းပေါ်သို့ တဖြည်းဖြည်း ထိကျလာ၏။

တစ်ဘက်လူက အနည်းငယ် ထပ်မံ၍ အားစိုက်ထုတ်လိုက်သည်နှင့် သိုင်းသမားကြီးပိန်း၏ လည်ပင်းမှ သွေးကြောများပြတ်မည်မှာ ကေန်ဖြစ်၏။

ယင်း သံမဏိဓားပိုင်ရှင်သည် အစိမ်းရောင်ဝတ် လူရွယ်တစ်ယောက်ဖြစ်၏။

အရပ်ပု၍ ပိန်သော်လည်း လက်ဆထုတ်ရာ၌ လျှပ်စစ်ကဲ့သို့ လျင်မြန်တိကျ၏။

အရုပ်ဆိုးသော မျက်နှာမဟုတ်သော်လည်း ကြောက်စရာကောင်း၏။

လှုပ်ရှားမှုက ပိရိကာ လျင်မြန်၍ မည်သူမျှ သတိမထားမိစဉ်မှာပင် သူ၏ဓားက သိုင်းသမားကြီးပိန်း၏ လည်ပင်းပေါ်သို့ ကျရောက်လာခဲ့ခြင်းဖြစ်၏။

ထိုလူက အေးစက်မာကျောသော လေသံဖြင့်

'အဖွဲ့ချုပ်ကို လွှတ်လိုက်ပါ၊ ကျုပ်စကားကို မနာခံဘူးဆိုရင်တော့ သိုင်းသမားကြီးပိန်းရဲ့အသက် ဆုံးရှုံးရလိမ့်မယ်'

ဟု ခြိမ်းခြောက်လိုက်၏။

လောင်တက မျက်မှောင်ကြုတ်ကာ

'နေပါဦး မင်းကဘယ်သူတုံး'

အစိမ်းဝတ်လူရွယ်က

'နတ်မင်းလေးပါး အဖွဲ့ခွဲ (၆) ရဲ့ ဌာနခွဲမှူး ထန်ဝူထုံးပါ'

လောင်တက နှုတ်ခမ်းမဲ့ကာ

'သူ့အမေမှပဲ'

လောင်အော့က ကပျာကယာဝင်၍

'ဆရာကမှာထားတယ်'

လောင်အော့၏စကားမဆုံးမီ လောင်စန်းက ဝင်ရောက်၍ လောင်အော့၏စကားကို အဆုံးသတ်ပေးလိုက်၏။

'မဆဲရ'

လောင်တက မျက်မှောင်ကုပ်ကာ

'ငါနားလည်တယ်၊ ငါမဆဲသေးဘူး'

ဟု လောင်အော့နှင့် လောင်စန်းတို့ကို လှည့်ပေါက်လိုက်သည်။

ပြီးမှ လောင်တသည် အစိမ်းဝတ်လူရွယ်အား....

'မကောင်းမှု လုပ်တဲ့လူကို ဆက်ပြီး မကောင်းမှု လုပ်နိုင်အောင် မင်းကအသေခံပြီး ကယ်မယ်ဆိုရင် ငရဲပြည် ရောက်အောင် မိုက်တဲ့လူတွေထဲမှာ မင်းက နံပါတ်တစ်ပဲ'

ထန်ဝူထုံးက မပြုံးမရယ်ဘဲ အေးစက်သော လေသံဖြင့်....

'အပိုပြောမနေနဲ့၊ မင်းတို့အဖွဲ့ချုပ်ကိုလွှတ်မလား၊မလွှတ်ဘူးလား'

လောင်တက ဦးခေါင်းခါယမ်းကာ

'မင်းက သိုင်းသမားကြီးပိန်းကို လွှတ်လိုက်၊ ဒါမှမဟုတ်ရင် ဆူးစိကျုန်ရဲ့အသက် ဆုံးရှုံးရလိမ့်မယ်'

လောင်တ၏စကားကြောင့် ထန်ဝူထုံးသည် အနည်းငယ် စဉ်းစားရကျပ်သွား၏။



မိမိက ထိုလူသုံးယောက်ကို ခြိမ်းခြောက် ခဲ့၏။

ယခု ထိုလူသုံးယောက်က မိမိကိုပြန်၍ ခြိမ်းခြောက်၏။

ထန်ဝူထုံးက နှုတ်ခမ်းတစ်ချက် ကိုက်လိုက်ပြီး

'ကျုပ်တကယ်ပြောတာ၊ ခင်ဗျားတို့ ကျုပ်စကား နားမထောင်ရင် သိုင်းသမားကြီးပိန်း သေလိမ့်မယ်'

လောင်တက

'သူ့အမေ'

ဟု စကားကိုဆုံးအောင်မပြောဘဲ ရပ်တန့်လိုက်ပြီးလောင်အော့နှင့် လောင်စန်းကို တစ်ချက်ကြည့်လိုက်၏။

ပြီးမှ ထန်ဝူထုံးကိုကြည့်ကာ

'ဘယ်သူက အသကားပြောနေလို့လဲ၊ မင်းကငါ့စကားကို နားမထောင်ရင် ဆူးစိကျုန်ရဲ့ အလောင်းပဲ မင်းရမယ်'

ထန်ဝူထုံးက...

'ခင်ဗျားအရင်လွှတ်'

လောင်တက...

'မဖြစ်ဘူး၊ တကယ်လို့ ငါကဆူးစိကျုန်ကို လွှတ် လိုက်ရင် ငါတို့ရှုံးပြီလို့ ဝန်ခံတာနဲ့ အတူတူပဲ၊ မဖြစ်နိုင်ဘူး'

လောင်အော့က ဦးခေါင်းညိတ်ကာ....

'ဟုတ်တယ်၊ ဆရာကငါတို့ကို တည်ကြည်မှုရှိရမယ်လို့ အမြဲ သွန်သင်ဆုံးမခဲ့တယ်၊ မဖြစ်နိုင်တဲ့ အလုပ်ကို လျှော့ပြီး လုပ်ရမယ်လို့လဲ မှာထားတယ်၊ ဒါကြောင့် မင်းကအရင်လွှတ်ပါ'

ဟု ဝင်ရောက်ပြောလိုက်၏။

လောင်စန်းကလည်း—

'မင်းက အရင်လွှတ်ရမှာ မခဲယဉ်းဘူး၊ သိုင်းသမားကြီးပိန်းရဲ့ လည်ပင်းပေါ်က ဓားကို ဖယ်လိုက်ရုံပဲ၊ ဒါမှ မဟုတ်ရင်လဲ မင်းက သိုင်းသမားကြီးပိန်းကို သတ်လိုက်ပေါ့၊ ပြီးမှ ဆူးစိကျုန်ရဲ့အလောင်းကို ထမ်းသွားပေါ့'

ထန်ဂူထုံးသည် မည်သို့ ပြုလုပ်ရမှန်း မသိအောင်ပင် ဦးနှောက် ခြောက်သွားလေသည်။

သူသည် နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး

'မင်းတို့အရင်လွှတ်'

လောင်တက....

'မင်း အရင်လွှတ်'

ထန်ဂူထုံးက....

'မင်း အရင်လွှတ်'

သူအရင်လွှတ် ငါအရင်လွှတ်ဖြင့် အတန်ကြာအောင်ပြောဆိုနေကြသော်လည်း မည်သူကမျှ အရင်လွှတ်ပေးခြင်း မရှိခဲ့ချေ။

အချိန်ကြာသည်နှင့်အမျှ ထန်ဂူထုံး ချွေး ပြန်လာ၏။

ထန်ဂူထုံးသည် မျက်နှာပျက်လာပြီးမည်သို့ဆုံးဖြတ်ရမှန်း မသိအောင်ပင် အခက်တွေ့နေ၏။

ထိုစဉ် ရုတ်တရက်

ဆူးစိကျုန်ကစိတ်မရှည်စွာဖြင့် ထန်ဂူထုံးအားအော်ငေါက်လိုက်လေ၏။



'ငတုံး သူတို့ကလွှတ်ပေးမယ်လို့ပြောပြီပဲ၊ မင်းက ဘာလို့ သိုင်းသမားကြီးပိန်းရဲ့လည်ပင်းက ဓားကို မရုပ်ရသေးတာလဲဟင်း၊ နတ်မင်းလေးပါး အဖွဲ့ချုပ်တော့ မင်းကြောင့် နာမည်ပျက်ပြီ'

ထန်ဂူထုံးသည် ဆူးစိကျုန်၏ စကားကိုကြားမှ တုံ့ဆိုင်း၍မနေဘဲ မိမိ၏ဓားကို ပြန်လည် ရုပ်သိမ်း လိုက်၏။

သို့သော်

သိုင်းသမားကြီးပိန်းသည် သွေးထွက် လွန်နေပြီ ဖြစ်ရာ ထန်ဂူထုံး၏ဓားကို လည်ပင်းမှ ရုပ်သိမ်းလိုက်သည်နှင့် သိုင်းသမားကြီးသည် မြေပေါ်သို့ လဲကျ သွားလေတော့၏။

ထိုအချိန်အတွင်းမှာပင်

လောင်တာ၏ လက်သီးတစ်ချက်က ဆူးစိကျုန်၏ဝမ်းဗိုက်သို့ ထိုးလိုက်၏။

သို့ဖြင့်၍

ဆူးစိကျုန်သည် ဝမ်းဗိုက်ကို အထိုး ခံလိုက်ရသဖြင့် ခါးကုန်း၍သွားစဉ် လောင်စန်းက ညာခြေဖြင့် ဆူးစိကျုန်၏ တင်ပါးသို့ ကန်လိုက်၏။

'ဖုန်း'

ဟူသော အသံနှင့်အတူ ဆူးစိကျုန်သည် ထန်ဂူထုံးရှေ့သို့ လွင့်ကျသွားလေတော့၏။

ထန်ဂူထုံးက ကပျာကယာ ထူမလိုက်ရ၏။

ဆူးစိကျုန်က ထန်ဂူထုံး၏လက်ကို ဆုပ်၍ အားပြုရပ်ရင်း....

'ညီလေးထန်၊ မင်း ကျုပ်အသက်ကို ကယ်တာပဲ' ဟု မောဟိုက်သောလေသံဖြင့် ပြောလိုက်၏။

ထန်ဝူထုံးက ဆူးစိကျန်ကို ဂရုတစိုက် ထူမရင်း....

'အဖွဲ့ချုပ်ကို အခုလို ကယ်ခွင့်ရတာပဲ ကျွန်တော် ဝမ်းသာ မဆုံး ဖြစ်ရပါတယ်'

ဆူးစိကျန်က–

'ညီလေးထန်ရဲ့ ကျေးဇူးကို တစ်နေ့ပြန်ဆပ်ပါ့မယ်'

ထန်ဝူထုံးက ဦးခေါင်းကို လျင်မြန်စွာခါယမ်းလိုက်ပြီး–

'ကျေးဇူးတင်ရမယ့်လူ မဟုတ်ပါဘူး'

ထိုစဉ်....

လောင်တက မာကျောသောလေသံဖြင့်....

'ဘယ်လိုလဲ၊ ဒီနေရာကမခွာရက် ဖြစ်နေသလား'

ဟု မေးလိုက်၏။

ဆူးစိကျန်၏ မျက်နှာသည် ရုတ်တရက် ဖြူဖွေး၍ သွားပြီး လူထူးလူဆန်း သုံးယောက်ကို တစ်ချက် ဝေ့ကြည့်လိုက်သည်။

ပြီးမှ သူ၏လက်နှစ်ဘက်ကို ဆုပ်ကာ–

'လူကြီးမင်း သုံးယောက်ရဲ့ သနားကရုဏာ ထားတာကို ကျုပ် တစ်သက်မမေ့ပါဘူး၊ ကျေးဇူးလဲတင်ပါတယ်၊ ဒါ ထက် စကားမစပ် လူကြီးမင်း သုံးယောက် ဘယ်သူဘယ်ဝါ ဆိုတာ သိပါရစေ'

ဟု မေးလိုက်၏။

လောင်တက တစ်ချက်ရယ်မောလိုက်ပြီး....

၀၆ ၈၁ ၆၀



'အိုဟိုး၊ လက်စသတ်တော့ ကျုပ်တို့ ရှာ[illegible]သူဆိုတာ မင်း မသိသေးဘဲကိုး၊ ဒါကြောင့် မင်းခံရတာ' ဟု ပြောလိုက်၏၊

လောင်အော့က တဟဲဟဲရယ်မောကာ....

'မှတ်ထားပါ၊ ကျုပ်တို့က အဖေတူ အမေကွဲ ညီအစ်ကို အရင်းတွေပဲ'

လောင်စန်းက ဦးခေါင်းညိတ်ကာ–

'ဟုတ်တယ် ဟုတ်တယ်၊ ငါတို့က အဘိုးတူ အဘွားတူ ညီအစ်ကိုတွေ'

ဆူးစိကျန် မျက်လုံးပြူးသွား၏။ မိမိသိချင်တာ တခြား အဖြေက တခြားဖြစ်နေသည် မဟုတ်ပါလား။

သို့ဖြင့်...

ဆူးစိကျန်က ပြုံးလိုက်ရင်း–

'ဟို လူကြီးမင်းကို့ရဲ့'

လောင်တက လက်ကာပြရင်း–

'ကျုပ်တို့ ဘာအမျိုးအနွယ်ဆိုတာတော့ လွန်ခဲ့တဲ့ နှစ် ပေါင်း သုံးဆယ်ကတည်းက မေ့သွားပြီ'

လောင်အော့က....

'ငါတို့ကလေးဘဝကစပြီး သိုင်းလောကထဲကမှာ ငါတို့ မရောက်ဖူးတဲ့နေရာ မရှိဘူး'

လောင်စန်းက–

'ဟုတ်တယ် ဟုတ်တယ်၊ နောက်တော့ ငါတို့ခြေရာတွေ ငါတို့ ပြန်နင်းမိအောင်ကို အနှံ့ ရောက်ဖူးတယ်'

ဆူးစိကျန်က တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်၏။

လောင်တက လက်ကာ၍ပြရင်း-

'ငါတို့ ရှောင်လင်ဘုန်းကြီးတစ်ပါးနောက် လိုက်ပြီး သိုင်းလောကမှာခြေဆန့်တာတုံဟိုင်ကဘီလူးနှစ်ကောင် ကျွန်းကို ရောက်တယ်၊ ရှောင်လင်ဘုန်းကြီးက သိုင်းပညာ သိပ်တော်တယ်၊ တစ်ချိန်က ချိနန်မှာ တိရစ္ဆာန်ဆယ့်နှစ်ယောက် သတ်ခဲ့တယ်'

ဆူးစိကျန်ကဲ-

'တိရစ္ဆာန် ဆယ့်နှစ်ကောင်ပါ'

လောင်အော့က-

'မင်းဘာသိလို့လဲ၊ တိရစ္ဆာန် ဆယ့်နှစ်ယောက်ကွ၊ ဘီလူးနှစ်ကောင် ကျွန်းက လူသတ်သမား ဆယ့်နှစ်ယောက်ကို ပြောတာ၊ သူတို့ကိုယ်သူတို့ ကြက်၊ ဝက်၊ နွား ဆိုပြီးတော့ ဆယ့်နှစ်ရာသီခွင်က တိရစ္ဆာန် နာမည်ပေးထားတာ၊ ဒါကြောင့် တိရစ္ဆာန် ဆယ့်နှစ်ယောက်လို့ပြောတာ'

ဆူးစိကျန် ပါးစပ်ပိတ်သွား၏။

လောင်အော့က ဆက်၍-

'ငါတို့ရဲ့ ရှောင်လင်ဘုန်းကြီးက တိရစ္ဆာန် ဆယ့်နှစ်ယောက်ကို သုံးမပြီးတော့ ဘီလူးနှစ်ကောင် စီခုံးကျင်းနဲ့ စီခုံးဆားတို့က သူတို့လာပြီး အကြွေးမတောင်းခင် သူက ဘီလူး နှစ်ကောင် ကျွန်းကို ကိုယ့်စရိတ်နဲ့ ကိုယ်သွားပြီး စာရင်းရှင်းတယ်'



ဆူးစိကျန်၏ ပိတ်နေသောပါးစပ် ဟသွား၏။

ထိုလူထူးလူဆန်းသုံးယောက်ပြောသော ရှောင်လင်ဘုန်းကြီး ဆိုသည်မှာ ရှောင်လင်ကျောင်းမှ ထုတ်ပယ်ထားသော ချန်ရယ် ဆရာတော်ဖြစ်မည်ဟု ယခုမှ တွေးမိသဖြင့် အံ့အားသင့်ကာ ပါးစပ် ဟသွားခြင်း ဖြစ်၏။

ချန်ရယ် ဆရာတော်၏ လုပ်ရပ်များက ထူးဆန်း၏။

သို့ဖြစ်၍...

တစ်ချိန်က သူ၏ အမည်ကို သိုင်းလောကသားတိုင်း သိကြ၏။

ဆူးစိကျန် တွေးနေစဉ်မှာပင် လောင်တက ဆက်ပြော၏။

'ကျွန်းပေါ် ရောက်တော့ ထောင်ချောက်ထဲကျပြီး ပျံလွန်တော်မူတယ်'

လောင်စန်းက တစ်ချက် ရယ်မောလိုက်ရင်း

'ဟိ ဟိ... ငါတို့လဲ တစ်ခါတည်း အချုပ်သားဘဝရောက်တာပေါ့'

လောင်အော့က

'ကျွန်းပေါ်က အချုပ်ခန်းက မှောင်မည်းပြီးနံလိုက်တာ၊ တွေးမိရင်တောင် အန်ချင်တယ်၊ တကယ်ပဲ'

လောင်စန်းက....

'သုံးရက်ဆက်တိုက် အစာ ငတ်ခဲ့ရဘယ်၊ အဲ လေးရက်မြောက်နေ့မှာ အချုပ်ခန်းတံခါး ပွင့်လာပြီး ငါတို့ကို ဓား တစ်ချောင်းနဲ့ ကျောက်ပြားတစ်ချပ် ပေးတယ်'

လောင်တက....

‘ဒါနဲ့ ငါက စားစရာနဲ့ရေ ဘယ်မှာလဲလို့မေးတော့ ဘာပြန်ပြောသလဲ သိလား’

ဟု ဆူးစိကျန်ကို ရုတ်တရက် မေးလိုက်၏။

ဆူးစိကျန်က မျက်လုံးပြူးကာ ဦးခေါင်း ခါယမ်းပြ၏။

လောင်အော့က ဆူးစိကျန်အား....

‘မင်း တော်တော်တုံးတဲ့ လူပဲ၊ ဒါတောင် မသိဘူးလား’

လောင်စန်းက—

‘လောင်အော့.... ကျွန်းပေါ်မှာ အချုပ်ခံရတာက သူမှ မဟုတ်ဘဲ၊ ဘယ်သိပါ့မလဲ’

ဟု ဝင်၍ ပြောလိုက်၏။

လောင်အော့က ဦးခေါင်းညိတ်ကာ

‘ဪ— ဟုတ်သားပဲ’

လောင်တက တစ်ချက်ပြုံးပြီး

‘အချုပ်ခန်းထဲမှာ ငါတို့ သုံးယောက်ရှိတယ်၊ ပြီးတော့ ဓားရပြီ၊ စားစရာအသား လိုသေးလားတဲ့၊ ပြီးတော့ သွေးက ရေငတ်ပြေပါတယ်တဲ့၊ ဟင်း ဟင်း၊ လက်စသတ်တော့ ငါတို့ကို ကိုယ့်အသားကိုယ်လှီးစားခိုင်းတာ’

လောင်အော့က ဦးခေါင်းမော့၍ ဝင့်ကြွားသော အမူအရာဖြင့်

‘ငါတို့က လူပဲ၊ ဒီလို တိရစ္ဆာန်အလုပ်မျိုး မလုပ်ဘူး’



လောင်စန်းက

‘ဟုတ်တယ်- ဟုတ်တယ်- ငါတို့ အစာငတ်ပြီး သေမယ့်နေ့ကို မျက်လုံးဖွင့်ပြီး စောင့်ခဲ့တယ်’

လောင်တက ပြုံးရယ်ကာ

‘အင်း-မကြာပါဘူး၊ အပြင်ဘက်က တိုက်ခိုက်တဲ့ အသံကြားရပြီး အရပ်မြင့်မားပြီး ခန့်ညားတဲ့ လူတစ်ယောက်က မျက်လုံးတစ်ဘက်တည်းရှိတဲ့ လူကိုဖမ်းပြီး အချုပ်ခန်းထဲ ဝင်လာတယ်၊ ပြီးတော့ ငါတို့ကို လွှတ်ပေးတယ်’

လောင်စန်းက

‘အဲဒီလူက နောက်တော့ ငါတို့ရဲ့ ဆရာ ဖြစ်လာတယ်’

လောင်အော့က

‘ဟုတ်တယ်၊ သူ့နာမည်က ကောင်းအိကျုံးတဲ့၊ လူတွေက ပင်လယ်နတ်လို့ ခေါ်ကြတယ်’

လောင်တက

‘သူဟာ ရဲတင်းဖျတ်လတ်ပြီး သိုင်းပညာ တော်တယ်၊ တုံဟိုင်က ပင်လယ်နဂါးကျွန်းကို ပိုင်တယ်’

လောင်စန်းက ရယ်မောလိုက်ပြီး

‘သူ့ရဲ့တပည့်ဖြစ်တဲ့ ငါတို့သိုင်းပညာကိုကြည့်ရင် မပြောဘဲနဲ့ မင်း သိဖို့ကောင်းပြီ’

ဟု ဝင်ရောက်ပြောလိုက်၏။

လောင်အောက တဟဲဟဲ ရယ်မောရင်း ဝင့်ကြွားသော အသံဖြင့်

'ဒါကြောင့်လဲ ငါတို့ကို လူတွေက ပင်လယ်နဂါးကျွန်းက နဂါးသုံးကောင်လို့ ခေါ်ကြတယ်'

လောင်စန်းက

'အမှန်တော့ ငါတို့ကို တကယ်တမ်း သိကြတာ ကျုံဝမ်းက မှော်ဆရာကြီးသုံးယောက်လို့ သိကြတာ၊ ဒါကြောင့် အဖွဲ့ချုပ် ဆူးစိကျန် အနေနဲ့ ကျုပ်တို့ကို အရှုံး ပေးရတာ ရှက်စရာ မရှိပါဘူး'

ဟု ဝင်ရောက်ပြောလိုက်၏။

လောင်စန်း၏ စကားက ဆူးစိကျန်ကို ဒေါသဖြစ်စေ၏။ သို့သော် ဆူးစိကျန်သည် ဒေါသကို ရင်ထဲ၌ သိမ်းထားလိုက်ပြီး နှုတ်ခမ်းတစ်ချက်ကိုက်ကာ....

'မှော်ဆရာကြီးသုံးယောက်အနေနဲ့ ဘယ်အမျိုးအနွယ်ဆိုတာ မေ့ပေမယ့် အမျိုးအနွယ်နောက်က နာမည်တော့ရှိမှာပေါ့'

လောင်တက တစ်ချက်ပြုံး ကြ်ပြီး....

'ဒါပေါ့၊ ငါက မှော်ဆရာကြီးသုံးယောက်ရဲ့ ခေါင်းဆောင်ပဲ၊ လက်သီးသိုင်း ခုနစ်ဆယ့်နှစ်မျိုး အထူးကျွမ်းကျင်တယ်၊ လက်ဝါးသိုင်း(၁၀၈)မျိုးမှာ ဘယ်သူမှ ငါ့ကို မမီဘူး၊ သွေးကြောတောက်တဲ့ နေရာမှာ လက်ချောင်းစင်၊ ဓားသိုင်းမှာ ပြိုင်ဘက်ကင်းတယ်၊ ငါအမုန်းဆုံးက ဝါကြွားတဲ့ လူပဲ'



ဟု ပြောလိုက်၏။

သို့သော်....

လောင်တ၏စကားထဲ၌ မည်သည့်နာမည်မျှ မပါဝင်ချေ။

ကိုယ်ရည်သွေးသော စကားများသာ ဖြစ်၏။

ဆူးစိကျန်သည် အောင့်အည်း နားထောင်နေရာမှ

'ဟင်....နာမည်လဲ မပြောပါလား'

လောင်တက မျက်မှောင်ကုပ်လိုက်ပြီး....

'အင်း... ဒီလောက် ဗဟုသုတနည်းတဲ့လူက နတ်မင်းလေးပါးအဖွဲ့ချုပ်ဖြစ်တာအံ့သြစရာပဲ၊ ငါလိုတော်တဲ့လူတစ်ယောက်ကို မင်းမသိတာ အံ့ပါရဲ့၊ မှတ်ထား ငါ့နာမည် ကျိကျိ'

လောင်အောက....

'ငါက လင်လင်'

လောင်စန်းက....

'ငါက ရှုံရှုံ'

ဆူးစိကျန်က သွားဖြဲ၍ ပြုံးပြကာ လက်နှစ်ဘက်ဆုပ်ရင်း....

'လက်စသတ်တော့ ကျိကျိ၊ လင်လင်၊ ရှုံရှုံ ဆိုတဲ့မှော်ဆရာကြီးတွေကိုး'

ဟု ပြောလိုက်၏။

လောင်တ၊ လောင်အောနှင့် လောင်စန်းတို့က ပြိုင်တူ ခေါင်းညိတ်ပြ၏။

ဆူးစိကျန်က ပြုံး၍—

'လူကြီးမင်းတို့ရဲ့ ကျေးဇူးကိုကျုပ်တစ်သက်မမေ့ပါဘူး၊ တစ်နေ့ပြန်ဆပ်ပါ့မယ်'

ဟု ပြောကာ ထိုနေရာမှ ထွက်ခွာသွားတော့၏။

ဆူးစိကျန်နောက်မှ ထန်ဝူထုံးကလည်း လိုက်ပါသွားလေ၏။

လောင်စန်းက ရယ်မောလိုက်ပြီး....

'ဗျို့ အဖွဲ့ချုပ်ဆူး၊ နောက်အားရင်လဲ လာပြီးအရိုက်ခံပါဦး'

ဟု အော်ပြောလိုက်လေသည်။

လောင်စန်း၏ စကားကို ဆူးစိကျန် ကြားလိုက်ရ၏။

ဆူးစိကျန်၏ ရင်ထဲ၌ ဒေါသဖြစ်သော်လည်း အောင့်အည်းသည်းခံကာ မကြားဟန်ပြု၍ ထွက်ခွာလာခဲ့လေတော့သည်။

× × ×

တစ်ဆစ်ချိုးအကွေ့ကို ကျော်လွန်သောအခါ ဆူးစိကျန်သည် နောက်သို့ မသိမသာ လှည့်ကြည့်လိုက်၏။



မှော်ဆရာကြီးသုံးယောက်ကို မမြင်ရသောသောအခါ ဆူးစိကျန်သည် ရုတ်တရက် ခါးကုန်းလိုက်ပြီး မြေပေါ်သို့ ဒူးထောက်ချလိုက်၏။

သူ၏ မျက်နှာသည်လည်း နာကျင်ဟန်ဖြင့် ရှုံ့မဲ့နေလေ၏။

ထန်ဝူထုံးက ရင်ထိတ်သွားပြီး ဆူးစိကျန်အား ပျာပျာသလဲ မေးလိုက်၏။

'အဖွဲ့ချုပ် မသက်သာဘူးလား'

ဆူးစိကျန်က နာကျင်၍ ရှုံ့မဲ့နေသော မျက်နှာဖြင့် ထန်ဝူထုံးအား တစ်ချက်မော့ကြည့်လိုက်ပြီး....

'ကျုပ်က ရိုပေသိုင်းလောကမှာ ထင်တိုင်းကြဲနိုင်တဲ့ လူတစ်ယောက်ပဲ၊ ဒီရောက်မှမထင်မှတ်ဘဲ ခံလိုက်ရတာ လူကြားလို့တောင်မကောင်းဘူး'

ထန်ဝူထုံးက....

'အနိုင်အရှုံးဆိုတာတော့ ရှိစမြဲပဲပေါ့၊ အဖွဲ့ချုပ်ဘစ်ယောက်တည်းကို ဒီအရူးသုံးယောက်က ဝိုင်းတိုက်လို့ ခံရတာ ရှက်စရာမဟုတ်ပါဘူး'

ဆူးစိကျန်က ဦးခေါင်းခါယမ်းပြရင်း....

'ကျုပ်တစ်ယောက်တည်း ဖြစ်တာထားတော့၊ ဒီအရူးသုံးယောက်ကလဲ သိုင်းလောကမှာ နာမည်ကျော်မဟုတ်ဘူး၊ ကောင်းအိကျုံးရဲ့ တပည့်အရူးသုံးယောက်ပဲ'

'အင်း....ဒီသတင်းသာ ပြန့်နှံ့သွားရင်တော့ ကျုပ်တို့ရဲ့ နတ်မင်းလေးပါးအဖွဲ့ကို ဖျက်သိမ်းရတော့မှာပဲ'

ထန်ဝူထုံးက....

'စိတ်ချပါ၊ ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော် တစ်ခွန်းမှမဟပါဘူး'

ဟု ကပျာကယာ ပြောလိုက်၏။

ဆူးစိကျန်က ဦးခေါင်းခါယမ်းလိုက်ပြီး....

'ထန်ဝူထုံး မင်းကို မယုံကြည်လို့ မဟုတ်ပါဘူး၊ မင်းက အထင်မလွဲပါနဲ့၊ မင်းဟာ ကျုပ်ရဲ့အသက်သခင်ပါ'

ထန်ဝူထုံးက ဦးခေါင်းကို ခါယမ်းပြကာ....

'အဖွဲ့ချုပ်က ကျွန်တော့်ကိုယုံကြည်တာကိုပဲ ဝမ်းသာလှပါပြီ၊ ကျေးဇူးတင်ဖို့ မလိုပါဘူး'

ဆူးစိကျန်က သက်ပြင်းတစ်ချက် မှုတ်ထုတ်ကာ

'ငါ့ရဲ့အသက်ကို ကယ်ခဲ့တဲ့ မင်းကိုမှကျေးဇူးတင်ကြောင်း မပြောရင် ဘယ်သူ့ကို'

ဟု စကားကို ဆုံးအောင်မပြောဘဲ တစ်ဝက်တစ်ပျက်နှင့် ရပ်တန့်လိုက်၏။

ထို့နောက်....

ဆူးစိကျန်သည် မျက်နှာတစ်ချက်ပျက်သွားပြီး ထန်ဝူထုံး၏ နောက်သို့ လှမ်းကြည့်ကာ အသံတုန်တုန်ယင်ယင်ဖြင့်

'ကောင်း ကောင်းအိကျုံး လာနေပြီ'

ဟု ပြောလိုက်၏။

ဆူးစိကျန်၏စကားကြောင့် ထန်ဝူထုံးသည် ရင်ထဲ၌တစ်ချက် ထိတ်လန့်ကာ နောက်သို့ လျင်မြန်စွာ လှည့်ကြည့်လိုက်မိ၏။



ထိုအချိန်ကလေး အတွင်းမှာပင် ဆူးစိကျန်၏လက်ထဲသို့ ဓားတိုတစ်ချောင်း ရောက်ရှိလာပြီး တစ်ဆက်တည်း မှာပင် ထန်ဝူထုံး၏ ညာဘက်နံရိုးအောက်သို့ ထိုးဖောက် ဝင်ရောက်သွားတော့၏။

ထန်ဝူထုံး၏မျက်နှာပေါ်တွင် မယုံကြည် နိုင်သော အမူအရာပေါ်လာပြီး ကျေးဇူးရှိမှ ကျေးစွပ်သည်ဟူသောစကား အဓိပ္ပာယ်ကို သဘောပေါက်လာ၏။

ထန်ဝူထုံးသည် အံ့ဩသော မျက်နှာ ဖြင့် ဆူးစိကျန်ကို ကြည့်လိုက်၏။

ဆူးစိကျန်၏ မျက်နှာပေါ်၌ နာကျင် နေသော အမူအရာ မတွေ့ရတော့ချေ။

ဆူးစိကျန်၏မျက်လုံးများကကျဉ်းကာ ကောက်ကျစ်စဉ်းလဲမှုကို မျက်လုံးသူငယ်အိမ်ထဲ၌ တွေ့ရ၏။

ဆူးစိကျန်က ကုန်းထားသောခါးကို ပြန်လည်မတ်လိုက်ရင်း....

'ကျုပ်ကို ကူညီလက်စနဲ့ ကူညီ တယ်လို့ပဲ သဘော ထားလိုက်ပါ'

ဟု ပြောလိုက်၏။

ထန်ဝူထုံးက ဆူးစိကျန်ကို မျက်လုံးပြူး၍ ယုံကြည်နိုင်သော အကြည့်ဖြင့် ကြည့်နေရာမှ

'မင်း....မင်း လူမှဟုတ်သေးရဲ့လား'

ဟု မေးလိုက်လေသည်။

ဆူးစိကျန်က ကောက်ကျစ်စဉ်းလဲစွာ ပြုံးရင်း...

'အရက်မူးရင် ကျွဲခိုးပေါ်တတ်တယ်၊ သေတဲ့လူက နွတ်လုံ့တယ်'

'နတ်မင်းလေးပါးအဖွဲ့အပေါ် အထင်သေး မခံရအောင်မင်းက ကယ်တင်လိုက်တဲ့ သဘောပါ'

ထန်ဝူထုံး အုံတစ်ချက်ကြိတ်ပြီး နာကြည်းစွာဖြင့်

'မှော်ဆရာကြီး သုံးယောက်က နွတ်လုံ့ပါ့မလား'

ဟု မေးလိုက်ပြန်၏။

ဆူးစိကျန်က အေးစက်စွာ တစ်ချက်ပြုံးကာ

'သူတို့က အရူးတွေပဲ၊ ဘယ်သူကယုံမှာလဲ'

ဟု ပြောလိုက်၏။

ထန်ဝူဆုံးက ဆူးစိကျန်ကို အေးစက်စွာပြုံး၍ ကြည့်ရင်း မြေပေါ်သို့ လဲကျ သွားလေတော့သည်။

*

## အခန်း (၂)

အောသယားမြို့။

လှပကျယ်ဝန်းသော မြို့တစ်မြို့မဟုတ်ပါ။

သို့သော်

သန့်ရှင်း သပ်ရပ်၍ တိတ်ဆိတ်သော မြို့ တစ်မြို့ ဖြစ်၏။

ပတ်ဝန်းကျင်၏ တောတောင်ရေမြေရှုခင်းများကရောက်ဖူးသူတိုင်းကို မပြန်နိုင်အောင် ဆွဲဆောင်ထား၏။

အောသယားမြို့၏ အရှေ့ မြောက်ဘက်၌ တောင် တစ်လုံးရှိပြီး တောင်ခြေ၌ သစ်တော ထူထပ်၏။

ယင်းတောင်ကို ကွေ့ပတ်၍ မြေလိမ်မြေကောက်သဖွယ် တောင်တက်လမ်းအတိုင်း တက်ခဲ့လျှင် တောင်၏အလယ်ခန့်၌ ဝါးထရံဖြင့် ကာရံထားသော တဲအိမ်လေး ငါးလုံးကို တွေ့ရမည် ဖြစ်၏။

ထိုတဲအိမ်များမှ အနောက် ဘက်သို့ ဆက်၍ သွားလျှင် တောင်ကျချောင်းတစ်ခုကို တွေ့မြင်ရမည်ဖြစ်၏။

အေးမြသော ချောင်းရေက တသွင်သွင်စီးဆင်းနေသဖြင့် မြင်ရသူတိုင်း၏ ရင်ကို အေးမြစေနိုင်သော အစွမ်းရှိ၏။

တသွင်သွင်စီးဆင်းနေသော ချောင်းရေစီးသံက သဘာဝ၏ တေးဂီတတစ်ခုသဖွယ် ကြားရသူတိုင်းကို နားဝင် ချိုစေသောအစွမ်းရှိ၏၊

ချောင်းရေစီးသံမှလွဲ၍ တိတ်ဆိတ်သော ပတ်ဝန်းကျင်၌ ကဗျာစာဆိုများအတွက် ဂဗျာလင်္ကာဖွဲ့ဆိုရန်အလွန်ကောင်းသောနေရာ ဖြစ်၏။

ဤနေရာ၌ အဖြူရောင်ဝတ်စုံ ဝတ်ဆင် ထားသော လူတစ်ယောက်သည် မကြာမကြာ ဦးခေါင်းကို ခါယမ်းရင်း နှုတ်မှလည်း တစ်စုံတစ်ရာအား ညည်းညူ၍ နေ၏။

အသံက တိုးလွန်း၍ ကဗျာတစ်ပုဒ်ကို ရွတ်ဆိုနေခြင်းလော၊ ကဗျာလင်္ကာတစ်ပုဒ် စပ်ဆိုနေခြင်းလော၊ သို့တည်းမဟုတ် တစ်စုံတစ်ခုသော အကြောင်းအရာအား ရေရွတ်နေခြင်းလော ဟူ၍ မည်သူမျှ သိနိုင်ကြမည် မဟုတ်ချေ။

ထိုစဉ် ...



ရုတ်တရက် ငြိမ့်ညောင်းသော တေးဂီတသံတစ်ခုက လေထဲ၌ လွင့်ပျံ့လာလေသည်။

ယင်းဂီတသံကို ကြားသည်နှင့် အဖြူရောင်ဝတ်စုံဝတ်ထားသော လူသည် ဆက်လက် ညည်းညူခြင်း မပြုတော့ဘဲ ဂီတသံကို တိတ်ဆိတ်စွာ နားထောင်နေ၏။

ယင်းဂီတသံသည် သူနှင့်ရင်းနှီးသော ဂီတသံဖြစ်၏။

ထို့ပြင် ယင်းဂီတသံသည် အောဝ့ယားမြို့၏ အကောင်းဆုံး တေးသီချင်း တစ်ပုဒ်လည်း ဖြစ်၏။

ယင်းတေးသီချင်းကို တီးခတ်သောစောင်းသမား၏ လက်သံသည်လည်း ထိုလူအတွက် စိမ်းမနေချေ။

ထို့ပြင် ဤလက်သံရှင်သည် အောဝ့ယားမြို့သာမက ကျုံဝမ်နယ်တစ်ခွင်လုံး ပြိုင်ဘက်ကင်းသော လက်သံရှင်ဖြစ်၏။

အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသူသည် အသက်သုံးဆယ်ဝန်းကျင်ခန့်ရှိပြီး မျက်ခုံးကောင်းသောလူဖြစ်ကာ ဥပမိရုပ်ခန့်ညား၏။

စောင်းသံကို ကြားသည်နှင့် ထိုလူ၏ မျက်နှာသည် ရွှင်လန်းလာ၏။

သူသည် အချိန်အဘန်ကြာအောင် စောင်းသံကို နားထောင်နေပြီးမှ မျက်နှာပေါ်တွင် အပြုံးတစ်ချက် ပေါ်ထွက်လာကာ ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

× × ×

အဖြူရောင်ဝတ်စုံရှင်သည် ချောင်းရိုးတစ်လျှောက် ဖြည်းညင်းစွာ လျှောက်လာ၏။

ချောင်းကလေးက အကွေ့အကောက်များသောချောင်း တစ်ခု မဟုတ်ပါ။

ချောင်းရိုးအတိုင်း အောက်ဘက်သို့ လျှောက်လာရာမှ တစ်ဆစ်ချိုး အကွေ့တစ်ကွေ့ နှစ်ကွေ့မျှ ကွေ့ပြီးနောက် ရေအိုင်တစ်ခုသို့ ရောက်ရှိလာ၏။

ရေအိုင်၏ပတ်ဝန်းကျင်သည် ထူးခြားသောကျောက်တုံးများ အထပ်ထပ်ရှိကာ ထိုကျောက်တုံးများ၏ တစ်ဘက်၌ ကြီးမားသော သစ်ပင်များက လှပသော ရှုခင်းကို ဖြစ်နေစေ၏။

ထို့ပြင် တောင်ကမ်းပါးယံ၌ တွဲလောင်းကျနေသော နွယ်ပင်များကလည်း ရှုခင်းကို ပို၍လှပစေ၏။

သို့သော်....

အဖြူရောင် ဝတ်စုံရှင်၏စိတ်ကိုပို၍ ဆွဲဆောင်သည့်မှာ ထို ရှုခင်းမဟုတ်ချေ။

တငြိမ့်ငြိမ့်ပေါ်ထွက်နေသော စောင်းသံပင် ဖြစ်သည်။

ထိုစောင်းသံက တစ်ပိုဒ်ပြီးတစ်ပိုဒ် တငြိမ့်ငြိမ့်ဖြင့် အဖြူရောင်ဝတ်စုံရှင်၏ ရင်ထဲသို့ တစိမ့်စိမ့် စီးဆင်းနေ၏။

စောင်းသံက နူးညံ့စွာ ပေါ်ထွက်သကဲ့သို့ပင်၊ စောင်းတီးခတ်နေသော သူကလည်း နုလှလွန်းသော မိန်းမပျိုလေး ဖြစ်၏။



ကြက်သွေးရောင် ဝတ်စုံက မိန်းမပျို၏အလှကို ပို၍ ပေါ်လွင်စေ၏။

ကြက်သွေးရောင် ဝတ်စုံက ကျယ်ဝန်း၍ ရှည်လျားသော်လည်း မိန်းမပျိုကလေး၏ ခန္ဓာကိုယ်အလှအပကို ဖုံးကွယ်နိုင်စွမ်း မရှိချေ။

ဖြူဖွေးသော အသားအရေနှင့် လိုက်ဖက်သော မျက်လုံး မျက်ဖန်က ပန်းချီဆွဲထားသကဲ့သို့ ထင်မှတ်ရပေသည်။

သူမသည် ညီညာသောကျောက်တုံးတစ်ခုပေါ်၌ စောင်းကို ပိုက်၍ တီးခတ်နေ၏။

သူမ၏ အမူအရာနှင့် စောင်းကြိုးပေါ်၌ ပြေးလွှားနေသော သူမ၏ သွယ်လျသည့်လက်ချောင်းကလေးများက အနုပညာ မြောက်သော ပန်းပုရုပ်တုနှယ် ထင်မှတ်မှားစေ၏။

စောင်းသံက တသွင်သွင်စီးဆင်းနေသော ချောင်းရေစီးသံနှင့် အတူ အတန်ကြာအောင် ပေါ်ထွက်နေပြီးမှ တဖြည်းဖြည်း တိုးညင်းကာ စောင်းသံရပ်သွား၏။

ထိုအချိန်ကျမှ အဖြူရောင်ဝတ်စုံရှင်သည် သက်ပြင်းတစ်ချက် ချလိုက်ပြီး ....

'ညီမမုရှာ၊ မင်းရဲ့စင်ရော်လမျှော်သီချင်းက သိပ်ကောင်းတာပဲ'

ဟု ချီးကျူးလိုက်၏။

ကြက်သွေးရောင် ဝတ်စုံရှင် မိန်းမပျိုက ကျောက်တုံး ပေါ်မှ ထကာ အဖြူရောင်ဝတ်စုံရှင်အား ပြုံး၍ကြည့်ရင်း....

'ဒါပေမယ့် ဒီသီချင်းက အချိန်အခါနဲ့ မကိုက်ညီဘူး၊ ဒီလကို မြင်ရဖို့ အနည်းဆုံးရက်ပေါင်း တစ်ရာလောက် စောင့်စောင့်ရဦးမယ်'

အဖြူရောင်ဝတ်စုံရှင်က တိုးညင်းစွာ တစ်ချက်ရယ်မောကာ…

'ရက်တစ်ရာဆိုတာ မများပါဘူး၊ စိတ်ထဲကသာ ပါမယ်ဆိုရင် ရက်ပေါင်းထောင်ချီပြီး စောင့်ရလဲ စောင့်မှာပဲ'

အဖြူရောင်ဝတ်စုံရှင်၏ စကားကြောင့် ကြက်သွေးရောင်မိန်းမပျို၏ မျက်နှာသည် ပန်းနုရောင်သို့ ပြောင်းလဲကာ ရုတ်တရက် ခြေဘစ်ချက်ဆောင့်ရင်း....

'ရှင် ဘာအရူးထတာလဲ'

ဟု ပြောလိုက်၏။

ကြက်သွေးရောင်မိန်းကလေး၏ စိတ်ဆိုးသော အမူအရာကို မြင်တွေ့သည်နှင့် အဖြူရောင်ဝတ်စုံရှင်သည် မျက်နှာတစ်ချက် ပျက်ကာ မိန်းကလေးအား ကပျာကယာ အလေးတစ်ချက်ပြုရင်း

'စိတ်မဆိုးပါနဲ့ ညီမ၊ တံငါနားနီး တံငါ မုဆိုးနားနီး မုဆိုးဆိုတဲ့ စကားလိုပဲ၊ ဒီလအတွင်းမှာ ငါဟာ ကျုံဝမ်းမော်ဆရာကြီး သုံးယောက်နဲ့အနေများလို့ အရူးရောဂါ ထတာဖြစ်ပါလိမ့်မယ်'

ဟု တောင်းပန်လိုက်၏။

ကြက်သွေးရောင် မိန်းမပျိုသည် အဖြူရောင်ဝတ်စုံရှင်၏ အမူအရာကို ကြည့်ရင်း 'ခစ်' ခနဲ တစ်ချက်ရယ်မောလိုက်၏၊



ပြီးမှ....

'အဲဒီလူသုံးယောက်က ရူးပေါပေါပေမယ့် သိုင်းပညာတော်တယ်'

အဖြူရောင်ဝတ်စုံရှင်က ဦးခေါင်းညိတ်ကာ

'စိတ်ထားက ပိုပြီးကောင်းတယ်'

မိန်းမပျိုက

'ဒါပေမယ့် သူတို့ကို နားမလည်တဲ့လူတွေကတော့ အရူးအပေါလို့ မြင်မှာပဲ'

အဖြူရောင်ဝတ်စုံရှင်က အနည်းငယ်ပြုံးကာ

'တစ်ခါတလေတော့ သူတို့ဟာ တကယ်ပဲ အ တယ်၊ ဒါပေမယ့် တစ်ခါတစ်ခါကျတော့ အင်မတန် ဉာဏ်ထက်တယ်'

မိန်းမပျိုက ပြုံးရင်း

'ဉာဏ်ကောင်းလွန်းလို့ ညံ့သွားတာများလား'

အဖြူရောင်ဝတ်စုံရှင်က ဦးခေါင်းကို ခါယမ်းလိုက်ရင်း

'ကျိကျိ လင်လင် ရှုံရှုံတို့သုံးယောက်က ဉာဏ်တော်လွန်းလို့ ညံ့တဲ့လူစားမျိုးမဟုတ်ဘူး'

'ဒါဖြင့် ဘယ်လိုလူစားမျိုးလဲ'

'လူထူးလူဆန်းတစ်မျိုးပဲ'

မိန်းမပျိုက တစ်ချက်တွေးလိုက်ပြီး ဦးခေါင်းညိတ်ကာ

'ဟုတ်တယ် လူထူးလူဆန်းပဲ၊ သူတို့က တစ်ခါတစ်ခါမှာ သိပ်ပေါ့ဆတယ်၊ အ တယ်လို့ထင်ရတယ်၊ တစ်ခါတစ်ခါကျတော့ သိပ်လည်တဲ့လူတောင် သူတို့နဲ့တွေ့ရင် ငိုရအခက် ရယ်ရအခက် ဖြစ်အောင် လုပ်နိုင်တယ်'

အဖြူရောင်ဝတ်စုံရှင်က ဦးခေါင်းညိတ်ကာ

'ဟုတ်တယ် ဒီလူတွေ မကောင်းတဲ့လူစားမျိုးမဟုတ်တာ ကံကြမ္မာကို ကျေးဇူးတင်ရမယ်'

မိန်းမပျိုက

'သူတို့သာ လူဆိုးဖြစ်ရင် ပေပေကလဲ သူတို့ကို မြို့ထဲမှာ ထားမှာမဟုတ်ဘူး'

အဖြူရောင်ဝတ်စုံရှင်က

'ဒါပေမယ့် ဆရာကပြောတော့ သူတို့သုံးယောက် ဒီကနေ ထွက်သွားတော့မယ်တဲ့'

မိန်းမပျိုက

'ဘာလုပ်မလို့လဲ'

အဖြူရောင်ဝတ်စုံရှင်က

'သိုင်းလောကရဲ့ မကောင်းမှုတွေကို ရှင်းလင်းပစ်မလို့တဲ့၊ မတရားမှုတွေကို ဖော်ထုတ်မလို့တဲ့'

မိန်းမပျိုက အဖြူရောင်ဝတ်စုံရှင်ကို သေချာစွာ တစ်ချက်ကြည့်ရင်း ရယ်မောကာ

'တကယ် ရှင်က သူတို့နဲ့ ဒီတစ်လပဲနေဖူးတယ်၊ သူတို့ရဲ့ အစွမ်းထက်ပုံကို ချီးကျူးနေပါလား'

အဖြူရောင်ဝတ်စုံရှင်က အနည်းငယ်ပြုံးလိုက်ရင်း

'တလွဲမထင်ပါနဲ့၊ အခုပြောနေတာတွေဟာ ဆရာ့ဆီက တစ်ဆင့် သိရတာတွေပါ'

မိန်းမပျိုက သက်ပြင်းတစ်ချက်ချရင်း

'ကျွန်မ တစ်ခုပဲ စိတ်ပူတယ်'



အဖြူရောင်ဝတ်စုံရှင်က

'ဘာကိစ္စများလဲ'

မိန်းမပျိုက

'သူတို့ဟာ စိတ်ကောင်းရှိတယ်၊ တောထဲမှာ ဖြောင့်မတ်တဲ့ သစ်ပင်ရှာလို့တွေ့ပေမယ့် လောကထဲမှာ ဖြောင့်မတ်တဲ့ လူရှာလို့ ခဲယဉ်းတယ်၊ မတော်တဆ မကောင်းတဲ့လူတွေနဲ့ တွေ့ပြီး အဲဒီလူတွေရဲ့ အသုံးချမှုခံရမှာကို စိတ်ပူမိတယ်'

အဖြူရောင် ဝတ်စုံရှင်က မပြုံးချင်ဘဲပြုံးကာ

'အဲဒီလို လူစားမျိုးနဲ့တိုးရင် မင်းကိုယ်မင်းတောင် လွတ်အောင်ရှောင်နိုင်မှာမဟုတ်ဘူး၊ ကြာကြာဝါးမှ ခါးသက်မှန်းသိရမယ့်လူစားတွေက လောကကြီးထဲမှာ အများကြီးပဲ'

မိန်းမပျိုကမျက်မှောင်တစ်ချက်ကုပ်ရင်း....

'ဟုတ်တယ်၊ ရှင်က ကျွန်မကို သတိပေးတာ ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ရှင်ကရော လူဆိုးလား လူကောင်းလား ဘယ်သူသိမလဲ'

အဖြူရောင်ဝတ်စုံရှင်က ရယ်မောရင်း....

'ဟုတ်ဘာပေါ့၊ ကျားရုပ်ကို ဆွဲတာလွယ်ပေမယ့် ကျားရိုးကို ဆွဲတာခက်တယ်၊ လူတစ်ယောက်ရဲ့ မျက်နှာကို မြင်ပေမယ့် အဲဒီလူရဲ့စိတ်ကို မမြင်နိုင်ဘူး၊ လောကမှာ ကြောက်စရာအကောင်းဆုံးကတော့ ဘယ်အရာမှာမဆို တစ်ဘက်စွန်းရောက်ပြီး အရူးအမူးဖြစ်တဲ့လူပဲ'

ထိုစဉ် ရုတ်တရက်....

အလောတကြီး ပြေးလွှားလာသော ခြေသံကို ကြားလိုက်ရလေသည်။

ထိုခြေသံကို ကြားသည်နှင့် မိန်းမပျိုသည် ခြေသံရှင် မည်သူမည်ဝါဖြစ်ကြောင်းသိကာ မျက်မှောင်ကြုတ်ရင်း....

'ပေါက်ရှန် ဘာဖြစ်လာလဲ မသိဘူး'

ဟု ပြောလိုက်၏။

မိန်းမပျို၏ စကားသံဆုံးသည်နှင့် သူတို့အနီးသို့ လူတစ်ယောက် ရောက်ရှိလာ၏။

ထိုလူသည် ပေါက်ရှန်ပင် ဖြစ်၏။

ပေါက်ရှန်သည်အဖြူရောင်ဝတ်စုံရှင်၏အိမ်ဖော်ဖြစ်သည်။

အသက် တစ်ဆယ့်ခုနစ်နှစ် တစ်ဆယ့်ရှစ်နှစ်ခန့်သာရှိသော်လည်း ကိုယ်လုံးကိုယ်ပေါက်က အရွယ်နှင့်မလိုက်အောင် ထွားကျိုင်း၏။

အဖြူရောင်ဝတ်စုံရှင်က ပေါက်ရှန်အား မျက်မှောင်ကုပ်ကြည့်ကာ....

'ဘာကိစ္စလဲ'ဟု မေးလိုက်၏။

ပေါက်ရှန်က လက်သုံးချောင်းထောင်ပြရင်း....

'ဟို....ဟို အရူးသုံးယောက်'

ပေါက်ရှန်၏ စကားမဆုံးမီ အဖြူရောင်ဝတ်စုံရှင်က လက်ကာပြရင်း....အော်ငေါက်လိုက်၏။



'ဘာအရူးသုံးယောက်လဲ၊ ဒီမြို့မှာအရူးမရှိဘူး၊ မှော်ဆရာကြီးသုံးယောက်ပဲ ရှိတယ်'

ပေါက်ရှန်က တံတွေးတစ်ချက်မျိုလိုက်ပြီး....

'အဲဒီ မှော်ဆရာကြီး သုံးယောက်က ဆရာကြီးကို ဒုက္ခလာပေးတယ်'

အဖြူရောင်ဝတ်စုံရှင်က မျက်မှောင်ကုပ်ရင်း....

'ဘာဒုက္ခလဲ'

ပေါက်ရှန်က တံတွေးတစ်ချက်မျိုရင်း....

'ဒီနေ့ သူတို့ လူသေအလောင်း တစ်လောင်းထမ်းပြီး ပြန်လာတယ်'

ပေါက်ရှန်၏ စကားကြောင့် အဖြူရောင်ဝတ်စုံရှင်နှင့် မိန်းမပျိုသည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိ၏။

အဖြူရောင်ဝတ်စုံရှင်က....

'သူတို့ ဘာလို့ လူသေအလောင်းထမ်းလာတာလဲ'

ပေါက်ရှန်က ဦးခေါင်းခါယမ်းရင်း....

'ကျွန်တော် မသိဘူး'

အဖြူရောင်ဝတ်စုံရှင်က....

'ဆရာနဲ့တွေ့သား၊ ဆရာဘာပြောလဲ'

ပေါက်ရှန်က....

'ဆရာကြီး သိပ်စိတ်ဆိုးသွားတယ်၊ အဲဒီသုံးယောက်ကိုလဲ ဆူတယ်၊ လုပ်စရာရှားလို့ ဒီလိုမကောင်းတဲ့အလုပ်ကို ချင်ရင်း ဌာနသယ်လာရသလားလို့ ဆူတယ်'

မိန်းမပျိုက သက်ပြင်းချရင်း....

'ဒီမှော်ဆရာသုံးယောက်က ပြဿနာကို မှန်အိမ်ထွန်းပြီး လိုက်ရှာတာပဲ၊ ဒါကြောင့် ဖေဖေစိတ်ဆိုးတာ ဖြစ်မှာပေါ့'

ပေါက်ရှန်က ဦးခေါင်းညိတ်ကာ....

'သူတို့က မဟုတ်တဲ့လူ'

ပေါက်ရှန် စကားဆုံးအောင် မပြောလိုက်ရပါ။

အဖြူရောင်ဝတ်စုံရှင်က အော်ငေါက်၍....

'တိတ်စမ်း....သူတို့က မကောင်းတဲ့လူဆိုရင် မင်းက ကမ္ဘာမှာ အကောင်းဆုံးလူလား'

ဟု ပြောလိုက်၏။

မိန်းမပျိုက အဖြူရောင်ဝတ်စုံရှင်အား မျက်စောင်းတစ်ချက်ထိုးလိုက်ပြီး....

'ရှင် ဒီနေ့ ဘာဖြစ်လို့ ပေါက်ရှန်ကို ဆူနေရတာလဲ'

အဖြူရောင်ဝတ်စုံရှင်က....

'သူက လူတိုင်းကို သူ့လောက်မကောင်းဘူးထင်နေတာပဲ၊ ဒါဟာ ခွင့်လွှတ်စရာမကောင်းဘူး၊ လောကမှာ လူတွေဟာ သူ့နေရာနဲ့သူ အသုံးဝင်တဲ့လူချည့်ပဲ၊ လူသုံးယောက်ရှိရင် နှစ်ယောက်ဟာ မိမိရဲ့ဆရာတဲ့၊ လူနှစ်ယောက်ရှိရင် တစ်ယောက်ဟာ မိမိရဲ့ဆရာတဲ့၊ တစ်ယောက်တည်းဆိုရင် ပတ်ဝန်းကျင်ဟာ မိမိရဲ့ဆရာတဲ့'



ပေါက်ရှန်က ဦးခေါင်းငုံ့ကာ....

'ကျွန်တော် နောက်ကို ဆင်ခြင်ပါ့မယ်'

ဟု ပြောလိုက်၏။

အဖြူရောင် ဝတ်စုံရှင်က သက်ပြင်း တစ်ချက် ချကာ လေးနက်သော အမူအရာဖြင့်....

'ဒီကိစ္စက ထူးဆန်းတယ်၊ မှော်ဆရာကြီး သုံးယောက်က အလောင်းထမ်းလာတာ အကြောင်းရှိရမယ်၊ ဆရာက နားလည်တဲ့ လူပဲ၊ ဒီလောက်အထိ စိတ်ဆိုးမှာတော့ မဟုတ်ဘူး'

အဖြူရောင် ဝတ်စုံရှင်၏ စကားသည် နည်းလမ်းကျသဖြင့် မိန်းမပျိုသည် ပေါက်ရှန်အား....

'ဖေဖေက ဆူပြီးတော့ ဘာပြောသေးလဲ'

ဟု ဝင်၍ မေးလိုက်၏။

ပေါက်ရှန်က မိန်းမပျိုကို လှည့်ကြည့်ပြီး....

'ဆရာကြီးက သူတို့ သုံးယောက်ကို ဆူပြီးမှ ရှောင်စိန်ကို မြို့ထဲလွှတ်ပြီး ခေါင်းတစ်ခု ဝယ်ခိုင်းလိုက်တယ်'

မိန်းမပျိုက

'နောက်ပြီးတော့ရော'

ပေါက်ရှန်က

'ရှောင်စိန်က ချက်ချင်းပဲ ခေါင်းသွားဝယ်တယ်၊ ပြီးတော့ ဆရာကြီးက အလောင်းကို ခေါင်းထဲထည့်ပြီး မှော်ဆရာကြီး သုံးယောက်ကို အခေါင်းသယ်ပြီး သွားတော့လို့

နှင်လိုက်တယ်၊ တစ်သက်လုံး ပြန်မလာနဲ့လို့လဲ ပြောလိုက်တယ်'

မိန်းမပျိုက အံ့သြဟန်ဖြင့်

'အင်း.... ထူးဆန်းတယ်၊ သိပ်ကို ထူးဆန်းတယ်၊ ဖေဖေက ဘယ်တော့မှ ခင်မင်မှုကို မဖြတ်တတ်ဘူး'

ပေါက်ရှန်က

'ဆရာကြီးက သူတို့ကို မောင်းထုတ်ပြီးတာနဲ့ ဆရာတို့ကို ရှာခိုင်းတယ်၊ အရေးကြီးတဲ့စကား ပြောစရာရှိလို့တဲ့'

အဖြူရောင် ဝတ်စုံရှင်က ပေါက်ရှန်ကို မျက်မှောင်ကုပ်၍ ကြည့်ရင်း ဒေါသသံဖြင့်

'မင်း တော်တော်ညံ့တယ်၊ အရေးကြီးတဲ့စကားကို နောက်ဆုံးမှ ပြောတယ်'

ဟု ပြောကာ အော်ငေါက်လိုက်သည်။

မိန်းမပျိုက အဖြူရောင် ဝတ်စုံရှင်အား ကြည့်ကာ လေတစ်ချက်ရှူလိုက်ပြီး

'ကဲပါ.... ပေါက်ရှန်ကို ဆူမနေပါနဲ့တော့၊ ကျွန်မတို့ ချက်ချင်း ပြန်ရအောင်'

ဟု ပြောလိုက်၏။

အဖြူရောင် ဝတ်စုံရှင်က ဦးခေါင်း ညိတ်ပြလိုက်၏။

ထို့နောက်



အဖြူရောင် ဝတ်စုံရှင်နှင့် မိန်းမပျိုသည် နှံကောင် ခြေရှစ်လှမ်း ကိုယ်ဖော့ပညာဖြင့် အော့ယားမြို့သို့ ထွက်ခွာသွားလေတော့၏။

× × ×

ပေါက်ရှန်သည်လည်း နှံကောင် ခြေရှစ်လှမ်း ကိုယ်ဖော့သိုင်းပညာ ကျင့်ဖူး၏။

သို့ရာတွင်

ပေါက်ရှန်သည် ခန္ဓာကိုယ် ထွားကျိုင်းခြင်း၊ အတွင်းအား ညံ့ခြင်းတို့ကြောင့် အဖြူရောင် ဝတ်စုံရှင်နှင့် မိန်းမပျိုတို့ကို မီအောင်မလိုက်နိုင်ဘဲ တဖြည်းဖြည်းဝေး၍ကျန်ခဲ့၏။

မကြာမီမှာပင် အဖြူရောင်ဝတ်စုံရှင်နှင့် မိန်းမပျိုသည် ပေါက်ရှန်၏ မြင်ကွင်းမှ ကွယ်ပျောက်သွားလေတော့၏။

ထိုအချိန်ကလေးအတွင်းမှာပင် ပေါက်ရှန်၏ နောက်ကျောဘက်မှ ရယ်မောသံ ခပ်အုပ်အုပ် ပေါ်ထွက်လာ၏။

ရယ်မောသံနှင့်အတူ

'ပေါက်ရှန်ရယ်.... ဘာလို့ ဒီလောက် ပြေးနေရတာလဲ၊ ကျွန်မ မောလို့ သေရတော့မယ်'

ဟု ပြောလိုက်သော စကားသံကိုပါ ပေါက်ရှန် ကြားလိုက်ရ၏။

အသံက ချိုလွင်ပြီး ငွေဆည်းလည်းလှုပ်ခတ်သကဲ့သို့ ရှိ၏။

ထို့ကြောင့်

ပေါက်ရှန်၏ ခြေလှမ်းများ တုံ့ဆိုင်း၍ သွားပြီး အသံရှင်ကို လှည့်ကြည့်မိ၏။

အသံရှင်က အသက် ဆယ့်ကိုးနှစ်ခန့်ရှိမိန်းကလေးတစ်ဦး ဖြစ်၏။

မျက်လုံးမျက်ဖန် ကောင်းကာ ချစ်စရာ ကောင်းသော အပြုံးပိုင်ရှင် ဖြစ်၏။

ဈေးကြီး၍ အရောင် စူးရှသော အဝတ်ကို ဝတ်ဆင်ထား၏။

ပေါက်ရှန်သည် မိန်းကလေးအား အတန်ကြာမျှ ငေးကြောင်ကြည့်နေပြီးမှ

'မင်း ဘယ်သူလဲ၊ ဘာလို့ ငါ့နောက်ကို လိုက်ရတာလဲ'

ဟု မေးလိုက်၏။

မိန်းကလေးက တစ်ချက် ရယ်မောလိုက်ပြီး

'ဘာလဲ ကျွန်မကို ရှင့်နောက် မလိုက်စေချင်ဘူးလား'

ပေါက်ရှန်က သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်ပြီး နှုတ်ခမ်းတွန့်ကာ

'ငါ့နာမည် ပေါက်ရှန်ဆိုတာ မင်း ဘယ်လိုသိသလဲ'



မိန်းကလေးက ချစ်စဖွယ်ပြုံးရင်း

'ကျွန်မသိတာ ဒီထက်ပိုများတယ်'

ပေါက်ရှန်က မျက်မှောင်ကုပ်ရင်း

'ဘာတွေသိလို့လဲ'

မိန်းမပျိုက ရယ်မောရင်း

'ရှင့်ဆရာ သူဌေးသားနာမည်က ချင်ဝှမ်ဝူ၊ သူ့ရဲ့ဆရာက ချင်ရင်းဌာနရဲ့သခင် တုံးချုံးအန်း၊ ပြီးတော့'

မိန်းမပျို၏ စကားမဆုံးမီ ပေါက်ရှန်က

'မင်းက ဘာလို့ သိနေရတာလဲ'

ဟု ဖြတ်၍မေးလိုက်ပြန်၏။

မိန်းမပျိုက မျက်ခုံးပင့်ကာ

'ဒီကိစ္စက လျှို့ဝှက်တဲ့ ကိစ္စမို့လား'

ဟု ပြန်မေးလိုက်၏။

ပေါက်ရှန်က နှုတ်ခမ်းတစ်ချက်ကိုက်ကာ

'မင်းနာမည် ဘယ်လိုခေါ်သလဲ'

မိန်းမပျိုက ပါးပေါ်သို့ ဝဲ၍ကျနေသော ဆံနွယ်စကို လက်ဖြင့် အသာအယာ သပ်တင်ရင်း

'မိန်းကလေးဆိုတာ နာမည်ကို အရမ်းမပြောရဘူး'

ပေါက်ရှန်က ပခုံးနှစ်ဘက်ကို အသာတွန့်ပြရင်း

'ကောင်းပြီ ဒါဆို ကျုပ်နှုတ်ဆက်ပါတယ်၊ တော်တော်ကြာ ကျုပ်ဆရာက ဆူနေလိမ့်မယ်'

မိန်းမပျိုက နွဲ့နွဲ့ကလေးတစ်ချက်ပြုံးကာ

'ချင်ဝှမ်ဝူက လူကိုဆူချင်နေတယ်၊ အတူးသဖြင့် ရှင့်ကို သူက ဆူချင်တယ်၊ ဒါကြောင့် ရှင် သူ့နောက်ကို လိုက်မသွားနဲ့တော့'

ပေါက်ရှန်က မိန်းမပျိုကို တစ်ချက်ကြည့်လိုက်ပြီး

'ဒီစကားမျိုးနောက်တစ်ခါပြောရင် ကျုပ် မင်းကို ခွင့်မလွှတ်နိုင်ဘူး'

မိန်းမပျိုက တစ်ချက်ရယ်မောကာ

'ဒီမှာ ပေါက်ရှန် ရှင့်အသက် မငယ်တော့ဘူး၊ ချင်ဝှမ်ဝူရဲ့နောက်ကို အမြဲလိုက်မနေသင့်ဘူး၊ ချင်ဝှမ်ဝူက ရှင့်ကို သိုင်းကွက် သုံး လေးကွက်သင်ပေးလဲ ရှင် အောင်မြင်မှုရမှာမဟုတ်ဘူး၊ အကောင်းဆုံးက တခြား တော်တဲ့ဆရာတွေထံမှာ သွားပြီးတပည့်ခံတာပဲ၊ ကျွန်မပြောရဲဘယ်၊သုံးနှစ်မကြာစေရပါဘူး၊ ရှင်ဟာ ချင်ဝှမ်ဝူကို ပြန်ပြီး သတ်နိုင်လိမ့်မယ်'

မိန်းမပျို၏ စကားကြောင့် ပေါက်ရှန်မျက်နှာ ပျက်သွားသည်။

ပြီးမှ....

ပေါက်ရှန်သည် မိန်းမပျိုအား စူးစူးစိုက်စိုက် ကြည့်ကာ

'မင်းပါးစပ်ပိတ်ထားရင် ကောင်းမယ်၊ မင်းဘာပြောပြော ကျုပ်နားမထောင်နိုင်ဘူး'

မိန်းမပျိုသည် တစ်ချိန်လုံးပြုံး၍ ပြောနေရာမှ ရုတ်တရက်မျက်နှာထား ခပ်တင်းတင်းဖြင့်

'တော်လိုက်တဲ့လူ၊ ရှင်နားမထောင်ချင်ရင်ဆက်ပြီး အသက်ရှင်မနေသင့်ဘူး'



ဟုပြောလိုက်၏။

ပေါက်ရှန်က

'မှင်း မင်း ကျုပ်ကို သက်သက်မဲ့ ဒုက္ခပေးတာပဲ၊ မင်းနဲ့ ကျုပ်နဲ့ ဘာရန်ငြိုးမှမရှိဘူး'

မိန်းမပျိုက အေးစက်စွာ တစ်ချက်ရယ်မောလိုက်ပြီး

'ပါရမီညံ့တဲ့လူတစ်ယောက်ကို ဘယ်ဆရာကမှ သင်ချင်မှာမဟုတ်ဘူး၊ ပြီးတော့ ပထမ ဓားဘွဲ့ရတဲ့ ပုဂ္ဂိုလ်က ရှင့်ကို သင်ပေးရင်တောင် ရှင်ဘာတတ်မှာ မဟုတ်ဘူး၊ ကိုယ့်အခြေအနေ ကိုယ်နားမလည်တဲ့လူဟာ သေဖို့ပဲကောင်းတယ်'

ပေါက်ရှန်၏မျက်နှာသည် နီရဲ၍လာပြီး

'ဟင်း မင်းက မိန်းကလေးဖြစ်နေလို့ နို့မဟုတ်ရင် မင်းခေါင်းကို ကျုပ်ခွဲရလိမ့်မယ်'

မိန်းမပျိုက အေးစက်စွာ တစ်ချက်ရယ်မောလိုက်ရင်း

'ဩော် လက်စသတ်တော့ လူစွမ်းကောင်း ပေါက်ရှန်ကိုး'

ဟု ခနဲ့တဲ့တဲ့ လေသံဖြင့် ပြောလိုက်၏။

ပေါက်ရှန်က နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ရင်း

'ကျုပ် လူစွမ်းကောင်းမဟုတ်ပါဘူး၊ ဒါပေမယ့် အရိုးတော့မာတယ်'

မိန်းမပျိုက မျက်ခုံးပင့်ကာ

'ဟုတ်လား၊ ဒါဖြင့် ကျွန်မက ရှင့်အရိုးဘယ်လောက်မာတယ်ဆိုတာ စမ်းကြည့်ရမှာပေါ့'

ဟု ပြောလိုက်၏။

မိန်းမပျိုသည် စကားဆုံးသည်နှင့် ရုတ်တရက်သူ၏ လက်ဝါးကို တစ်ချက် ရှေ့သို့ တွန်းထုတ်ပြီး ပေါက်ရှန်၏ရင်ဘတ်သို့ ရိုက်ချလိုက်၏။

ပေါက်ရှန်သည် မိန်းမပျိုနှင့် တိုက်ခိုက်လိုသော ဆန္ဒမရှိပါချေ။

သို့သော်....

မိန်းမပျိုက ရုတ်တရက် တိုက်ခိုက်လာသဖြင့် အခြေအနေအရ ပြန်လည်မတိုက်ခိုက်၍ မဖြစ်ချေ။

သို့ဖြစ်၍

ပေါက်ရှန်က နှုတ်ခမ်း တစ်ချက်တွန့်၍ ပြုံးကာ မထိတရိ ပုံစံဖြင့်

'မိန်းကလေး ဒါ့ဘာသိုင်းခေါ်လဲ'

ဟု မေးလိုက်၏။

ထိုအချိန်မှာပင်....

မိန်းမပျိုသည် လက်ဝါး ရိုက်ချက်ကို ရပ်တန့် လိုက်ပြီး တစ်ဆက်တည်း ဘယ်ခြေဖြင့် ပေါက်ရှန်၏ ခါးသို့ဝိုက်၍ကန်လိုက်၏။

မိန်းမပျိုက ရုတ်တရက် ပြောင်းလဲလိုက်သဖြင့် ပေါက်ရှန်သည် ကပျာကယာလက်ဖြင့်ဆီး၍ မိန်းမပျို၏ ခြေ ထောက်အား ဖမ်းလိုက်၏။

သို့သော်....



မိန်းမပျိုသည် ခြေထောက်အား လမ်းတစ်ဝက်၌ပင် ရပ်တန့်လိုက်သဖြင့် ပေါက်ရှန်၏ လက်နှစ်ဖက်သည် လေကိုသာ ဖမ်းမိလေတော့၏။

ထို့ကြောင့်

ပေါက်ရှန်သည် ရင်ထဲ၌ တစ်ချက်ထိတ်သွားပြီး မိမိကိုယ်ကို ကာကွယ်ရန် သိုင်းကွက် ပြောင်းလိုက်၏။

ထိုတဒင်္ဂအချိန်တွင်းမှာပင် မိန်းမပျို၏ ညာလက်ဝါးက ပေါက်ရှန်၏ လည်မျိုပေါ်သို့ ကျရောက်လာ၏။

သူမ၏လက်ဝါးက လျင်မြန်၏၊ တိကျ၏၊ ရက်စက်၏။

သို့ဖြစ်၍

ပေါက်ရှန်သည် ထိတ်လန့်စွာ တစ်ချက် အော် လိုက် ပြီး ရှောင်တိမ်းလိုက်၏။

သို့သော်

နောက်ကျသွားပြီဖြစ်ပါသည်။

× × ×

မိန်းမပျို၏လက်ဝါးသည် ပေါက်ရှန်၏ လည်မျိုအနီးသို့ ရောက်သောအခါ ရုတ်တရက် အရှိန် လျှော့ကာ လက်သည်းများဖြင့် ပေါက်ရှန်၏လည်ပင်းအား ဖြည်းညင်းစွာ ခြစ်လိုက်လေ၏။

ပေါက်ရှန်သည် မိမိကိုယ်မိမိ မိန်းမပျို၏ လက် ချက် ဖြင့် ဒဏ်ရာပြင်းထန်စွာ ရလိမ့်မည်ဟု ထင်မှတ်ထားသောကြောင့် မျက်နှာပေါ်၌ သွေးမရှိသကဲ့သို့ ဖြူဖွေး လာလေသည်။

ထို့ကြောင့် မိန်းမပျိုက ယခုကဲ့သို့ လက်သည်းဖြင့် ဖြည်းညင်းစွာ ခြစ်လိုက်သဖြင့် အံ့အားသင့်ကာ မျက်စိ စုံမှိတ်ပြီး လက်နှစ်ဘက် ဝှေ့ယမ်း၍ မိန်းကလေးအား တိုက်ခိုက်လိုက်လေသည်။

သို့သော်....

ပေါက်ရှန်၏ လက်အစုံသည် လေထဲ၌သာ ဝှေ့ယမ်း နေလေ၏။

မည်မျှကြာအောင် တိုက်ခိုက်နေမိသည်မသိပါ။

မိမိ၏လက်အစုံအား ဝှေ့ယမ်းခြင်းမှ ရပ်တန့် လိုက်သည့် အချိန်၌ ပေါက်ရှန်သည် မိန်းမပျိုအား မတွေ့ရ တော့ချေ။

ထို့ကြောင့်

ပေါက်ရှန်သည် သက်ပြင်း တစ်ချက်ချကာ ရှေ့နောက် ဝဲယာသို့ ကြည့်၏။

ပတ်ဝန်းကျင်၌ မိမိမှလွဲ၍ မည်သည့် သက်ရှိ သတ္တဝါမျှ မတွေ့ရချေ။

မိမိ၏လည်ပင်းအား လက်သည်းဖြင့်ခြစ်ခဲ့သော မိန်းမပျို၏ အရိပ်ကိုပင် မတွေ့ရချေ။

ထိုအခါမှ

ပေါက်ရှန်သည် သက်ပြင်းတစ်ချက်မှုတ်ထုတ်ကာ



'ဝူး....မိန်းကလေးသာဆိုတယ် သိုင်းပညာမခေဘူး၊ တော်ပါသေးရဲ့၊ ငါ့ကို ခြောက်ရုံသာ ခြောက်လို့၊ ဟင်း တကယ်သာဆိုရင် ငါတော့ သွားပြီ'

ဟု တစ်ကိုယ်တည်း တီးတိုးညည်းညူလိုက်၏။

ပေါက်ရှန်၏နဖူး၌ ချွေးများလည်း စို့လာ၏။

အတန်ကြာမှ

ပေါက်ရှန်သည် ပတ်ဝန်းကျင်ကို တစ်ချက် ကြည့် ကာ နောက်တစ်ခေါက် မိန်းကလေးနှင့် မတွေ့နိုင်စေရန် ချင်ရင်း ဌာနသို့ ပြေးလေတော့၏။

ယခုအကြိမ်၌

ပေါက်ရှန်သည် နှံ့ကောင်ခြေရှစ်လှမ်း ကိုယ်ဖော့ ပညာဖြင့် မပြေးပါ။

နောက်ကျသည့် ခြေထောက် သစ္စာဖောက်ဟု ယူဆကာ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ပြေးခြင်းဖြစ်ပါသည်။

သို့သော်...

သူ၏မျက်နှာသည် မိန်းမပျို၏ အဆိပ်လက်သည်းကြောင့် တဖြည်းဖြည်း ညိုမည်းလာကြောင်းကို ပေါက်ရှန် လုံးဝမသိချေ။

အကယ်၍သာ-

ထိုအကြောင်းကို ပေါက်ရှန် သိခဲ့လျှင်...

× × ×

အော့ယားမြို့၊

ကျယ်ဝန်းသော မြို့တစ်မြို့ မဟုတ်ပါ။

သို့သော်....

ချင်ရင်းဌာနက နေရာကျယ်ဝန်းစွာ ယူထားသဖြင့် တချို့က အော့ယားမြို့၏ တစ်ဝက်ကို ချင်ရင်းဌာနက ယူထားသည်ဟု ပြောကြ၏။

ယင်းစကားက ပုံကြီးချဲ့ပြောသော်လည်း အမှန်တကယ်ပင် ချင်ရင်းဌာန၏ အကျယ်အဝန်းက မြို့တစ်ဝက်နီးပါးဖြစ်၏။

သို့သော်....

ချင်ရင်းဌာနသည် သူဌေးသူကြွယ် အိမ်များကဲ့သို့ အနီရောင် အုတ်နံရံနှင့် ကျောက်စိမ်းပြား မရှိချေ။

လှပသောပုံစံလည်း မရှိချေ။

ခြံအဝင်၌ ရှေးဟောင်းတံခါးနှစ်ချပ်မှစ၍ ပန်းဥယျာဉ် နေအိမ် အဆောက်အအုံသည် ရိုးရိုးစင်းစင်း ဖြစ်ကာ ရုတ်တရက် ကြည့်လျှင် ဘုရားကျောင်းတစ်ခုနှင့် တူ၏။

ချင်ရင်းဌာန၏ သခင်ကြီး တုံးချုံအန်းကိုယ်တိုင်က ဝါကြွားသူ တစ်ယောက် မဟုတ်ချေ။

ထို့ကြောင့် ချင်ရင်းဌာနသည် အပြင်၌ ဝင့်ကြွားခြင်းမရှိသည်မှာ ထူးဆန်းမည်မဟုတ်ပါ။

သိုင်းလောကမှ မိတ်ဆွေများက တုံးချုံအန်းသည် ဘာသာရေး ကိုင်းရှိုင်းကြောင်း သိကြ၏။



တုံးချုံအန်းသည် အသက် သုံးဆယ်ခန့်မှစ၍ ဘာသာရေးလိုက်စားကာ သက်သတ်လွတ်စားခဲ့၏။

သို့ဖြစ်၍ ချင်ရင်းဌာနသည် ဘုရားကျောင်းတစ်ခုနှင့်တူနေသည်မှာလည်း မထူးဆန်းချေ။

မည်သို့ပင်ဆိုပါစေ တုံးချုံအန်းသည် အရာရာကို နားလည်သူဖြစ်၏။

မိမိသက်သတ်လွတ် စားသော်လည်း မိမိ၏ဌာနမှ လူများကို အသားမစားရန် မတားမြစ်ချေ။

သူ၏ ရှေ့၌ အသားဟင်းဖြင့် အားရပါးရ စားနေလျှင်လည်း သူက မရှင်ပျသော အမူအရာမျိုး မဖြစ်ပါ။

ထို့ပြင်....

အကယ်၍ တစ်နေ့နေ့တွင် သူသည် လူ့လောကကို စွန့်လွှတ်၍ သာသနာ့ဘောင်ကို ဝင်ရောက်ခဲ့လျှင်လည်း သူ၏ တပည့်နှင့် သမီးအား ကိုရင်နှင့် သီလရှင် ဝတ်ခိုင်းမည်မဟုတ်ပါ။

တုံးချုံအန်းသည် ထိုသို့နားလည်မှုရှိသူ ဖြစ်၏။

ထို့ပြင်....

ဒေါသမီးကို ထိန်းသိမ်းတတ်သူ ဖြစ်၏။

မည်သည့်အခါမျှ အကြောင်းမဲ့ ဒေါသဖြစ်ခြင်း မရှိပါ။

သို့သော်....

ယနေ့ ချင်ရင်းဌာနမှ လူများသည် မိမိတို့၏ သခင်ကြီး တုံးချုံအန်း ဒေါသထွက်နေကြောင်း သိကြ၏။

မိမိတို့ သခင်ကြီး တုံးချုံအန်းသည် ဒေါ်သထွက်ကာ မော့ဆရာကြီး သုံးယောက်အား ချင်ရင်းဌာနမှ မောင်းထုတ်ခဲ့၏။

ပေါက်ရှန်အား မိမိ၏တပည့် ချင်ဝှမ်ဝူနှင့် သမီးတုံးမုရှာကို အရေးတကြီး ခေါ်ခိုင်းခဲ့၏။

ချင်ဝှမ်ဝူနှင့် တုံးမုရှာတို့ ချင်ရင်းဌာနသို့ ရောက်သောအခါ မထင်မှတ်သော ကိစ္စတစ်ရပ်ကို မြင်တွေ့လိုက်ရ၏။

အကြောင်းမှာ....

တုံးချုံအန်း၏ သိုင်းလေ့ကျင့်သော ခန်းမထဲ၌ ပိုးထည်ဝတ် အဘိုးအိုတစ်ဦးနှင့် တုံးချုံအန်းတို့သည် တစ်ယောက်နှင့် တစ်ယောက် လက်ဝါးချင်း ကပ်ကာ အတွင်းအား ပြိုင်နေကြောင်းကို တွေ့မြင်လိုက်သောကြောင့်ပင် မဟုတ်ပါလား။

× × ×

တုံးချုံအန်း၏ သိုင်းပညာမည်မျှ အဆင့်မြင့်ကြောင်း မည်သူမျှမသိချေ။

ထို့ပြင်....



မည်သည့်လက်ရွေးစင် သိုင်းသမား မဆို တုံးချုံအန်း၏ သိုင်း သုံးကွက်ကို မခံနိုင်ကြချေ။

သို့သော်....

ယခု ပိုးထည်ဝတ်အဘိုးအိုသည် တုံးချုံအန်းနှင့် လက်ဝါးချင်းကပ်ကာ အတွင်းအားပြိုင်နေ၏။

နှစ်ဦးစလုံး၏ နဖူးပေါ်၌ ချွေးများ စီးကျနေ၏။

မျက်နှာပေါ်၌လည်း နီလိုက်ဖြူလိုက်ဖြင့် အရောင်ပြောင်းလဲနေ၏။

အတန်ကြာသောအခါ....

သူတို့နှစ်ဦးသည် လက်ဝါးချင်းပြန်၍ခွာလိုက်ပြီး တစ်ဦးနှင့်တစ်ဦး လက်ဝါးချင်း ရိုက်နေ၏။

တုံးချုံအန်းက လက်တစ်စုံအား မရပ်မနားဘဲ တစ်ချက်ပြီး တစ်ချက် ဆက်တိုက်ရိုက်ချနေ၏။

ပိုးထည်ဝတ် အဘိုးအိုက တုံးချုံအန်း၏ လက်ဝါး ရိုက်ချက်များအား တစ်ချက်ပြီးတစ်ချက် စနစ်တကျကာကွယ်နေလေ၏။

သို့ဖြစ်၍လည်း

ချင်ဝှမ်ဝူ၏ ရင်ထဲ၌ ထိတ်ကာ ပိုးထည်ဝတ် အဘိုးအို၏ သိုင်းပညာသည် အဆင့်မနိမ့်ကြောင်း ခန့်မှန်းမိ၏။

သို့သော် ...

ထိုပိုးထည်ဝတ်အဘိုးအိုအား ချင်ဝှမ်ဝူမသိချေ။

တုံးချုံအန်းသည် ချင်ဝှမ်ဝူနှင့်တုံးမုရှာတို့ ဝင်ရောက်လာသည်ကို မြင်တွေ့သောအခါ-

'မင်းတို့ထွက်သွား၊ ငါဒီသူခိုးကို ရှင်းပြီးမှ မင်း တို့ကို ပြောပြမယ်'

ဟု လှမ်းအော်၍ ပြောလိုက်၏။

ပိုးထည်ဝတ် အဘိုးအိုက အေးစက်စွာ ရယ်မောကာ-

'ဘယ်သူက သူခိုးလဲ'

ဟုပြောလိုက်၏။

သူတို့သည် ပါးစပ်မှ စကား ပြောနေသော်လည်း လက်များက တစ်ချက်မျှ ရပ်နားခြင်း မရှိချေ။

တုံးချုံအန်း၏ လက်ဝါးရိုက်ချက်အားက တဖြည်းဖြည်း ဝို၍ ပြင်းထန်လာ၏။

တုံးချုံအန်းက တိုက်ခိုက်ရင်း အေးစက်စွာ ရယ်မောကာ-

'မင်းက ဝမ်စီရှန်ရဲ့ပစ္စည်းကို လိုချင်ရင် ကျန်မို တောင်ကို သွားရှာသင့်တယ်၊ ဘာလို့ကျုပ်ကို နှောင့်ယှက်ရတာလဲ'

ပိုးထည်ဝတ်အဘိုးအိုက ရယ်မောရင်း-

'ဆရာကြီးတုံး မင်းက ဘာသာ တရားကို လေးစားတဲ့လူပါ၊ မလိမ်မညာပါနဲ့၊ မင်းက ဒီနေ့ ပစ္စည်းမပေးရင် ကျုပ်ကလဲ မင်းကို မလွှတ်ဘူး'

တုံးချုံအန်းက-

'ကျင်းကျိကျွန်း မင်းရဲ့စကားက ဒါ့ကို စော်ကားတာပဲ'

ဟု အော်ဟစ်ပြောလိုက်ပြီး လက်နက်စင်ပေါ်မှ ငွေတုတ်ကောက်တစ်ချောင်းကို ဆွဲယူလိုက်၏။

ထို့နောက်....



တုံးချုံအန်းသည် ပတ်ဝန်းကျင်ကို ငွေရောင်များ လွှမ်းခြုံစေပြီး ပိုးထည်ဝတ် အဘိုးအို ကျင်းကျိကျွန်းအား နောက်သို့ခြေလှမ်း ခုနစ်လှမ်း ရှစ်လှမ်းခန့် ဆုတ်ခွာ သွားစေ၏။

မထေ့တထေ့ ပြုံးနေသော ကျင်းကျိကျွန်း၏ မျက်နှာသည် ရုတ်တရက် မျက်နှာထား တည်သွားပြီး အင်္ကျီကြားမှ ရွှေတူနှစ်ချောင်းကို ထုတ်လိုက်၏။

ကျင်းကျိကျွန်း၏ ရွှေတူသည် သာမန်ခေါက်ဆွဲ၊ ထမင်းစားသောတူမျိုး မဟုတ်ချေ။

နှစ်ပေကျော်ခန့် ရှည်လျားပြီး ရွှေသားဖြင့် ပြုလုပ်ထားသော တူနှစ်ချောင်း ဖြစ်၏။

ငွေတုတ်ကောက်နှင့် ရွှေတူ နှစ်ချောင်းတို့၏ ထိခိုက်သံက တစ်ခန်းလုံး ကို ဖုံးလွှမ်းနေ၏။

ငွေရောင် ရွှေရောင်များက အခန်းတွင်း၌ ဝင်းလက်၍ လွှမ်းခြုံထား၏။

တဒင်္ဂအတွင်း၌ပင် သူတို့နှစ်ဦးသည် သိုင်းကွက် ခြောက်ဆယ်ကျော်မျှ တိုက်ခိုက်ခဲ့ပြီးဖြစ်၏။

သို့သော် အရှုံးအနိုင် ဆုံးဖြတ်၍ မရသေးချေ။

သို့ရာတွင်....

လက်ရှိ အခြေအနေအရ တုံးချုံအန်းက အသာစီးမှတိုက်ခိုက်နေ၏။

သို့တိုင်အောင် ကျင်းကျိကျွန်း၏ ရွှေတူကို ထိုးဖောက်နိုင်စွမ်း မရှိချေ။

ကျောင်းကျိကျွန်းကလည်း တုံးချုံအန်း၏ ငွေတုတ်ကောက်ကို ထိုးဖောက်၍ တိုက်စစ်မဆင်နဲ့နိုင်သေးချေ။

ချင်ဝှမ်ဝူနှင့် တုံးမုရှာတို့သည် တုံးချုံအန်း၏ စကားကို လိုက်နာခြင်းမရှိဘဲ အခန်းဝ၌ ရပ်တန့်လျက်ပင် ရှိသေး၏။

တုံးမုရှာသည် မိမိဖခင်နှင့် ကျောင်းကျိကျွန်းတို့၏ တိုက်ပွဲကို ကြည့်ရင်း ရင်ထဲ၌ ထိတ်လန့်တုန်လှုပ်လာကာ ယောင်ယမ်း၍ ချင်ဝှမ်ဝူ၏လက်မောင်းကို ဆုပ်ကိုင် ထားလိုက်၏။

ချင်ဝှမ်ဝူသည် မိမိ၏ လက်မောင်းကို ဆုပ်ကိုင်ခြင်း ခံရသဖြင့် ရုတ်တရက် ထိတ်လန့်ကာ တုံးမုရှာကို လှည့်ကြည့်လိုက်မိ၏။

တုံးမုရှာက တိုက်ပွဲကို ကြည့်ရင်း....

'အဲဒီလူက ဘယ်သူလဲ'

ဟု ချင်ဝှမ်ဝူကို မေးလိုက်၏။

ချင်ဝှမ်ဝူက ထိုပိုးထည်ဝတ် အဘိုးအိုအား မြင်တွေ့ဖူးခြင်း မရှိသော်လည်း ကျောင်းကျိကျွန်း ဟူသောအမည်ကို ကြားဖူးထားသဖြင့်

'ကျောင်းကျိကျွန်းလား၊ သူက အနက်ရောင် သိုင်းလောကရဲ့ လက်ရွေးစင်တဲ့၊ ငွေသာရမယ်ဆိုရင် ဘာပဲလုပ်ရလုပ်ရ လုပ်မယ့်လူစားပဲ'

တုံးမုရှာက

'သူ့ရဲ့သိုင်းပညာကရော'

ချင်ဝှမ်ဝူက

'မင်း မြင်တဲ့အတိုင်းပဲ၊ဆရာ့ကို လက်ရည်တူ ယှဉ်နိုင်တယ်'



တုံးမုရှာက နှုတ်ခမ်းတစ်ချက်ကိုက်ကာ

'ဒါဆို ဖေဖေ့မှာ အန္တရာယ်ရှိနိုင်လား'

ဟု မေးလိုက်ပြန်၏။

ဤမေးခွန်းကို ချင်ဝှမ်ဝူမဖြေနိုင်ပါ။

လွယ်ကူရှင်းလင်းသော မေးခွန်းဖြစ်သော်လည်း ချင်ဝှမ်ဝူ ဖြေနိုင်ခြင်းမရှိပါ။

ထို့ကြောင့်....

ချင်ဝှမ်ဝူသည် ပါးစပ်ပိတ်ထားလိုက်၏။

ထိုစဉ်

သူတို့၏နောက်မှ ခြေသံကြ ားလိုက်ရလေသည်။

သို့ဖြစ်၍

တုံးမုရှာသည် နောက်သို့ ကပျာကယာလှည့်၍ ကြည့်လိုက်သည်။

ယင်းသို့ကြည့်လိုက်သည်နှင့်တုံးမုရှာသည်ထိတ်လန့်တုန်လှုပ်စွာ တစ်ချက်အော်ဟစ်ပြီး ကြောက်လန့်သော မျက်လုံးများဖြင့် စူးစိုက်ကြည့်နေလေတော့သည်။

× × ×

ခြေသံရှင်မှာ ပေါက်ရှန်ဖြစ်ပေသည်။

ပေါက်ရှန်ဖြစ်သော်လည်း တုံးမုရှာ မြင်တွေ့နေကျပေါက်ရှန်မဟုတ်ပါ။

သို့ဖြစ်၍လည်း

တုံးမုရှာသည် ပေါက်ရှန်အား မြင်တွေ့သည်နှင့် ထိတ်လန့်စွာ အော်ဟစ်၍ ကြောက်လန့်တကြား စူးစိုက်ကြည့်နေမိခြင်း ဖြစ်၏။

ယခုဝင်ရောက်လာသော ပေါက်ရှန်ကို တုံးမုရှာသာမက အော့ယားမြို့ တစ်မြို့လုံးကပါ ပေါက်ရှန်ဟု သိမည်မဟုတ်ချေ။

ဖြူဖွေးသော ပေါက်ရှန်၏ မျက်နှာသည် ကြောက်စရာကောင်းအောင်ပင် ရောင်ကိုင်းနေပြီး မျက်နှာတစ်ခုလုံးပြာနှမ်းနေ၏။

ခြေလှမ်းများက ဒယိမ်းဒယိုင်ဖြင့် ယိမ်းယိုင်နေ၏။

ယခင်ကကျဉ်းမြောင်းသော ပေါက်ရှန်၏ မျက်လုံးများက ပြူးကျယ်ကာ ကြောင်တိကြောင်ကန်းဖြစ်နေ၏။

ပါးစပ်က အနည်းငယ်ရွဲ့နေပြီး သွားရည်များကျနေ၏။

သွားရည်များနှင့် အတူညှိမည်းသော သွေးပုပ်များကပါ စီးကျနေ၏။

တုံးမုရှာသည် ပေါက်ရှန်ကို မျက်လုံးပြူး၍ စိုက်ကြည့်ရင်း....

'ပေါက်ရှန်'

ဟု ခေါ်လိုက်၏။

ပေါက်ရှန်ကမထူးပါ။



သို့သော်—

ပါးစပ်မှ ဝူးဝူးဝါးဝါးဖြင့် မပီသသော စကားအချို့ကို ပြောနေ၏။

တုံးမုရှာ ကြည့်နေဆဲမှာပင် ပေါက်ရှန်၏ ခန္ဓာကိုယ်သည် ကြမ်းပြင်ပေါ်သို့ လဲကျသွားတော့၏။

တုံးမုရှာက ပေါက်ရှန်အား ထူမရန် ပြေးသွား၏။

သို့သော်....

ချင်ဝှမ်ဝူက လျင်မြန်စွာ တုံးမုရှာ၏ လက်ကိုဖမ်းဆွဲလိုက်ရင်း—

'သူ့ကိုမထူနဲ့၊ သူအဆိပ်မိထားတယ်'

ဟု ပြောလိုက်၏။

ပေါက်ရှန်က ပြူးကြောင်သော မျက်လုံးများဖြင့် ချင်ဝှမ်ဝူနှင့် တုံးမုရှာတို့ကိုကြည့်ရင်း သူ၏မျက်နှာပေါ်၌ အပြုံးရိပ်ပေါ်လာ၏။

တုံးမုရှာက နှုတ်ခမ်းတစ်ချက်ကိုက်ကာ

'ပေါက်ရှန် ပေါက်ရှန် နင့်ကို ဘယ်သူအဆိပ်ခတ်သလဲ'

ဟုမေးလိုက်၏။

ပေါက်ရှန်၏ မျက်နှာပေါ်မှ အပြုံးရိပ်ပျောက်ကွယ်သွား၏။

နာကျင်သော ဝေဒနာခံစားရဟန် အမူအရာပေါ်လာ၏။

ပြီးမှ ပေါက်ရှန်သည် ပါးစပ်ကို ဟ လိုက်၏။

သို့သော် မည်သည့်စကားသံမျှ ထွက်မလာပါ။

စကားသံအစား ညိုမည်းသော သွေးတစ်ချက် အန်ကျလာသည်။

ထို့နောက် ...

ပေါက်ရှန်၏ ခန္ဓာကိုယ်သည် တစ်ချက်မျှ တွန့်လိမ်သွားပြီး ရုတ်တရက် ငြိမ်သက်သွားလေတော့၏။

'ပေါက်ရှန်'

တုံးမုရှာ၏ အော်ခေါ်သံက အခန်းထဲ၌ လွင့်ပျံ့သွားလေတော့သည်။

× × ×

ပေါက်ရှန်သည် ချင်ဝှမ်ဝူ၏ အိမ်ဖော်ဖြစ်သည်။

ပေါက်ရှန် သေဆုံးသည့်အတွက် ချင်ဝှမ်ဝူ၏ ရင်ထဲ၌ စိတ်မကောင်းဖြစ်မိ၏။

သို့သော်....

သူသည် တုံးမုရှာထက် စိတ်ကို တည်ငြိမ်စွာ ထားနိုင်သည်။

သူသည် နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီးမှ တုံးမုရှာ၏ ပခုံးကို ညင်သာစွာ ဆုပ်ကိုင်လိုက်၏။



တုံးမုရှာ၏ မျက်ဝန်းအိမ်ထဲမှ မျက်ရည်များသည် ပါးပြင်သို့ စီးကျလာ၏။

တုံးမုရှာသည် သူမ၏ မျက်နှာအား ချင်ဝှမ်ဝူ၏ ရင်ခွင်ထဲ၌ နှစ်မြှုပ်လိုက်ရင်း....

'သူ သူက ကလေးကြီးတစ်ယောက်သာသာပဲ ရှိသေးတယ်၊ ဘယ်သူက ဒီလောက်ယုတ်မာပြီး သတ်လိုက်ရတာလဲ'

ဟု မကျေမချမ်းဖြင့် တီးတိုးပြောလိုက်၏။

ချင်ဝှမ်ဝူက လေးနက်သော လေသံဖြင့်....

'ညီမမုရှာ စိတ်မကောင်းဖြစ်မနေနဲ့၊ ဒီလိုလူစိတ်ကင်းမဲ့တဲ့လူကို ငါတို့ တစ်နေ့ကျရင် ဖော်ထုတ်နိုင်မှာပါ'

ဟု နှစ်သိမ့်ဆိုစကားပြောလိုက်၏။

ထိုစဉ်....

ရုတ်တရက်....

ချင်ဝှမ်ဝူ၏ မျက်လုံးထောင့်စွန်းမှ ရွှေရောင်အလင်းတန်းသည် ငွေရောင်အလင်းတန်းကို ဖောက်ထွင်းကာ တုံးချုံ အန်းထံသို့ ရောက်ရှိသွားကြောင်း မြင်တွေ့လိုက်ရလေတော့သည်။

× × ×

ကျင်းကျီကျွန်း၏ဘယ်ဘက်လက်မောင်း၌ သွေးများစီးကျနေသည်။

တုံးချုံအန်း၏ ငွေတုတ်ကောက်က ကျင်းကျီကျွန်း၏ ဘယ်လက်မောင်းအား ဒဏ်ရာဖြစ်စေခဲ့ကြောင်း ထင်ရှားလေ၏။

တုံးချုံအန်းက ကျင်းကျီကျွန်းအား တုံ့ပြန်မတိုက်ခိုက်နိုင်အောင် ဖိ၍တိုက်ခိုက်နေစဉ် တုံးမုရှာ၏ အော်ဟစ်သံကြောင့် တုံးချုံအန်း၏ အာရုံသည် တုံးမုရှာထံ ရောက်ရှိလာ၏။

ထိုတဒင်္ဂအတွင်း၌ပင် ကျင်းကျီကျွန်းသည် ခံစစ်အနေအထားမှ တိုက်စစ်အနေအထားသို့ ရုတ်တရက် ပြောင်းလဲကာ တိုက်ခိုက်လာလေသည်။

ထို့ကြောင့်....

ကျင်းကျီကျွန်း၏ ရွှေတူတစ်ချောင်းက တုံးချုံအန်း၏ ဘယ်ဘက်ရင်အုံသို့ စိုက်ချလာ၏။

ချင်ဝှမ်ဝူသည် ထိုအခြင်းအရာကို မြင်တွေ့ရသောအခါ တုံ့ဆိုင်းမနေဘဲ ချက်ချင်း ကျင်းကျီကျွန်းထံ ခုန်အုပ်လိုက်လေတော့သည်။

ကျင်းကျီကျွန်းထံသို့ ချင်ဝှမ်ဝူ ခုန်အုပ်လိုက်သည်ကို မြင်သော တုံးချုံအန်းသည် ချင်ဝှမ်ဝူအတွက် စိုးရိမ်ကာ....

'ချင်ဝှမ်ဝူ နောက်ဆုတ်၊ သူက မင်းရဲ့ ပြိုင်ဘက်မဟုတ်ဘူး'

ဟု အော်ဟစ်လိုက်၏။



သို့သော်....

ချင်ဝှမ်ဝူသည် မိမိ၏ ဆရာကို ကယ်တင်လိုသည့် ဆန္ဒဖြင့် တစ်ဘက်လူသည် မိမိ၏ ပြိုင်ဘက်ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ဂရုမစိုက်ဘဲ အင်္ကျီလက်မောင်းကြားမှ ဓားကို ဆွဲထုတ်ကာ ကျင်းကျီကျွန်း၏ အရေးကြီးသော နေရာများသို့ ထိုးစိုက်ချလိုက်၏။

ချင်ဝှမ်ဝူ၏ ဓားချက်က လျှပ်စီးကဲ့သို့ လျင်မြန်၏။

သူ၏ ဓားက စီရိနယ်ကသံတစ်မျိုးဖြင့် ပြုလုပ်ကာ ဓားဝိဇ္ဇာဖန်ကုန်ကျန့်ကိုယ်တိုင် ပြုလုပ်ပေးထားသော ဓားဖြစ်သည်။

ဓားက ပါးလွှာပြီး ထက်မြက်ကာ အသုံးမလိုသည့်အချိန်၌ အင်္ကျီလက်မောင်းထဲသို့ ဝှက်ထားနိုင်၏။

ချင်ဝှမ်ဝူ၏ ဓားပျော့က ကျင်းကျီကျွန်း၏ ခန္ဓာကိုယ်ကို လွှမ်းခြုံပြီးနောက် (ရှဲ့)ဟူသော အသံနှင့်အတူ ကျင်းကျီကျွန်း၏ ရင်ဘတ်မှအင်္ကျီစကို စုတ်ဖြဲစေ၏။

ထို့ကြောင့်....

ချင်ဝှမ်ဝူသည် စိတ်ဓာတ်တက်ကြွကာ နောက်ထပ် သိုင်းကွက်အချို့ကို ထုတ်၍ ကျင်းကျီကျွန်းကို ထပ်မံတိုက်ခိုက်လိုက်၏။

ထိုစဉ်....

ရုတ်ရက် ကျင်းကျီကျွန်း၏ ရွှေတူက ရွှေရောင်တစ်ချက်လက်ကာ မြွေတစ်ကောင်ကဲ့သို့ ချင်ဝှမ်ဝူထံသို့ ရောက်ရှိလာ၏။

ကျင်းကျီကျွန်းသည် လူငယ်သိုင်းသမား တစ်ယောက်က မိမိကဲ့သို့ ဝါရင့်သိုင်းသမား၏ အင်္ကျီစကို စုတ်ပြဲအောင် ပြုလုပ်ခဲ့သဖြင့် ဒေါသဖြစ်နေ၏။

ထို့ကြောင့်....

သူ၏ ရွှေတူသိုင်းကွက်သည် ပို၍ လျင်မြန်ကာ ပို၍ ရက်စက်နေ၏။

သူ၏ ရွှေတူက ချင်ဝှမ်ဝူ၏ ဓားထက်တို၍ နေသော်လည်း ကြောက်စရာကောင်းလောက်အောင် လျင်မြန်ကာ ချင်ဝှမ်ဝူ၏ လည်မျိုပေါ်သို့ စိုက်ကျလာ၏။

တုံးချုံအန်းသည် ကျင်းကျီကျွန်း၏ ရွှေတူတစ်ချက် ထိထားသဖြင့် ဒဏ်ရာပြင်းထန်စွာ ရထားသော်လည်း မိမိတပည့်လွတ်မြောက်စေရန်....

'ချင်ဝှမ်ဝူ ဆုတ် ဆုတ်'

ဟု အော်ဟစ်ကာ သူ၏ ခန္ဓာကိုယ်အား လေထဲသို့ ခုန်လိုက်ပြီး ငွေတုတ်ကောက်ဖြင့် ကျင်းကျီကျွန်း၏ ရွှေတူကို လှမ်း၍ တားလိုက်၏။

'ထန်'

ဟူသော ရွှေတူနှင့် ငွေတုတ်ကောက်တို့ ထိတွေသံ ပြင်းထန်စွာ ပေါ်ထွက်လာပြီး တုံးချုံအန်းသည် နောက်သို့ လွင့်စဉ်သွားလေတော့သည်။

ကျင်းကျီကျွန်းလည်း နောက်သို့ခြေ လေး-ငါးလှမ်းမျှ ဆုတ်ခွာသွား၏။

သို့သော်....



ကျင်းကျီကျွန်းသည် ရုတ်တရက် လေထဲ၌ တစ်ပတ် ကျွမ်းထိုးကာ လက်နှစ်ဘက်ကို ဆန့်ထုတ်ပြီး ရွှေတူဖြင့် ချင်ဝှမ်ဝူကို ထိုးစိုက်၏။

အဖြစ်အပျက်က တဒင်္ဂအတွင်း၌ပင် ဖြစ်ပွားခဲ့သဖြင့် ချင်ဝှမ်ဝူ မှင်တက်မိနေစဉ်မှာပင် ကျင်းကျီကျွန်း၏ ရွှေတူက ချင်ဝှမ်ဝူ၏ ရင်ဘတ်ပေါ်သို့ ကျရောက်လာလေတော့၏။

သို့သော်....

ကျင်းကျီကျွန်း၏ ရင်ဘတ်နှင့် တစ်လက်မခန့် အကွာသို့ ရောက်သောအခါ....

ရုတ်တရက် ငွေရောင်အလင်းတန်း တစ်ခုက ရွှေတူပေါ်သို့ ကျရောက်လာပြီး 'ထန့်' ဟူသောအသံပေါ်ထွက်ကာ ကျင်းကျီကျွန်း၏ ရွှေတူသည် တစ်ဘက်သို့ယိုင်၍ သွားလေတော့၏။

ထို့ကြောင့်....

ချင်ဝှမ်ဝူသည် အသက်ဘေးမှ လွတ်မြောက်ခဲ့ရလေတော့သည်။

ကျင်းကျီကျွန်း မျက်နှာတစ်ချက် ပျက်သွား၏။

ထိုငွေရောင်အလင်းတန်းမှာ ပုတီးစေ့အရွယ်ခန့်ရှိသော သံမဏိလုံးကလေးဖြစ်၏။

ထိုသံမဏိလုံးဖြင့် ကျင်းကျီကျွန်း၏ရွှေတူကို ယိမ်းယိုင်သွားရန် ထောက်လိုက်လေသည်။

သူ၏အတွင်းအားကို ချင်ဝှမ်ဝူခန့်မှန်း မိ၏။

ကျောင်းကျီကျွန်းလည်း ချင်ဝှမ်ဝူကဲ့သို့ပင် ခန့်မှန်းမိ၍ မျက်စိမျက်နှာပျက်ကာ သံမဏိလုံးကို တောက်လိုက်သူအား ကြည့်လိုက်မိ၏။

သံမဏိလုံးဖြင့်ပစ်သော လူသည် အသက်ငယ်ရွယ်သော မိန်းမပျိုတစ်ယောက်ဖြစ်ပြီး ရှည်လျားသောဆံပင်ကို နောက်ကျော၌ဖားရား ချထား၏။

မိန်းမပျိုအားတွေ့သည်နှင့်ကျောင်းကျီကျွန်း၏ မျက်နှာသည် အံ့သြထိတ်လန့်သော အမူအရာသို့ ပြောင်းသွား၏။

အံ့သြထိတ်လန့်သော အမူအရာထဲ၌ မယုံကြည်နိုင်သော အမူအရာလည်း ရောယှက်နေ၏။

တုံးချုံအန်းနှင့် ချင်ဝှမ်ဝူတို့ကလည်း မိန်းမပျိုအား အံ့သြစွာ ကြည့်နေ၏။

အခန်းထဲ၌ မိန်းမပျို၏ ရယ်မောသံ သွဲ့သွဲ့မျှသာရှိ၏။

အတန်ကြာမှ....

ကျောင်းကျီကျွန်းသည် လက်နှစ်ဘက်ကို ဆုပ်လိုက်ပြီး....

'အင်း တော်လိုက်တဲ့ပညာပဲ'

ဟု ချီးကျူးလိုက်၏။

မိန်းမပျိုက တိုးတိုးညင်းညင်းကလေး ရယ်မောကာ....

'ဒါ....ဘာမှမဟုတ်သေးဘူး၊ ဒီပညာက အသေးအမွှားပဲ ရှိသေးတယ်'

ဟု ပြောလိုက်၏။



မိန်းမပျို၏စကားက ကျောင်းကျီကျွန်း၏ မာနကို ချိုးနှိမ်လိုက်သကဲ့သို့ ဖြစ်သဖြင့် ကျောင်းကျီကျွန်းသည် မျက်နှာတစ်ချက်တင်းမာသွားပြီး....

'မိန်းကလေးက ချင်ရင်းဌာနရဲ့လူလား'

ဟု မေးလိုက်၏။

မိန်းမပျိုက ခေါင်းခါယမ်းပြရင်း....

'ဒီချင်ရင်းဌာနကို အခုရောက်တာ ပထမဆုံးအကြိမ်ပဲ'

ယင်းစကားကြောင့် ကျောင်းကျီကျွန်း မျက်မှောင် ကြုတ်လိုက်မိ၏။

ထိုစဉ်....တုံးချုံအန်းက....

'ကျုပ်က ဒီအိမ်ရှင် တုံးချုံအန်းပါ၊ စောစောက မိန်းကလေး ကျုပ်တို့ကို ကယ်တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် အခု ကိစ္စက ချင်ရင်းဌာနရဲ့ ပြဿနာပဲ၊ ချင်ရင်းဌာနက လူတွေကပဲ ဖြေရှင်းပါလိမ့်မယ်၊ မိန်းကလေး ကိစ္စရှိရင် ကျုပ် မတားပါဘူး၊ ကျုပ် လိုက်မပို့နိုင်တာ ခွင့်လွှတ်ပါ'

ပြီးမှ တုံးမုရှာဘက်သို့ လှည့်ကာ....

'သမီး ဧည့်သည်ကို လိုက်ပို့လိုက်ပါ'

ဟု ပြောလိုက်၏။

တုံးမုရှာသည် မိမိ ဖခင်၏ စိတ်ဓာတ်ကို သိ၏။

တုံးချုံအန်းသည် ခေါင်းမာသူ ဖြစ်သည်။

ချင်ရင်းဌာန၏ ပြဿနာထဲ၌ တခြားလူ ပါဝင်လာမည်ကို မလိုလားချေ။

ထို့ပြင် ဘာမျှ မသိဘဲ မိမိတို့၏ ပြဿနာထဲသို့ ဝင်ရော
ကာ ကျင်းကြီးကျွန်းနှင့် ရန်ဘက် ဖြစ်သွားမည်ကို စိုးရိမ်၏

ထို့ကြောင့် —

မိန်းကလေးအား ယဉ်ကျေးစွာ ညွှန်နှင်လိုက်ခြင်းဖြစ်၏

တုံးမုရှာသည် မိန်းကလေးအား စိတ်ထဲမှ ကျေးဇူးတ
နေပေ၏။

သူမသည် ဖခင်၏ စကားအတိုင်း မိန်းမပျိုအား လိုက်
ပို့ရမည်ဖြစ်သော်လည်း ဖခင်နှင့် ချင်ဝှမ်ဝူအတွက် စိုးရိမ်
သဖြင့် စိတ်ထဲ၌ ချီတုံချတုံ ဖြစ်နေ၏။

ထိုစဉ် မိန်းမပျိုက တစ်ချက် ပြုံးလိုက်ပြီး....

'ချင်ရင်းဌာနက ဆရာကြီးတုံး ခေါင်းမာ ကြော
ကြားခဲ့ပါတယ်၊ ဟန်ကြူးမြို့က လူကြီးမင်း ထန်နဲ့ဆို
ခေါင်းမာတဲ့နေရာမှာ နင်လား ငါလားပဲဆိုတာ သိခဲ့
တယ်၊ အခုတွေ့ရတော့ ကျွန်မ ကြားခဲ့တာ မမှားဘူး
တာ သိလာရတယ်'

တုံးချုံအန်းက အံ့ဩဟန်ဖြင့်....

'မိန်းကလေးရဲ့ စကားက'

တုံးချုံအန်း၏ စကားမဆုံးမီ မိန်းမပျိုက မျက်
တစ်ချက် လှန်ကြည့်ရင်း

'ဆရာကြီး တုံးချုံအန်းဟာ သိုင်းပညာမှာ ထိပ်တန်း
ဆိုဘာ လူတိုင်း သိပါတယ်၊ ဒါပေမယ့် လက်ရှိ အ
အနေက ကျင်းကြီးကျွန်းက အသာစီးရနေပြီ၊ လော



ဆယ် ဒီသူခိုးကို မောင်းထုတ်နိုင်တာ ကျွန်မ တစ်ယောက်ပဲ
ရှိတယ်'

တုံးချုံအန်းသည် မိန်းမပျို၏ စကားကြောင့် မျက်စိ
မျက်နှာ ပျက်သွား၏။

တုံးချုံအန်းအား မည်သူကမျှ ယခုကဲ့သို့ ဝေဖ
ရဲခြင်း မရှိချေ။

ထို့ကြောင့်.... လေးမျက်နှာ

မိန်းမပျိုက ဝေဖန်ပြောဆိုသောအခါ တုံးချုံအန်းစိုက်ကြည့်
ဟန်မဆောင်နိုင်ဘဲ မျက်စိမျက်နှာ ပျက်သွားခြင်းဖြစ်၏။

သို့သော် —

တုံးချုံအန်းသည် ဧဏ်ရာပြင်းထန်စွာ ရရှိထားသည့်အပြင်
ချင်ဝှမ်ဝူ၏ အသက်အား မိန်းမပျိုက ကယ်တင်ထားသဖြင့်
မိန်းမပျို၏ ဝေဖန်မှုကို ဘာမျှ မပြောချေ။

အတန်ကြာမှ....

ခပ်တိုးတိုးလေး ရယ်မောကာ လက်နှစ်ဘက် ဆုပ်ရင်း....

'အင်း.... ဟုတ်တယ်၊ မိန်းကလေးပြောတာ နည်းလမ်း
ကျပါတယ်'

ဟု ပြောလိုက်၏။

မိန်းမပျိုက ဦးခေါင်း ခါယမ်းလိုက်ပြီး

'ဆရာကြီး တုံးချုံအန်းရဲ့ စကားက လေးနက်ပါတယ်၊
ကျွန်မက ဆရာကြီးကို ဝေဖန်တာ မဟုတ်ပါဘူး၊ မျက်မြင်
အခြေအနေကို ပြောပြတာပါ၊ ပြီးတော့ ကျွန်မကလဲ လူ
ကောင်း မဟုတ်ဘူး၊ စောစောက ဆရာကြီးရဲ့ တပည့်ကို

ကပ်လိုက်ပေမယ့် အခုတစ်ခါမှာတော့ လက်ပိုက်ကြည့်ချ
ကြည့်နေမှာ'

ထိုးမပျို၏ စကားကြောင့် ချင်ဝှမ်ဂူ မျက်ခုံးပင့်တ

မိန်းငါ

ိ မိန်းကလေးမျိုးပါလိမ့်' ဟူသော အကြည့်ဖြင့်

တုံးမုန

ဘား ကြည့်လိုက်မိ၏။

နေမိ၏။

းချုံအန်းက တစ်ချက် ရယ်မောလိုက်၏။

ု သူ၏ ရယ်မောသံနှင့်အတူ ပါးစပ်မှ သွေးများ အနည်း
ငယ် အန်ကျလာ၏။

တုံးချုံအန်းက ရယ်မောပြီးမှ ဦးခေါင်း တဆတ်ဆတ်
ညိတ်ကာ

'အင်း.... မျှစ်ပင် အခွံကျွတ်တော့ ဝါးပင် ဖြစ်လာ
တယ်၊ ငါးက လှိုင်းတံပိုးကြောင့် နဂါး ဖြစ်လာတယ်၊ ချ
ကျန်းမြစ်ရဲ့ နောက်ကလှိုင်းက ရှေ့ကလှိုင်းကို တွန်းတယ်
လောကမှာ လူသစ်က လူဟောင်းကို မောင်းထုတ်တယ်
မိန်းကလေးက ချောသလောက် အပြော ကောင်းတယ်
တကယ်လို့သာ ကျုပ်ရဲ့ သားသမီးတွေက မိန်းကလေး
လောက်တော်ရင် ကျုပ်အသက် ဆယ်နှစ်တိုလဲ အရေးမစိုက်
တော့ဘူး၊ ဒါနဲ့ မိန်းကလေးရဲ့ နာမည်က'

'လိုရှက်ရီ'

'လှလိုက်တဲ့ နာမည်ပဲ၊ ဒါနဲ့ မိန်းကလေးရဲ့ လေသံကိုနာ
ထောင်ရတာ မြောက်ပိုင်းကနဲ့တူတယ်၊ မိန်းကလေးရဲ့ အဖေ
က ဘယ်သူတုံး'



မိန်းကလေး၏ မျက်နှာသည် ရုတ်တရက် မှဲ့သွားကာ

'သူသေတာကြာပြီ'

ထိုစဉ် ကျင်းကျိကျွန်းက....

'လူသေရင် နာမည်တော့ရှိရမှာပေါ့'

ဟု မာကျောစွာနှင့် ပြောလိုက်၏။

ကျင်းကျိကျွန်း၏ စကားကြောင့် မိန်းကလေးမျက်နှာ
သည် တင်းမာခက်ထန်သွားပြီးကျင်းကျိကျွန်းကိုစူးစိုက်ကြည့်
ကာ...

'ကျင်းချင်ယွင် ရှင် အတင့်ရဲလှချည်လား'

ဟု လေသံမာမာဖြင့် ပြောလိုက်၏။

ကျင်းကျိကျွန်းသည် မိန်းကလေးက မိမိအား 'ကျင်းချင်
ယွင်' ဟု ခေါ်ဝေါ်သုံးစွဲလိုက်သဖြင့် သူ၏ မျက်နှာသည်
ရုတ်ဘရက် ဖြူဖွေးကာ အရိုက်ကို လက်သီးနှင့်အထိုး
ခံလိုက်ရသကဲ့သို့ အသံအောအောဖြင့်....

'မင်း မင်း ဘယ်သူလဲ'

ဟု ထစ်ထစ်ငေါ့ငေါ့ဖြင့် မေးလိုက်၏။

မိန်းမပျိုက အေးစက်စွာ ပြုံးရင်း....

'ခုနက ကျွန်မ နာမည်ကို ပြောပြီးပြီ၊ ရှင်သိချင်လဲ ထပ်
မပြောနိုင်ဘူး၊ ရှင်သိဖို့လဲ မလိုဘူး၊ ရှင်က သိုင်းလောက
မှာ သတ်သတ်တစ်စင်တောင်ဖို့ စိတ်ကူးနေလား'

ကျင်းကျိကျွန်း၏ မျက်နှာသည် အရုပ်ဆိုးစွာ ရှုံ့မဲ့သွား
ပြီး ထစ်ထစ်ငေါ့ငေါ့ဖြင့်...

'မင်း မင်းလဲ ဟို....ဟို သမင်လက်အိတ်ယူဖို့ စိတ်ကူးနေလား'

ဟု ပြန်မေးလိုက်၏။

မိန်းကလေး လိုရှက်ရီက မာကျောသော လေသံဖြင့်....

'သမင်လက်အိတ်ကိစ္စကို ရှင်စိတ်ပူဖို့ မလိုဘူး၊ အခုကျွန်မနဲ့ ရှင်နဲ့ စာရင်းဟောင်းတစ်ခု ရှင်းရလိမ့်မယ်'

ချင်ဝှမ်ဂူသည် လိုရှက်ရီနှင့် ကျင် ကျိကျွန်းတို့၏ အပြန်အလှန်ပြောဆိုနေသော စကားများကို နားထောင်ရင်း စိတ်ထဲမှ....

'မိန်းကလေးကြည့်ရတာ အသက်ငယ်ငယ်ပဲရှိသေးတယ်၊ ကျင်းကျိကျွန်းကလဲ မိန်းကလေးကို ကြောက်လာတယ်၊ သူတို့နှစ်ယောက်ကြားမှာ ဘာပြဿနာရှိပါလိမ့်'

ဟု မသိမသိုင် စဉ်းစားနေမိ၏။

ထိုအချိန်တွင်

ကျင်းကျိကျွန်းသည် နဖူးမှချွေးများကို သုတ်ရင်း နှုတ်ခမ်းတစ်ချက်ကိုက်လိုက်၏။

ပြီးမှ....

'မင်းနဲ့ ငါနဲ့ စာရင်းရှင်းရအောင် မင်းက'

ကျင်းကျိကျွန်း၏ စကားမဆုံးမီမှာပင် လိုရှက်ရီသည် သူမ၏ ဘယ်လက်ကို ရုတ်တရက် လှန်လိုက်ရာ အနက်ရောင် တံဆိပ်တစ်ခုပေါ်လာ၏။



ထိုအနက်ရောင်တံဆိပ်ပေါ်လာသည်နှင့် ချင်ဝှမ်ဂူသည်မယုံကြည်နိုင်လောက်သော အဖြစ်အပျက်ကို မြင်တွေ့လိုက်ရလေ၏။

ထိုအဖြစ်အပျက်မှာ....

ကျင်းကျိကျွန်းသည် လိုရှက်ရီ၏ လက်ထဲမှ တံဆိပ်ကို မြင်တွေ့သည်နှင့် ရုတ်တရက် လိုရှက်ရီ၏ ရှေ့သို့ ဒူးထောက်လိုက်လေတော့၏။

ဤအဖြစ်အပျက်က ချင်ဝှမ်ဂူသာမက လူတိုင်းကို အံ့သြစေ၏။

ထို့ပြင်....

ကျင်းကျိကျွန်း၏ မျက်နှာသည် ဖြူဖွေးကာ ထိတ်လန့်ကြောက်ရွံ့နေကြောင်း ထင်ရှား၏။

လိုရှက်ရီက တည်ငြိမ်သော လေသံဖြင့် ...

'ကျင်းချင်ယွင် ရှင်က ဒီအမိန့်တံဆိပ်ကို မှတ်မိသေးတာပဲ၊ မျက်စိမမှုန်သေးဘူးလို့ ဆိုရလိမ့်မယ်'

ကျင်းကျိကျွန်းက ဦးခေါင်းငုံ့ကာ—

'အဆောင်မှူးလို၊ ကျွန်တော်ဒီဆယ်နှစ်အတွင်းမှာခေါင်းဆောင်ကြီးရဲ့ ကျေးဇူးကို အမြဲတမ်း အောက်မေ့သတိရနေပါတယ်၊ ခေါင်းဆောင်ကြီးသာ ရုတ်တရက် ပျောက်ကွယ်မသွားရင် ကျွန်တော်အပြင်မှာ လျှောက်ရမ်းနေမှာ မဟုတ်ပါဘူး'

လိုရှက်ရီက လေသံမာကျောစွာဖြင့်....

'ရှင်ကိုယ်တိုင် လျှောက်ရမ်းနေတာကို ဝန်ခံတော့ ရှင်းလို သိပ်လွယ်ပါတယ်၊ အင်း — ဒီနေ့ ရှင့်ကိုချမ်းသာခွင့်ပေးလိုက် မယ်'

ကျင်းကျီကျွန်းသည် သူ၏ နဖူးနှင့် ကြမ်းပြင်အား ထိ ကာ

'အဆောင်မှူးလိုက ချမ်းသာခွင့်ပေးတာကို ကျေးဇူးတင် ပါတယ်'

ဟု ပျာပျာသလဲ ပြောလိုက်၏။ လိုရှက်ရီက....

'သိပ်ဝမ်းသာမနေနဲ့၊ ရှင့်ရဲ့အသက်ကိုချမ်းသာပေးပေမယ့် ရှင့်ကိုအပြစ်ဒဏ်တော့ ပေးရမယ်၊ ရှင့်ရဲ့အမှားတွေကို ပြုပြင်ဖို့ ရှင့်ရဲ့ မျက်လုံးတစ်ခုကိုဖောက်ပါ၊ ညာလက်မောင်းကို ဖြတ် ပစ်ပါ၊ ပြီးတော့ သိုင်းလောကကနေ တစ်ခါတည်း ထွက် သွားပါ၊ဒါပဲ'

လိုရှက်ရီ၏စကားကြောင့် ကျင်းကျီကျွန်းသည် ရုတ်တရက် မတ်တတ်ရပ်လိုက်ပြီး....

ကြောက်လည်းကြောက်ရွံ့ ဒေါသလည်းဖြစ်သော အမူ အရာဖြင့်....

'ခေါင်းဆောင်ကြီးကလွဲလို့ ဘယ်သူက ဒီလို အပြစ်မျိုး ပေးနိုင်လို့လဲ'

ကျင်းကျီကျွန်း၏စကားဆုံးသည်နှင့် လိုရှက်ရီက ကျင်းကျီ ကျွန်း၏ပါးကို တစ်ချက်ရိုက်လိုက်ပြီး....

'အတင့်ရဲလိုက်တာ၊ လိုရှက်ရီက ခုံရုံးအဆောင်မှူး သိရဲ့ လား၊ ဒီလိုအပြစ်ပေးပိုင်ခွင့်ရှိတယ်'



ဟု အော်ငေါက်လိုက်၏။

ကျင်းကျီကျွန်းက လိုရှက်ရီကို စူးစိုက်ကြည့်ကာ....

'ခုံရုံးအဆောင်မှူးက ရမ်ထက်ကျီပဲ'

'ရမ်ထက်ကျီက အဖွဲ့ရဲ့စည်းကမ်းကို ဖောက်ဖျက်လို့ သေ သွားပြီ၊ သူရှိနေရင် ဒီအနက်ရောင်ဘီလူး အပြစ်ဒဏ် အမိန့် တံဆိပ်က ကျွန်မဆီ ဘယ်လိုလုပ် ရောက်လာမလဲ'

လိုရှက်ရီ၏စကားကြောင့် ကျင်းကျီကျွန်း မျက်စိမျက်နှာ ပျက်သွား၏။

ယင်းစကားကြောင့် တုံးချုံအန်း၏ခန္ဓာကိုယ် တစ်ခုလုံး သည် တုန်လှုပ်သွားပြီး....

'ဘာ ... ရမ်ထက်ကျီ အလကား၊ရမ်ထက်ကျီက ဘယ်ကခုံရုံး အဆောင်မှူး ဖြစ်ရမှာလဲ'

ဟု ပြောလိုက်၏။

လိုရှက်ရီက တုံးချုံအန်း၏စကားကို ဂရုမစိုက်ဘဲ ၊ကျင်း ကျီကျွန်းကိုသာ မျက်နှာထားတင်းတင်းဖြင့် စူးစိုက်ကြည့်နေ သည်။

ကျင်းကျီကျွန်း၏မျက်နှာသည် သွေးဆုတ်သကဲ့သို့ ဖြူဖွေး နေ၏။

သူသည် လက်နှစ်ဘက်ကိုဆုပ်ပြီး....

'မင်းမှာဘီလူးအပြစ်ဒဏ် အမိန့်ရှိနေမှတော့ ကျုပ်မှာင်းနဲ့ အငြင်း ပွားမနေတော့ဘူး၊ ဒီနေ့ ကျုပ်ဒီကို မလာဘူးလို့ သဘောထားလိုက်ပါ'

ဟု ပြောပြီး အခန်းထဲမှ ထွက်သွားလေတော့၏။

လိုရှက်ရီက အေးစက်စွာ တစ်ချက်ပြုံးလိုက်ပြီး ကျင်းကျိကျွန်း နောက်သို့လိုက်သွားခြင်း မရှိချေ။

သို့သော်....သူမက မာကျောသောလေသံဖြင့်...

'ကျွန်မ ဒီနေ့ စိတ်ကောင်းဝင်နေလို့ ဒီစာရင်းကို မှတ်ထားလိုက်မယ်၊ နောက်မှ ပြန်တောင်းမယ်'

ဟု လှမ်းအော်ပြောလိုက်လေသည်။

တုံးချုံအန်းသည် ဒဏ်ရာပြင်းထန်စွာရရှိထားသော်လည်း စိတ် ဆောင်နေသဖြင့် လဲပြိုခြင်း မရှိသေးပေ။ ကျင်းကျိကျွန်း ထွက်ခွာသွားသည်ကို မြင်တွေ့လိုက်သောအခါ သူသည် သက်ပြင်းတစ်ချက် မှုတ်ထုတ်ရင်း စိတ် လျော့လိုက်ရာ ကြမ်းပေါ်သို့ လဲကျသွားလေတော့၏။

တုံးချုံအန်းလဲကျသည်နှင့် တစ်ပြိုင်တည်း တုံးမုရှာသည် ပြေး၍ ထူမရင်း....

'ဖေဖေ....ဖေဖေ'

ဟု စိုးရိမ်ပူပန်စွာ ခေါ်လိုက်၏။

ချင်ဝှမ်ဝူကလည်း တုံးချုံအန်း၏ ဘေး၌ ဒူးထောက်ထိုင်ကာ....

'ဆရာကြီး....ဆရာကြီး'

ဟု ခေါ်လိုက်၏။

တုံးမုရှာက သူမ၏ဖခင်ကို လှုပ်ခါရင်း ...

'ဖေဖေမသေရဘူး၊ မသေရဘူး'

ဟု အော်ဟစ်နေလေသည်။



လိုရှက်ရီက တုံးချုံအန်းကို တစ်ချက် လှမ်းကြည့်လိုက်ပြီး တုံးမုရှာ၏ဘေး၌ ဒူးထောက်ထိုင်ချလိုက်လေသည်။

ပြီးမှ သူမသည် တုံးချုံအန်း၏ဒဏ်ရာအခြေအနေကိုအကဲခတ် ကြည့်လိုက်၏။

ကျင်းကျိကျွန်း၏ ရွှေတူက တုံးချုံအန်း၏ ရင်ဘတ်ကို ဖောက်ထွင်းခဲ့သဖြင့် ထိုနေရာမှ သွေးများ စီးကျနေလေသည်။

ကြည့်နေဆဲမှာပင် တုံးချုံအန်း၏ မျက်နှာသည် ဖြူဖပ်ဖြူရော်ဖြစ်လာ၏။

လိုရှက်ရီက အင်္ကျီရင်ဘတ်ကြားမှ ကတ္တီပါအိတ်ကိုထုတ်ယူလိုက်ပြီး ...

အိတ်ထဲမှ ငွေဘူးငယ်တစ်ခုကိုထုတ်လိုက်၏။

ထို့နောက်....

ငွေဘူးထဲမှ အနီရောင်ဆေးလုံး တစ်လုံးကို နှိုက်ယူကာ လက်တစ်ဘက်ဖြင့် တုံးချုံအန်း၏ပါးစပ်ကိုဟ၍ ဆေးလုံးအား ပစ်သွင်းလိုက်လေ၏။

ချင်ဝှမ်ဝူသည် လိုရှက်ရီကိုလှမ်းကြည့်လိုက်ပြီး....

'မိန်းကလေးလို့၊ ဒါဘာဆေးလဲ'

ဟု မေးလိုက်၏။

လိုရှက်ရီက

'နှစ်တစ်ထောင် နှင်းဆေးလုံး၊ လောကမှာ ဒီဆေးလုံးမျိုး ဆယ်လုံးပဲရှိတယ်၊ အခုတော့ ကိုးလုံးပဲကျန်တော့တယ်'

တုံးမုရှာက လိုရှက်ရီကို ပျာပျာသလဲ လှမ်းကြည့်ရင်း

'ဒါ ဒါဆို သိပ်အဖိုးတန်မှာပဲ၊ အဖေပြန်ရှင်နိုင်မှာပေါ့'

လိုရှက်ရီက အေးစက်စွာ တစ်ချက်ပြုံးလိုက်ပြီး

'လူဘစ်ယောက် တကယ်သေပြီဆိုမှတော့ လောကပေါ်မှာ အရှားဆုံး အဖိုးတန်ဆုံး အစွမ်းထက်ဆုံး ဆေးတွေလဲ လူကိုပြန်မရှင်နိုင်ပါဘူး၊ မင်းအဖေတကယ်သေခဲ့ရင် ငါလဲ ဒီဆေးလုံးကို သက်သက် ဖြုန်းတီးမှာမဟုတ်ဘူး'

တုံးမုရှာက စိတ်ပူစွာဖြင့်

'ဒါဖြင့် ဖေဖေ့ကို ကယ်လို့ရမလား'

'အခြေအနေကို ကြည့်ရမှာပဲ'

ချင်ဝှမ်ဝူက မျက်မှောင်ကြုတ်ရင်း

'မင်းစကားက'

လိုရှက်ရီက ဦးခေါင်းညိတ်ကာ

'ဟုတ်တယ်လေ၊ ဒီနေရာဟာ ဆေးတောင်ကြားဖြစ်ပြီး ကျွန်မက လောကပေါ်မှာ ပထမတန်း နက်ဆေးဆရာ စီကျူကုန်ဖြစ်ခဲ့ရင်တော့ ဆရာကြီး တုံးချုံအန်းရဲ့ အသက်ရှင်နိုင်ဖို့ လမ်းရှိချင် ရှိမှာပေါ့'

လိုရှက်ရီ၏ စကားကြောင့် တုံးမုရှာသည် ရင်ထဲ၌ ထိတ်လန့်ကာ စိုးရိမ်ပူပန်သောလေသံဖြင့်

'ဒါ ဒါဖြင့် ဖေဖေ့ကို မကယ်နိုင်တော့ဘူးပေါ့'

ဟု အလောတကြီး မေးလိုက်၏။

ချင်ဝှမ်ဂူက တုံးမုရှာ၏ ပခုံးအား အသာအယာဆုပ်ကိုင်လိုက်ရင်း လိုရှက်ရီအား လှမ်းကြည့်ကာ



'ဒါဖြင့် ခင်ဗျားက ဘာလို့ ဒီဆေးလုံးနဲ့ ကယ်ရတာလဲ'

လိုရှက်ရီက တုံးမုရှာနှင့် ချင်ဝှမ်ဝူတို့ကို တစ်လှည့်စီကြည့်ရင်း အေးစက်စွာ ရယ်မောကာ

'ဆရာကြီး တုံးချုံအန်းရဲ့ အခြေအနေက ဆိုးရွားပေမယ့် ဒီဆေးလုံးကသူ့ကို သတိပြန်ရလာနိုင်တယ်၊ သူ့ရဲ့အသက်ကို မကယ်တင်နိုင်တောင်မှ အနည်းဆုံး သူ့ရဲ့ မှာတမ်းစကားလေး ဘာလေး ကြားရတာပေါ့'

ချင်ဝှမ်ဝူ၏ မျက်ဝန်းထဲ၌ ဒေါသ၏အရိပ်အယောင်ပေါ်လာပြီး

'သူ့မှာ ပြောစရာရှိရင်လဲ ခင်ဗျားနဲ့ပတ်သက်စရာ အကြောင်းမရှိဘူး'

ဟု ပြောလိုက်၏။

ချင်ဝှမ်ဝူ၏ စကားကြောင့် လိုရှက်ရီ၏ မျက်နှာသည် ဖြူဖွေး၍သွားပြီး အေးစက်သောလေသံဖြင့်....

'ကျွန်မက ဆရာကြီး တုံးချုံအန်းနဲ့ မပတ်သက်ဘူးလို့ ရှင်က ဘာကြောင့် ပြောနိုင်ရတာလဲ'

ချင်ဝှမ်ဝူက လိုရှက်ရီကို တစ်ချက်ကြည့်လိုက်ပြီး

'ကျုပ်က ဆရာကြီး တုံးချုံအန်းရဲ့တပည့်၊ တုံးမုရှာက ဆရာကြီးရဲ့သမီး၊ အဲ ခင်ဗျားက'

လိုရှက်ရီက တစ်ချက်ရယ်မောကာ

'ကျွန်မက ဆရာကြီးရဲ့သမီး'

ချင်ဝှမ်ဝူမျက်လုံးပြူး၍ လိုရှက်ရီကို စူးစိုက်ကြည့်လိုက်၏။ ပြီးမှ ဒေါသဖြင့်

'မင်းက ဆရာကြီးရဲ့သမီး မဖြစ်နိုင်ဘူး၊ အလကား ညာ
တာ'

လိုရှက်ရီကပြုံး၍
'ဘာလို့ မဖြစ်နိုင်ရမှာလဲ'
'ဆရာကြီးကတုံးအမျိုးအနွယ်၊ မင်းကလိုအမျိုးအနွယ်ပဲ'
လိုရှက်ရီက အောက်စွာပြုံးရင်း
'ဆရာကြီး တုံးချုံအန်း ငယ်စဉ်က တိတ်တိတ်ပုန်း မိန်းမ
မယူဘူးဆိုတာ ရှင်သိလို့လား'

သည်စကားက အရှုံးမပေးချင်၍ တမင်ရွဲ့၍ ပြောလိုက်
သော စကားဖြစ်ကြောင်း ချင်ဝှမ်ဝူ နားလည်လိုက်၏။

သာမန် မိန်းကလေး တစ်ယောက်အနေဖြင့် ဤသို့သော
စကားကို ပြောရဲလိမ့်မည် မဟုတ်ချေ။

ထို့ကြောင့်—

ချင်ဝှမ်ဝူသည် လိုရှက်ရီအား အထင်မသေးရဲချေ။

ထိုစဉ်....

တုံးချုံအန်း၏ ဖြူဖွေးနေသော မျက်နှာသည် အနည်း
ငယ် သွေးရောင်ပြန်လည်လွှမ်းလာပြီး မျက်ဖြူလန်နေသော
မျက်လုံးသည်လည်း ပြန်၍ လည်လာလေသည်။

အတန်ကြာသောအခါ

တုံးချုံအန်းသည် အနည်းငယ် လှုပ်ရှားလာပြီး မျက်လုံး
ကို ဝေ့၍ မိမိ၏ ပတ်ဝန်းကျင်ကို ကြည့်လိုက်၏။

တုံးမှုရှာက တုန်ယင်သောလေသံဖြင့်....

'ဖေဖေ' ဟု ခေါ်လိုက်၏။

သိုင်းသမားသုံးဖော်
အမှတ် ၁၅ / ၁၃၈၊



တုံးချုံအန်းက တုံမှုရှာထံမှတစ်ဆင့် ချင်ဝှမ်ဝူထံသို့
ရောက်သွား၏။

ထို့နောက် ချင်ဝှမ်ဝူထံမှတစ်ဆင့် လိုရှက်ရီထံ ရောက်
သွား၏။

တုံးချုံအန်းသည် လိုရှက်ရီအား မြင်တွေ့သောအခါ သူ၏
နှုတ်ခမ်းပေါ်၌ အပြုံးတစ်ချက် မသိမသာပေါ်လာ၏။

ပြီးမှ အလွန်တိုးညင်းသော လေသံဖြင့်....

'မိန်းကလေး မင်းက ချန်အောအဖွဲ့ကလား' ဟု မေးလိုက်
သည်။

လိုရှက်ရီက ဦးခေါင်းကိုညိတ်ကာ....

'ဟုတ်ပါတယ်၊ အခု ကျွန်မက ချန်အောအဖွဲ့ရဲ့ ခုံရုံး
အဆောင်မှူးတာဝန် ယူရပါတယ်'

တုံးချုံအန်းက မျက်လုံးပြူး၍လိုရှက်ရီအားကြည့်ယင်း....

'မင်း ငါ့ကိုမှန်မှန်ပြောစမ်းပါ၊ မင်းအရင် ခုံရုံးအဆောင်
မှူးက ရမ်ထက်ကျီဆိုတာ တကယ်ပဲလား'

လိုရှက်ရီက ဦးခေါင်းညိတ်ကာ....

'ဟုတ်ပါတယ်'

တုံးချုံအန်းက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး....

'အင်း....သူ ဖုံးကွယ်ထားတာ အကြောင်းရှိရမယ်လို့တော့
ကျုပ်ထင်မိတာ ကြာပြီ၊ ဒါပေမယ့် မိန်းကလေးကသာ

ပြောမပြရင် ကျုပ်သေတောင် သူ့ကို ချန်အောအဖွဲ့ကမှန်း သိမှာမဟုတ်ဘူး’

လိုရှက်ရီက နှုတ်ခမ်းတစ်ချက် ကိုက်ကာ....

‘ဆရာကြီးက ချန်အောအဖွဲ့ကို အထင်မကြီးသလိုပဲ’

တုံးချုံအန်းက ပြုံးယင်း....

‘ချန်အောအဖွဲ့က မြောက်ပိုင်းမှာ နာမည်ကြီးအဖွဲ့ပဲ၊ အဖွဲ့သားတွေကလဲ သိုင်းပညာကျွမ်းကျင်တဲ့ လက်ရွေးစင်တွေပဲ၊ ကျုပ် ဘယ်လိုလုပ် အထင်သေးရဲမလဲ၊ ဒါပေမယ့် ဒီဆယ်နှစ်အတွင်းမှာတော့ မင်းတို့ချန်အောအဖွဲ့ရဲ့ လုပ်ရပ်တွေကို ကျုပ်မကြိုက်တာအမှန်ပဲ’

လိုရှက်ရီက ခပ်တင်းတင်း ပြုံးလိုက်၏။

ပြီးမှ....

‘အမှန်တရားဘက်က ရပ်တည်ပါတယ်လို့ ကြွေးကြော်ပြီး မဟုတ်တာလုပ်တဲ့ အဖွဲ့တွေနဲ့စာရင်တော့ ကျွန်မတို့အဖွဲ့က မလွန်ပါဘူး၊ ဒါပေမယ့် ထူးဆန်းတာက အဲဒီလိုပြောတော့ တစ်မျိုး လုပ်တော့တခြား အဖွဲ့တွေကလူတွေကျတော့ နာမည်ကျော်ပြီး သားစဉ်မြေးဆက်ပါ နာမည်ရကြတယ်’

လိုရှက်ရီ၏ စကားကြောင့် တုံးချုံအန်းသည် မျက်စိမျက်နှာ ပျက်သွား၏။



တုံးချုံအန်း မျက်စိမျက်နှာပျက်သွားကြောင်း ချင်ဝှမ်ဝူသိလိုက်သဖြင့်....

‘ဒီမှာ မင်း လျှော့ပြောရင် မရဘူးလား’

ဟု ဝင်ရောက်၍ လိုရှက်ရီအား ပြောလိုက်သည်။

လိုရှက်ရီက ချင်ဝှမ်ဝူကို တစ်ချက်ကြည့်လိုက်ပြီး ဘာမျှပြန်မပြောဘဲ မျက်နှာတင်းတင်းဖြင့် တစ်ချက်ကြည့်လိုက်၏။

တုံးချုံအန်းသည် ထိုအချိန်၌ ချောင်း အဆက်မပြတ်ဆိုးကာ ပါးစပ်မှ သွေးများ စီးကျလာလေသည်။

အတန်ကြာမှ တုံးချုံအန်းသည် ချင်ဝှမ်ဝူနှင့် တုံးမုရှာကို ကြည့်လိုက်ပြီး မောဟိုက်သောလေသံဖြင့်....

‘ရမ်ထက်ကျီဘယ်သူဆိုတာ မင်းတို့သိသလား’

ဟု မေးလိုက်၏။ ချင်ဝှမ်ဝူက ဦးခေါင်းခါယမ်းပြ၏။

တုံးမုရှာက ဦးခေါင်းခါယမ်းရင်း လေသံတိုးတိုးဖြင့်....

‘သမီး မသိဘူး’

တုံးချုံအန်းက သက်ပြင်းတစ်ချက်ချယင်း....

‘ရမ်ထက်ကျီဆိုတာက ဖေဖေနဲ့ နှစ်ပေါင်း(၁၀)နှစ်နီးပါး သိကျွမ်းခဲ့တဲ့ အဘိုးအို ဝေးရှေဆိုတာပဲ’

တုံးချုံအန်း၏စကားကြောင့် ချင်ဝှမ်ဝူနှင့် တုံးမုရှာတို့သည် မျက်လုံးပြူးကာ မယုံကြည်နိုင်အောင်ပင် အံ့ဩမိလေတော့၏။

သူတို့သည် အဘိုးအို ဝေးရွှေဟူသောအမည်ကို စိမ်း၍ မနေချေ။

တုံးချုံအန်း၏ စကားများထဲ၌ အဘိုးအို ဝေးရွှေ၏ အမည်သည် မှကြာခဏ ပါလာခဲ့သည်မဟုတ်ပါလား။

သို့သော် သူတို့သည် ချန်အော့အဖွဲ့၏ ခုံရုံးအဆောင်မှူး ရမ်ထက်ကျီနှင့် အဘိုးအို ဝေးရွှေသည် တစ်ဦးတည်းဖြစ် ကြောင်းကိုမူ ယနေ့မှသိရသဖြင့် မယုံကြည်နိုင်အောင်ပင် အံ့သြမိလေတော့သည်။

ချင်ဝှမ်ဝူက သက်ပြင်းတစ်ချက် မှုတ်ထုတ်ရင်း....

'အဘိုးအို ဝေးရွှေဟာ ရမ်ထက်ကျီ ဖြစ်တယ်ဆိုတာ'

ချင်ဝှမ်ဝူ၏စကား မဆုံးမီ တုံးချုံအန်းက....

'ဒါကို မင်း မယုံသင့်ဘူ မဖြစ်နဲ့၊ ဒီအကြောင်းကို င ကြားတာ ကြာပြီ၊ ဒါပေမယ့် အဘိုးအိုဝေးရွှေကို တမင် မကောင်းသတင်း လွှင့်နေတာလို့ ထင်ခဲ့တယ်၊ အခု ကြည့်ရ တာ အကြောင်းတစ်ခုခု ရှိလိမ့်မယ် ထင်တယ်'

ဟု ချင်ဝှမ်ဝူ၏ စကားကို ဖြတ်၍ ပြောလိုက်၏။

တုံးချုံအန်း၏ စကားကြောင့် အတန်ကြာအောင် ငြိမ် သက်နေသော လိုရှက်ရီက ခပ်တင်းတင်း တစ်ချက်ပြုံးကာ...

'ချန်အော့အဖွဲ့က မဟုတ်တာတွေ လုပ်နေတယ် ဆိုပေ မယ့် ခုံရုံးအဆောင်မှူးကတော့ အဖွဲ့သားတွေကို ကြပ်ကြပ်



မတ်မတ် ထိန်းသိမ်းခဲ့တယ်၊ စည်းကမ်းဖောက်ဖျက်ယင် သူ့လူ ကိုယ့်လူ မခွဲခြားဘူး၊ တိတိကျကျ အပြစ်ဒဏ် ပေးခဲ့တယ်၊ ဒါကြောင့်လဲ အဖွဲ့ချုပ်က ပြောဖူးတယ်၊ ချန်အော့ အဖွဲ့က လူတွေဟာ မကောင်းတဲ့လူတွေ ဖြစ်ပေမယ့် ခုံရုံးအဆောင် မှူးကတော့ အမှန်တရားကို လက်ကိုင်ထားတဲ့လူလို့ ရမ်ထက် ကျီကို ချီးမွမ်းဖူးတယ်၊ ဒါပေမယ့် ရမ်ထက်ကျီက အဖွဲ့ချုပ်ကို ဆန့်ကျင် တွန်းလှန်ဖို့ ကြိုးစားခဲ့တဲ့အတွက် ရမ်ထက်ကျီ သေဆုံးခဲ့ရတယ်'

တုံးချုံအန်းက....

'ရမ်ထက်ကျီက မင်းတို့ရဲ့အဖွဲ့ချုပ်ကို ဘယ်လို ဆန့်ကျင်ခဲ့ တာလဲ၊ မင်း ငါ့ကို ပြောပြနိုင်ပါ့မလား'

လိုရှက်ရီက ဘာမျှမပြောဘဲ တုံးချုံအန်းကို ကြည့်လိုက်၏။

တုံးချုံအန်းက ယဲ့ယဲ့ကလေး ပြုံးကာ....

'သေခါနီး လူတစ်ယောက်ရဲ့ ဆန္ဒကို မင်း လိုက်လျော သင့်ပါတယ်'

ဟု ပြောလိုက်၏။

လိုရှက်ရီက အတန်ကြာအောင် တွေဝေနေပြီးမှ....

'အမှန်တော့ ဒီကိစ္စက ချန်အော့အဖွဲ့အတွက် အရေးကြီးတဲ့ လျှို့ဝှက်ချက်တစ်ခုပဲ၊ ဒါပေမယ့် အခုတော့ ရမ်ထက်ကျီလဲ သေပြီပဲ၊ ဒီအကြောင်းကို ပြောပြလဲ အကြောင်း မဟုတ် တော့ပါဘူး'

ဟု ပြောလိုက်ပြီး တုံးချုံအန်းကို တစ်ချက် ကြည့်လိုက်လေ၏။

ထို့နောက် သူမသည် နှုတ်ခမ်းတစ်ချက် ကိုက်လိုက်ပြီး....

'လွန်ခဲ့တဲ့ ငါးနှစ်က စိရိမိကျုံ လက်ရွေးစင် နပုဘုန်းကြီးနဲ့ တပည့်ကြီး ရှစ်ယောက်ဟာ ကားယုကနေကျုံဆူ အဲဒီက ကျုံဝမ်ကို ဝင်ရောက်လာခဲ့တယ်၊ သူတို့ဝင်လာတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်မတို့ရဲ့ ချန်အော့ အဖွဲ့ချုပ်မှာရှိတဲ့ ကျမ်းဂန်တစ်ခုကို ယူဖို့ပဲ၊ အဲဒီကျမ်းဂန်က အဖွဲ့ချုပ်အနေနဲ့ အဖိုးမတန်ပေမယ့် သူတို့အတွက် အလွန်ပဲ အဖိုးတန်တဲ့ ကျမ်းဂန်ပဲ၊ တိဗက် လားမားတွေ ကိုးကွယ်တဲ့ လူတွေအတွက် အဖိုးတန်တဲ့ ကျမ်းဂန်ပေါ့'

လိုရှက်ရီသည် ထိုသို့ပြောလိုက်ပြီး စကားကို ခေတ္တရပ်၍ တုံးချုံအန်းတို့ကို ကြည့်လိုက်၏။

တုံးချုံအန်းသည် မျက်စိကိုမှေး၍ ငြိမ်သက်စွာနားထောင်နေ၏။

ချမ်ဝှမ်ဂူနှင့် မုရှာတို့သည် လိုရှက်ရီ၏ မျက်နှာကို ငေးကြည့်ကာ စိတ်ဝင်စားစွာ နားထောင်နေ၏။

လိုရှက်ရီက တံတွေးတစ်ချက်မျိုလိုက်ပြီး....

'အမှန်တော့ လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ဆယ်က အဖွဲ့ချုပ်ဟာ ရိမိစိကျုံကို ရောက်ခဲ့တယ်၊ အဲဒီတုန်းကသူဟာ မြို့တစ်



မြို့လောက် တန်ဖိုးရှိတဲ့ ဓားတစ်လက်ကို သွားရှာ ခဲ့တာပဲ၊ အဲဒီဓားဟာ တကျောင်းက ဘုန်းတော်ကြီး တစ်ပါးထံမှာ ရှိနေတယ်၊ အဲဒီဘုန်းတော်ကြီးက ဘာသိုင်းပညာမှ မတတ်ဘူး၊ ကျောင်းထဲက ဘုန်းကြီးတွေကလဲ အဲဒီဘုန်းတော်ကြီးကို အထင်မကြီးကြဘူး'

လိုရှက်ရီ၏ စကားအဆုံး၌ တုံးချုံအန်းသည် မျက်လုံးကြီး ဖြည်းညင်းစွာဖွင့်ရင်း....

'တငကျောင်း ဘုန်းကြီးကျောင်း ဟုတ်လား'

လိုရှက်ရီက ဦးခေါင်းညိတ်ရင်း

'ဟုတ်တယ်'

တုံးချုံအန်းက

'ကျုပ် ငယ်ငယ်တုန်းက အဲဒီကျောင်းကို ရောက်ဖူးတယ်၊ လာဆာမြို့မှာ ရှိတယ်လေ'

တုံးမုရှာက မျက်ခုံးတစ်ချက် ပင့်တင်ရင်း....

'လာဆာမြို့က ဘယ်မှာ ရှိလဲ'

'တိဗက်မှာ တငကျောင်း ဘုန်းကြီးကျောင်းကို မင်းသားဝန်ချင်က ဆောက်ခဲ့တယ်၊ ငါ အဲဒီမြို့ရောက်တော့ ၁၀ လပိုင်း ၁၅ ရက်နေ့ပဲ၊ ငါ မှတ်မိတယ်၊ မင်းသား ဝန်ချင်ရဲ့ မွေးနေ့ ကျင်းပနေကြတယ်၊ ကျန့်လူမျိုးနဲ့ ကုန်သည်တွေဟာ

အဲဒီ တကျောင်း ဘုန်းကြီး ကျောင်းမှာ တည်းခို ကြတယ်၊ တကယ်စည်ကားတာပဲ၊ အဲဒီမှာ ငါ သိခဲ့တာတစ်ခုက (လဝန်း အရိပ်ခေါ်) ပဲ'

လိုရှက်ရီက ဦးခေါင်းကို ညိတ်ကာ....

'ဟုတ်တယ်၊ အဲဒီ လဝန်းအရိပ်ခေါ်းကို အဖွဲ့ချုပ် သွားရှာတာပဲ၊ ဒါပေမယ့် အဖွဲ့ချုပ်ဟာ လဝန်းအရိပ်ခေါ်းကို ရှာမတွေ့ဘဲ လာဆာမြို့မှာ ခုနစ်လ၊ ရှစ်လ သောင်တင်နေခဲ့တယ်၊ ဒါနဲ့ စိတ်ဓာတ်ကျပြီး ပြန်ဖို့ စီစဉ်ခဲ့တယ်၊ အဲ....ပြန်ဖို့ ရက်မတိုင်မီ တစ်ရက်အလိုမှာ အဖွဲ့ချုပ်ဟာ ဘုန်းကြီးအိုတစ်ပါးနဲ့ တွေ့ခဲ့တယ်၊ အဲဒီ အချိန်မှာ ဘုန်းကြီးအိုဟာ အတော်ဖျားနေတယ်၊ တွေ့တဲ့နေရာက ဘုန်းကြီးကျောင်း တစ်ကျောင်းရှေ့မှာပဲ၊ ဘုန်းကြီးအိုက အဖွဲ့ချုပ်ရဲ့ လက်ကို ဖမ်းဆွဲပြီး တရုတ်စကားနဲ့....တကာ ကျုပ် ဖျားနေပြီ၊ ကျုပ်ကို ဘယ်သူကမှ မစောင့်ရှောက်တော့ဘူးလို့ ပြောလိုက်တယ်၊ အဖွဲ့ချုပ်ကလဲ ဘုန်းကြီးအိုကို သနားပြီး မသေနိုင်ပါဘူးလို့ နှစ်သိမ့်ပြီး ကျုံဝမ် ရောက်ဖူးလားလို့ မေးကြည့်တယ်၊ နောက်တော့ အဖွဲ့ချုပ်ဟာ ပြန်မယ့် အစီအစဉ်ကို ဖျက်လိုက်ပြီး ဘုန်းကြီးအိုကို ပြုစုခဲ့တယ်'

လိုရှက်ရီက စကားကို ခေတ္တ ရပ်တန့်လိုက်၏။

ပြီးမှ တစ်ချက် စဉ်းစားလိုက်ပြီး....



'အဲဒီမှာ ရက်ပေါင်း နှစ်ဆယ်လောက် ပြုစုပြီးတော့ တစ်ညမှာ ဘုန်းကြီးအိုက အဖွဲ့ချုပ်ကို လဝန်းအရိပ်ခေါ်းကို ထုတ်ပြတယ်၊ ဘုန်းကြီးအိုက ဒီခေါ်းအကြောင်းကို မသိပေမယ့် အဖိုးတန် ခေါ်းတစ်လက် ဖြစ်မှန်းတော့ သိတယ်၊ ပြီးတော့ ဒီခေါ်းကို ဘုန်းကြီးအိုဟာ တရုတ်လူမျိုး တစ်ယောက်ဆီက ရခဲ့တာ၊ အဲဒီလူက ကျုံဝမ်က နာမည်ကျော် လက်ရွေးစင် တင်ယောက်ပဲ၊ သူ့ကို ရန်သူတွေ ဆယ့်သုံး ယောက် က ပူးပေါင်းပြီး လုပ်ကြံလို့ ဒဏ်ရာတွေနဲ့ ထွက်ပြေးလာရင်း ဘုန်းကြီးအိုနဲ့ တွေ့ပြီး နောက်ဆုံး မသေခင်မှာ ဘုန်းကြီးအိုကို အဲဒီ လဝန်းအရိပ်ခေါ်းကို လက်ဆောင်အဖြစ် ပေးခဲ့တာ'

တုံးချုံအန်း၊ ချင်ဝှမ်ဝူနှင့် တုံးမုရှာတို့သည် လိုရှက်ရီ၏ စကားကို စိတ်ဝင်စားစွာ နားထောင်နေ၏။

လိုရှက်ရီက အဖြစ်အပျက်ကို ရှည်လျားစွာ ပြောပြရသဖြင့် အာခေါင်ခြောက်သွားဟန်ဖြင့် တံတွေး တစ်ချက် မျိုလိုက်ပြီး သူမ၏ စကားကို ဆက်ပြောလိုက်၏။

'ဘုန်းကြီးအိုက ခေါ်းအကြောင်း နားမလည်ပေမယ့် ဒီခေါ်းဟာ အဖိုးတန်မှန်း သိတယ်၊ ဒါကြောင့် တစ်ချိန်လုံး သေသေချာချာ သိမ်းဆည်းထားခဲ့တယ်၊ ပျံလွန်တော်မူခါနီးမှ ခေါ်းကို သိမ်းထားရာက ထုတ်ပြီး ကျွန်မတို့ရဲ့ အဖွဲ့ချုပ်ကို ပေးခဲ့တာ၊ အဲဒီ ခေါ်းအပြင် ဘုန်းကြီးအိုက ကျုန့်လူမျိုးစုရဲ့ ဘာသာနဲ့ ရေးထားတဲ့ ကျမ်းဂန် တစ်စောင်ကိုလဲ ပေးလိုက်

တယ်၊ ပြီးတော့ မပျောက်မပျက်အောင် ထိန်းသိမ်းဖို့ မှာခဲ့တယ်’

လိုရှက်ရီက စကားကို ရပ်၍ တုံးချုံအန်းတို့ကို တစ်ချက်ငေ့ကြည့်လိုက်သည်။

ပြီးမှ သူမသည် လျှာဖြင့် ခြောက်သွေ့သော နှုတ်ခမ်းကို တစ်ချက် သပ်ကာ စကားကို ဆက်ပြောလိုက်ပြန်၏။

‘အဖွဲ့ချုပ်က လဝန်းအရိပ်ခေးကိုပဲ အာရုံစိုက်တာဖြစ်လို့ ကျမ်းဂန်ကို သေသေချာချာ သိမ်းထားပေမယ့် တဖြည်းဖြည်းနဲ့ မေ့လျော့လာတယ်၊အဲဒီနောက် ဘုန်းကြီးအို ပျံလွန်တော်မူပြီးနောက် ဆယ့်လေးနှစ် ကြာတဲ့အခါမှာ ဘုန်းကြီးနှစ်ပါး ကျုံဝမ်ကို ဝင်လာတယ်၊ ပြီးတော့ အဖွဲ့ချုပ်ကို လိုက်ရှာခဲ့တယ်၊ အဖွဲ့ချုပ်နဲ့ တွေ့တော့ ကျမ်းဂန်ကို မေးတယ်၊ အဲဒီကျမ်းဂန်က လွန်ခဲ့တဲ့ နှစ်ပေါင်း ငါးရာက စိရိက ဘုန်းတော်ကြီး ချန်ကြားထု ရေးခဲ့တဲ့ ကျမ်းဂန်ဖြစ်ပြီး လားမားတွေအတွက် အဖိုးတန်တဲ့ ကျမ်းတစ်စောင် ဖြစ်နေတယ်၊ နောက်ဆုံး အဖွဲ့ချုပ်က အလဲအလှယ်လုပ်ဖို့ သဘောတူခဲ့တယ်’

ချင်ဝှမ်ဝူက မျက်မှောင် တစ်ချက် ကုပ်ရင်း....

‘ဘာနဲ့ အလဲအလှယ်လုပ်ဖို့ သဘောတူတာလဲ’

လိုရှက်ရီက ဦးခေါင်း ခါယမ်းကာ....

‘ဒါတော့ ကျွန်မလဲ မသိဘူး၊ ဒါပေမယ့် သူတို့ ပြန်သွားပြီး နောက်တစ်နှစ် ကြာတော့၊လွန်ခဲ့တဲ့ ငါးနှစ်ကပေါ့၊



နပု ဘုန်းကြီးဟာ တပည့် ဘုန်းကြီး ရှစ်ယောက်နဲ့ အတူ ကျုံဝမ်ကို ဝင်လာခဲ့တယ်၊ လျှို့ဝှက်စွာ လှုပ်ရှားနေကြတယ်၊ ကျုံဝမ် ရောက်လို့ ရှစ်ရက်မြောက်နေ့မှာ နပုဘုန်းကြီးဟာ ဝမ်းလျှောတဲ့ ရောဂါရတယ်၊ နောက်ဆုံး ဟုန်ဟိုမြစ်ဒေသက အော့လန် တောင်ခြေ ရောက်တော့ နပုဘုန်းကြီးဟာ ဝမ်းလျှောရုံတင် မကဘူး၊ အပြင်းအထန် ဖျားလာတယ်၊ အမှန်တော့ နပုဘုန်းကြီးဟာ ဝိဒ္ဓိမိကျုံက လက်ရွေးစင်ပဲ၊ ဒါကြောင့် အစာ မစားဘဲ တစ်လ နှစ်လ နေတာတောင် ကျန်းမာရေး ချွတ်ယွင်းတဲ့လူ မဟုတ်ဘူး၊ နောက်ဆုံးတော့ နပုဘုန်းကြီး သာမန် ဖျားနာတာမျိုး မဟုတ်ဘဲ ထူးဆန်းတဲ့ အဆိပ်မိခြောင်း ကျန်တဲ့ ဘုန်းကြီးတွေက သိလာတယ်၊ ဒါကြောင့် အားလုံးဟာ ထိတ်ထိတ်ပျာပျာဖြစ်ပြီး သူတို့ကို ရန်သူတွေ ဝိုင်းနေပြီဆိုတာ သိလိုက်ကြတယ်’

ချင်ဝှမ်ပူက ဦးခေါင်း ခါယမ်းရင်း....

‘လက်ရွေးစင်တစ်ယောက်ကို အဆိပ်ခတ်နိုင်တာ ချီးကျူးရမယ်’

လိုရှက်ရီက ချင်ဝှမ်ဝူကို တစ်ချက် လှမ်းကြည့်လိုက်ပြီး....

‘ကျုံဝမ်ရဲ့ သိုင်းလောကမှာ အဆိပ်သုံးတဲ့လူ မနည်းဘူး၊ ဒါပေမယ့် နပုဘုန်းကြီးလို လက်ရွေးစင်ကို အဆိပ်ခတ်နိုင်တဲ့လူကတော့ မများဘူး’

ချင်ဝှမ်ဝူက ဦးခေါင်း ညိတ်ပြလိုက်ပြီး....

လိုရှက်ရီက လျှာဖြင့် နှုတ်ခမ်း တစ်ချက် သပ်လိုက်ပြီး....

'အဲဒီနောက် တစ်ညမှာ အဝတ်နက် ဝတ်ထားတဲ့ လူတစ်စု ရောက်လာပြီး နပု ဘုန်းကြီးတို့ကို တိုက်ခိုက်တယ်၊ အဲဒီလူတွေဟာ ခုနစ်ယောက် ရှစ်ယောက်လောက်ပဲ ရှိတယ်၊ ဒါပေမယ့် အားလုံးဟာ သိုင်းပညာသာမက အဆိပ်လက်နက်ပုန်း ပစ်တာကိုပါ ကျွမ်းကျင်ကြတယ်၊ နောက်ဆုံးတော့ ပိုက်လိ ဆိုတဲ့ ဘုန်းကြီးတစ်ပါးပဲ လွတ်မြောက်ခဲ့တယ်'

လိုရှက်ရီက စကားကို ခေတ္တရပ်တန့်လိုက်၏။

ထိုအချိန်တွင် တုံးချုံအန်းသည် ချောင်းအဆက်မပြတ်ဆိုးပြီး ပါးစပ်မှ သွေးများအန်လာ၏။

အတန်ကြာမှ တုံးချုံအန်းသည် အသက်ကို မျှဉ်းမျှဉ်းရှူရင်း မျက်လုံးမှေးကာ လိုရှက်ရီအား ဆက်လက်ပြောရန် လက်ဟန်ဖြင့် ပြလိုက်၏။

လိုရှက်ရီက ခေါင်းညိတ်ပြီး....

'လွတ်သွားတဲ့ ပိုက်လိဘုန်းကြီးက အဖွဲ့ချုပ်ထံ ရောက်လာပြီး အကျိုးအကြောင်း ပြောပြတယ်၊ ဒါနဲ့ အဖွဲ့ချုပ်က လူလွှတ်ပြီး စုံစမ်းတော့ နောက်ဆုံး အဝတ်နက်လူစုကို ဦးဆောင်တာ ရမ်ထက်ကျီမှန်း သိလာတယ်၊ ရမ်ထက်ကျီကလဲ ဒီအကြောင်းကိုသိလို့ ညတွင်းချင်း ထွက်ပြေးခဲ့တယ်၊ အဖွဲ့ချုပ်ကလဲ ရမ်ထက်ကျီကိုဖမ်းဖို့ အမိန့်ထုတ်ပြီး အဖွဲ့ထဲက



လက်ရွေးစင်အချို့ကို လွှတ်လိုက်တယ်၊ အဲ ရမ်ထက်ကျီ ထွက်ပြေးပြီးတဲ့နောက် (၁၂)ရက်ကြာတော့ အဖွဲ့ထဲက ကာကွယ်ရေး တာဝန်ခံက ကျူးစားတောင်ထိပ်မှာ ရမ်ထက်ကျီကို တွေ့ခဲ့ပြီး တိုက်ခိုက်ခဲ့တယ်၊ နောက်ဆုံးတော့ နှစ်ယောက်လုံး ချောက်ထဲကျသွားခဲ့တယ်။

'ဒါကို စန်းပေ၊ ထက်ဟိုင်ထန်၊ တျန်မှုတောင်၊ ဝမ်စိန့် ရမ်ထန်ချောင် ဝူရှောင်တို့(၃)ယောက်က တွေ့လိုက်တယ်၊ အမှန်တော့ သူတို့(၃)ယောက်ဟာ ရမ်ထက်ကျီရဲ့မိတ်ဆွေတွေပဲ၊ ပြီးတော့ သူတို့(၃)ယောက်က ချုံယန်ကြား ပွဲတော်ရောက်ယင် ကျူးစားတောင်ခြေမှာစုတတ်ကြတယ်၊ ဒါကြောင့်လဲ ရမ်ထက်ကျီက ကျူးစားတောင်ကို ပြေးခဲ့တာပဲ၊ ဒါပေမယ့် ရမ်ထက်ကျီရဲ့မိတ်ဆွေ(၃)ယောက်က ရမ်ထက်ကျီကို မကူညီနိုင်ခင်မှာပဲ ရမ်ထက်ကျီရဲ့အဖွဲ့က ကာကွယ်ရေးတာဝန်ခံတို့ဟာ ချောက်ထဲကျခဲ့ရတယ်၊ ရမ်ထက်ကျီ သေပေမယ့် ကိစ္စမပြတ်သေးဘူး'

ချင်ဝှမ်ဝူက မျက်မှောင်ကုပ်ကာ....

'ဘာကိစ္စ ကျန်နေသေးလို့လဲ'

'ရတနာကိစ္စ၊ နပုဘုန်းကြီးတို့အဖွဲ့ဟာ အဖွဲ့ချုပ်ကို လက်ဆောင်ပေးဖို့ ရတနာတွေ ပါလာတယ်၊ ဒါပေမယ့် အခု ရတနာတွေ ပျောက်နေတယ်'

လိုရှက်ရီ စကားဆုံးသောအခါ တုံးချုံအန်းသည် မှေး၍ထားသော မျက်လုံးကို ဖွင့်လိုက်ပြီး သက်ပြင်းတစ်ချက်ချလိုက်သည်။ ပြီးမှ....

'အင်း....ရမ်ထက်ကျီဟာ တစ်သက်လုံးရိုးသားလာတဲ့လူပဲ၊ နာမည်ကောင်းရှိတယ်၊ အသက်ကြီး မှ ဘယ်လိုများဖြစ်တာပါလိမ့်'

ဟု ညည်းညည်းညူညူ ပြောလိုက်၏။

ချင်ဝှမ်ဝူက တစ်စုံတစ်ရာကို စဉ်းစားမိဟန်ဖြင့် မျက်မှောင်တစ်ချက်ကြုံ့ရင်း လိုရှက်ရီအား....

'နေပါဦး၊ ကျင်းကျိကျွန်းက ဘာလို့ ချင်ရင်းဌာနကို ရောက်လာရတာလဲ'

လိုရှက်ရီက မျက်နှာထားခပ်တင်းတင်းဖြင့်....

'ရှင့်ဆရာကို ဘာလို့မေးမကြည့်တာလဲ'

တုံးချုံအန်းက သက်ပြင်းတစ်ချက်ချကာ....

'ဟင်း ...ဟင်း၊ ဒီအခြေအ န ရောက်မှတော့ ကျုပ်လဲ ဆက်မလိမ်ချင်တော့ပါဘူး'

တုံးမုရှာက သူမ၏ဖခင်အား မျက်လုံးပြူးနှင့်ကြည့်ကာ ပျာပျာသလဲဖြင့် ဝင်ပြော၏။

'ဖေဖေ မောနေမှယ်၊ မပြောပါနဲ့၊ ဖေဖေ့ကျန်းမာရေးကို့ပဲ ဂရုစိုက်ပါ'



တုံးချုံအန်းက မဲ့ပြုံး ပြုံးယင်း....

'ဖေဖေ အခုမပြောရင် နောက်ကို ပြောဖို့ အခွင့်အရေးရှိမှာမဟုတ်ဘူး'

ယင်းစကားက တုံးမုရှာ၏ရင်ထဲ၌ နာကျင်မှုဖြစ်စေကာ မျက်လုံးအိမ်ထဲ၌သည်း မျက်ရည်များစို့လာစေ၏။

တုံးချုံအန်းက ခပ်ယဲ့ယဲ့ကလေး တစ်ချက်ပြုံးယင်း....

'ဒီနေ့မနက် အော့ယားမြို့မှာ တိုက်ပွဲတစ်ခု ဖြစ်ခဲ့တယ်၊ အဲဒီတိုက်ပွဲမှာ လူတစ်ယောက်ပါတယ်၊ အဲဒီလူက ပိန်းတောင်မြို့လို့ခေါ်တယ်၊ ရမ်ထက်ကျီရဲ့ တပည့်တစ်ယောက်ပဲ၊ သူ့ရဲ့သိုင်းပညာက သာမန်အဆင့်ပဲ၊ ဒါပေမယ့် အရိုးမာတယ်၊ ပြီးတော့ ခေါင်းလဲမာတယ်၊ သူ့ဆရာ ရမ်ထက်ကျီကလွဲပြီး ဘယ်သူ့စကားမှ နားထောင်တဲ့လူမဟုတ်ဘူး၊ ရမ်ထက်ကျီက သူ့ကို တျန်မူတောင်က ဝမ်စိဆီ လွှတ်လိုက်တယ်၊ သူလဲ ဝမ်စိဆီရောက်တော့ ခြံထဲက အူယားဖားယား ပြေးလာတဲ့ ဝမ်စိကို တွေ့ရတယ်၊ ဝမ်စိကလဲ သူ့ကိုမြင်တာနဲ့ ပိန်တောင်ဖြို ငါနဲ့လိုက်ခဲ့ဆိုပြီး ပိန်တောင်ဖြိုကိုပါခေါ်ပြီး ပြေးခဲ့တယ်'

တုံးချုံအန်းက မောပန်းဟန်ဖြင့် စကားကို ခေတ္တရပ်နားလိုက်သည်။

ပြီးမှ သူ၏စကားကို ဆက်၍ ပြောလိုက်သည်။

'ပိန်တောင်ဖြိုကလည်း ဝမ်စိကို လေးစားတဲ့အပြင် ဝမ်မျိုးနွယ်ရဲ့ ကျော်ကြားတဲ့ ဓားသိုင်းကို သိထားတယ်၊

ဒါကြောင့် ဝမ်စိရဲ့ခြံထဲမှာ ရောက်တဲ့လူတွေဟာ ကြောက်စရာကောင်းတဲ့ ရန်သူတွေ ဖြစ်ရမယ်လို့ တွေးမိပြီး ဝမ်စိနဲ့အတူ လိုက်လာခဲ့တယ်၊ သူတို့ မိုင် သုံးဆယ်လောက်ပဲ ပြေးရသေးတယ်၊ ရန်သူတွေက မှီလာတယ်၊ ဒါနဲ့ ဝမ်စိက ပိန်တောင်ဖြိုကို သမင်ရေ လက်အိတ် ပေးလိုက်ပြီး အောဇယားမြို့က ငါ့ဆီကို လွှတ်လိုက်တယ်၊ ပိန်တောင်ဖြိုလဲ ချက်ချင်းပဲ ငါ့ဆီကို ပြေးလာခဲ့တယ်၊ ကွမ်းစိနယ်ကို ဖြတ်ကျော်တဲ့ အခါမှာ သူ့ရဲ့အကြောင်းကို လူအချို့က စုံစမ်းနေတယ်ဆိုတာ သူသိခဲ့ရတယ်၊ ဒါကြောင့် သူဟာ သမင်ရေလက်အိတ်ကို လျှို့ဝှက်တဲ့ နေရာတစ်ခုမှာ ဝှက်ခဲ့ပြီးမှ ငါ့ဆီကို ခရီးဆက်ခဲ့တယ်’

တုံးချုံအန်းသည် စကားပြောရင်း ချောင်းဆိုး လာ၏။

ချောင်းဆိုးပြီးနောက် သူသည် အတော်ပင် မောပန်းနေလေသည်။

အတန်ကြာမှ သက်ပြင်းရှည် တစ်ချက် ချကာ....

‘ဒီနေ့ သူ အောဇယားမြို့ကိုရောက်တော့ နတ်လေးပါးအဖွဲ့ချုပ် ဆူးစိကျဲနဲ့ ဆုံခဲ့ရတယ်၊ ဆူး စိ ကျဲ က လဲ သူ့မှာရှိတဲ့ သမင်ရေလက်အိတ်ကို လိုချင်နေတဲ့လူပဲ၊ သူ့ရဲ့ သိုင်းပညာက ပိန်တောင်ဖြိုထက် မြင့်တယ်၊ ဒါပေမယ့် ကံကောင်း ချင်တော့ မှော်ဆရာကြီး သုံးဦးနဲ့ စီစဉ်လိုက်ရတယ်’

ချင်ဝှမ်ဝူက တစ်စုံတစ်ရာကို သတိရဟန်ဖြင့်....



‘ဒါဖြင့် ဆရာကြီးက မှော်ဆရာကြီး သုံးယောက်ကို ဆူပူကြိမ်းမောင်းတာ ဟန်ဆောင် လိုက်တာပေါ့ ဟုတ်လား’

တုံးချုံအန်းက ဦးခေါင်းကို ဖြည်းညင်းစွာ ညိတ်ကာ....

‘ဟုတ်တယ်၊ လူတွေရှေ့မှာ တမင်ပဲ မှော်ဆရာကြီး သုံးယောက်ကို လူသေ သယ်ခဲ့ရမလားဆိုပြီး ကြိမ်းလိုက်တယ်၊ ပြီးတော့ ချက်ချင်းပဲ အခေါင်းဝယ်ခိုင်းပြီး သူတို့သုံးယောက်ကို လူသေပါတဲ့ အခေါင်းနဲ့အတူ မောင်းထုတ် လိုက်တယ်၊ အမှန်တော့ ပိန်တောင်ဖြို မသေပါဘူး၊ ဒါပေမယ့် ကျင်းကျိကွန်း တိုက်ခိုက်ခဲ့ရတာပေါ့’

ချင်ဝှမ်ဝူက တစ်ချက် စဉ်းစားလိုက်ပြီး....

‘ဒါဖြင့် ပိန်တောင်ဖြိုကို လူသေခေါင်းထဲ ထည့်ပြီးမှော်ဆရာကြီး သုံးယောက်နဲ့ တခြား ရွှေ့ထားလိုက်တာ ပေါ့’

တုံးချုံအန်းက ဦးခေါင်း ခါယမ်းပြကာ....

‘ပိန်တောင်ဖြို ဒီမှာပဲရှိတယ်၊ သူ့ရဲ့ဒဏ်ရာက ပြင်းပေမယ့် အသက်အန္တရာယ် မထိခိုက်နိုင်ဘူး’

ချင်ဝှမ်ဝူက အံ့သြဟန်ဖြင့်....

‘ဒီမှာပဲရှိတယ်၊ ဟုတ်လား’

‘ဟုတ်တယ်၊ ဟိုစာအုပ်စင်နောက်က လျှို့ဝှက်ခန်း ထဲမှာ’

ထိုအချိန်တွင် လိုရှက်ရိက မျက်မှောင်ကုပ်၍ တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားရင်း....

'ဝမ်စိပေးလိုက်တဲ့ သမင်ရေ လက်အိတ်ဟာ နပုဘုန်းကြီးတို့ရဲ့ အဖိုးတန် ပစ္စည်းရတနာ ဆိုတာပဲ ဖြစ်ရမယ်'

ဟု ပြောလိုက်၏။

တုံးချုံအန်းက မျက်နှာတစ်ချက် ပျက်ကာ....

'မိန်းကလေးက ဘာလို့ ဒီလို ပြောနိုင်ရတာလဲ'

လိုရှက်ရီက မဲ့ပြုံးတစ်ချက် ပြုံးကာ....

'နပုဘုန်ကြီး အဖွဲ့ကို တိုက်ခိုက်ခဲ့တဲ့ အဝတ်နက်လူစု ထဲမှာ ဝမ်စိလဲ ပါတယ်ဆိုတာ အဖွဲ့ချုပ်က စုံစမ်းသိခဲ့တယ်'

တုံးချုံအန်း၏ မျက်နှာပေါ်တွင် အံ့သြဟန် ပေါ်လာ၏။

'ဟုတ်ရဲ့လား'

ဟု မသက်ာသော လေသံဖြင့် မေးလိုက်၏။

လိုရှက်ရီက ဦးခေါင်းညိတ်ကာ....

'ကျွန်မတို့အဖွဲ့ချုပ် မသိတဲ့ အရာ မရှိဘူး'

တုံးချုံအန်းက သက်ပြင်း တစ်ချက် ချကာ....

'ဒီလိုဆိုယင်တော့ ဝမ်စိဟာ တော်လွန်းလို့ ဉာဏ်တုံးသွားတာ ဖြစ်ရမယ်'

လိုရှက်ရီက ခပ်ယဲ့ယဲ့ကလေး ပြုံးရင်း....

'ရွှေ၊ ငွေ၊ ရတနာတွေကတော့ ဝမ်စိကို စိတ်လှုပ်ရှား စေမှာ မဟုတ်ဘူးလို့ ကျွန်မ ထင်တယ်'



'မိန်းကလေးထင်တာ မှန်တယ်၊ ဝမ်စိဟာ မျိုးနဲ့ရိုးနဲ့ချမ်းသာကြွယ်ဝသူပဲ၊ ဒီတော့ ဝမ်စိရဲ့စိတ်ကို လှုပ်ရှား စေတာက သမင်ရေ လက်အိတ်ပဲ ဖြစ်မှာပေါ့'

လိုရှက်ရီက ဦးခေါင်းညိတ်ကာ....

'ဖြစ်နိုင်ပါတယ်'

'ဒါဖြင့် အဲဒီ သမင်ရေလက်အိတ်က ဘယ်လို လျှို့ဝှက်တဲ့ ပစ္စည်းမျိုးလဲ'

လိုရှက်ရီ မဖြေပါ။

သူမသည် အတန်ကြာအောင် တိတ်ဆိတ်နေပြီးမှ နှုတ်ခမ်းကို တစ်ချက် ကိုက်လိုက်ရင်း....

'ဘာပဲဖြစ်ဖြစ် ဒီလက်အိတ်ကို နပုဘုန်းကြီးတို့ ပိုင်တယ်'

ချင်ဝှမ်ဘူက တစ်ချက် ပြုံးပြီး မေးလိုက်၏။

'အဲဒီ လက်အိတ်ကို ခင်ဗျားတို့ အဖွဲ့ချုပ် ပိုင်မှာ စိုးရိမ်ရသလား'

ချင်ဝှမ်ဝူ၏ စကားကြောင့် လိုရှက်ရီ၏ မျက်နှာသည် ရုတ်တရက် တင်းမာသွားပြီး....

'ရှင် စကားပြောတာ ကြည့်ပြောပါ၊ အမှန်မှာ လွန်ခဲ့တဲ့ နှစ်ဝက်လောက်ကတည်းက ကျွန်မတို့အဖွဲ့ချုပ်က နပုဘုန်းကြီးတို့ရဲ့ ကျမ်းစာကို ပြန်ပေးမယ်၊ လက်ဆောင်ပဏ္ဏာကို လက်မခံဘူးလို့ ဆုံးဖြတ်ထားပြီးပြီ'

ချင်ဝှမ်ဝူက မျက်ခုံး ပင့်တင်လိုက်ပြီး မယုံကြည်သော လေသံဖြင့်....

'ခင်ဗျားတို့ အဖွဲ့ချုပ်က ဘာလို့ ရုတ်တရက် ဒီလောက် တောင် ရက်ရောပြီး သဘောကောင်းရတာလဲ'

လိုရှက်ရီသည် မျက်စိမျက်နှာ ပျက်သွားပြီး နှုတ်ခမ်းကို တစ်ချက် ကိုက်ကာ ချင်ဝှမ်ဝူကို စိန်းစိန်းကြီး တစ်ချက် စိုက် ကြည့်လိုက်၏။ ပြီးမှ....

'လူတစ်ယောက်ရဲ့အကြောင်းကို ဂဃနဏ သေချာမသိဘဲနဲ့ ရမ်းပြီး မဝေဖန်နဲ့'

ချင်ဝှမ်ဝူက မျက်ခုံး ပင့်တင်ပြီး မျက်လုံး ပြူးပြကာ ပခုံး နှစ်ဘက်ကို ဟန်ပါပါ တွန့်လိုက်၏။

ပြီးမှ တစ်စုံတစ်ရာအား ပြန်လည်ပြောရန် ပါးစပ် ဟလိုက် စဉ် တုံးချုံအန်းက လက်ကာပြလိုက်ပြီး ဟန့်တားလိုက်၏။

ထို့ကြောင့် ချင်ဝှမ်ဝူသည် ဘာမျှ မပြောတော့ပဲ လိုရှက်ရီ ကို လှမ်းကြည့်လိုက်သည်။

တုံးချုံအန်းက ချောင်းတစ်ချက် ဆိုးလိုက်ပြီးမှ....

'မင်းတို့ ငြင်းခုံမနေနဲ့၊ ဒီလက်အိတ်ကို နပုဘုန်းကြီးတို့ အဖွဲ့ကို ပြန်ပေးလိုက်ယင် ကိစ္စပြတ်ရော မဟုတ်လား၊ ပြီးတော့ ဒီလက်အိတ်ကို နပုဘုန်းကြီးတို့ကိုပဲ ပြန်ပေးသင့်တယ် မဟုတ် လား'



ချင်ဝှမ်ဝူက ပြုံးရင်း....

'ဆရာကြီး စိတ်ချပါ၊ ဒီကိစ္စကို ကျွန်တော် ဆောင်ရွက် ပေးပါ့မယ်'ဟု ကပျာကယာ ဝင်ပြောလိုက်သည်။

တုံးချုံအန်းက ယဲ့ယဲ့ကလေး တစ်ချက် ပြုံးကာ....

'ဒီကိစ္စဟာ လွယ်တဲ့ ကိစ္စ မဟုတ်ဘူး၊ အခုဆိုရင်ပဲ ဒီလက်အိတ်အကြောင်း သိုင်းလောကမှာ ဟိုးလေးတကျော် ဖြစ်နေပြီ၊ နတ်လေးပါး အဖွဲ့ချုပ် ဆူးစိကျဲတောင် စိတ် ဝင်စားလို့ မိုင်ပေါင်း ထောင်ချီပြီး ဝေးတဲ့ တောင်ပိုင်းကို လိုက်လာတာ မဟုတ်လား၊ ပြီးတော့ ကျင်းကျိကျွန်း ဆိုတဲ့ ဘိလူးကိုလဲ ရင်ဆိုင်ဖို့ဟာ လွယ်ကူတဲ့ အလုပ် မဟုတ်ဘူး'

လိုရှက်ရီက ပြုံးလိုက်ပြီး....

'ကျွန်မတို့ အဖွဲ့ချုပ်က ဒီကိစ္စကို စုံစမ်းတာ လက်အိတ်ကို စိတ်ဝင်စားလို့ မဟုတ်ဘူး၊ ဒါကို ကျွန်မ သိတယ်'

တုံးချုံအန်း၏ မျက်လုံးသည် ရုတ်တရက် ဝင်းလက် သွားပြီး....

'ကျုပ် သတင်း တစ်ခု ကြားမိတယ်၊ သိုင်းလောကမှာ လျှို့ဝှက်တဲ့ အဖွဲ့အစည်း တစ်ခု ပေါ်ထွက်လာတယ် တဲ့၊ ဘိလူးဖြိုလက် ဆိုတဲ့ အဖွဲ့အစည်းပဲ၊ အဲဒီ အဖွဲ့အစည်းက ချမ်းလော့ အဖွဲ့ကို အဓိက ရန်ပြုတယ်လို့ သိရတယ်၊ အဲဒါ ဟုတ်လား'

လိုရှက်ရီက ဦးခေါင်းညိတ်ကာ....

'ဟုတ်တယ်၊ ကျွန်မတို့ အဖွဲ့ချုပ် **စိတ်ဝင်စားတာ** အဲဒီ ဘီလူးဖြို လက်ပဲ'

တုံးချုံအန်းက **သက်ပြင်း တစ်ချက် ချရင်း**—

'ဒါဖြင့် ဘီလူးကြိုလက် ဆိုတာ ဘယ်သူလဲ၊ မိန်းကလေး သိလား'

လိုရှက်ရီက ဦးခေါင်း ခါယမ်းလိုက်သည်။

'**ဘီလူးကြိုလက်** ဘယ်သူ ဘယ်ဝါ ဆိုတာ သိမှတော့ ဘီလူးကြိုလ**က်** အဖွဲ့အစည်းကို လျှို့ဝှက်တဲ့ **အဖွဲ့အစည်း**လို့ ဘယ်ခေါ်နိုင်တော့မလဲ'

လိုရှက်ရီ၏ စကားကြောင့် တုံးချုံအန်း၏ မျက်ဝန်းထဲ၌ စိတ်ပျက်သည့် အရိပ်အရောင် ပေါ်လာ၏။

လိုရှက်ရီက နှုတ်ခမ်း တစ်ချက် မဲ့လိုက်ပြီး....

'ဒါပေမယ့် ကျွန်မ တစ်ခု ပြောနိုင်တာက ဘီလူးကြိုလက် အဖွဲ့အစည်းရဲ့ လုပ်ရပ်ဟာ ချန်းလော့ အဖွဲ့ထက် အဆ ထောင်ပေါင်း များစွာ ယုတ်မာတယ် ဆိုတာပဲ'

တုံးချုံအန်းက ချောင်းတစ်ချက် ဆိုးလိုက်၏။

သူ၏ လေသံက မောပန်းနေ၏။

တုံးချုံအန်းသည် ချောင်းဆိုးခြင်း ရပ်တန့်သောအခါမှ....



'ကျင်းကျိကျွန်းက ချန်းလော့ အဖွဲ့ကို သစ္စာဖောက်တာ ဘီလူးကြိုလက်နဲ့ ပတ်သက်နေမလား'

ဟု ရုတ်တရက် မေးလိုက်၏။ လိုရှက်ရီက....

'ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် အဲဒီလို စွပ်စွဲဖို့ သက်သေ အထောက်အထားတော့ မရှိဘူး'

'**စောစောက ကျင်းကျိကျွန်း ပြောတဲ့ စကားထဲမှာ** ချန်းလော့ အဖွဲ့ချုပ် ဟာ ရုတ်တရက် ပျောက်ကွယ် သွား တယ်ဆို'

လိုရှက်ရီက ဦးခေါင်းညိတ်ပြရင်း....

'ဟုတ်တယ်၊ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်က **အဖွဲ့ချုပ်ဟာ** ဆေးတစ်မျိုးရှာဖို့အတွက် လျှို့ဝှက်စွာ အဖွဲ့က ထွက်ခွာသွားခဲ့ တယ်၊ တစ်နှစ်လောက် အဖွဲ့ချုပ်ရဲ့ သတင်း မကြားရဘူးပေါ့၊ အဲဒီလို ထွက်သွားတာ တစ်နှစ်ပဲ ကြာပါတယ်၊ အဲဒီနှစ်ထဲမှာပဲ ကျင်းကျိကျွန်းက **အဖွဲ့ထဲက** ထွက်သွားခဲ့တယ်၊ သူ့နာမည်က ကျင်းကျိကျွန်း မဟု**တ်**ဘူး၊ အဲဒီတုန်းက ကျင်းချင်ယွင်လို့ ခေါ်တယ်'

တုံးချုံအန်းက **တစ်စုံတစ်ရာအား စဉ်းစားမိဟန်ဖြင့်....**

'နေပါဦး မိန်းကလေးရဲ့၊ ငါ ခန့်မှန်းတာ မမှားဘူး ဆိုရင် မင်းအသက်က အခုမှ ဆယ့်ကိုး နှစ်ဆယ်လောက်ပဲ ရှိမယ်၊ ဒီတော့ ကျင်းကျိကျွန်း မင်းတို့အဖွဲ့ထဲက ထွက်သွားတဲ့ အချိန်မှာ မင်းဟာ ကလေးပဲ ရှိဦးမယ်'

လိုရှက်ရီက ဦးခေါင်း ညိတ်ပြလိုက်သည်။

တုံးချုံအန်းက ယဲ့ယဲ့ကလေး ပြုံးလိုက်ပြီး....

'ဒါဖြင့် ငါနဲ့ တိုက်ခိုက်နေတဲ့ လူဟာ ကျင်းချင်ယွင်မှန်း မင်းက ဘယ်လိုလုပ် သိသလဲ'

လိုရှက်ရီက ပြုံးလိုက်၏။ ပြီးမှ....

'လွန်ခဲ့တဲ့ ခြောက်လလောက်က ကူးဆူးမြို့ထဲမှာ သူ့ကို တွေ့လိုက်ရတယ်၊ ကျွန်မနဲ့ အတူ ပါလာတဲ့ အဖွဲ့ထဲက အသက်ကြီးတဲ့ လူက အဲဒီ ကျင်းချင်ယွင် ဆိုတာပဲလို့ ပြခဲ့တယ်၊ အဲဒီအချိန်မှာ ကျွန်မတို့က တခြား ကိစ္စကို လုပ်စရာ ရှိနေတာနဲ့ သူ့ကို စာရင်း မရှင်းလိုက်ရဘူး'

တုံးချုံအန်းက ပြုံးကာ....

'ဒါပေမယ့် ဒီနေ့ မိန်းကလေး သူ့ကို ရှာတွေ့နိုင်ခဲ့တာပဲ'

'အမှတ်မထင် တွေ့တာပါ၊ သူ့ကို သက်သက် ရှာတာ မဟုတ်ပါဘူး'

တုံးချုံအန်းက မျက်မှောင် အနည်းငယ် ကြုတ်ကာ—

'ဒီကို မိန်းကလေး ရောက်လာတာ ကျင်ကျီကျွန်းအတွက် မဟုတ်လား'

လိုရှက်ရီက ဦးခေါင်း ခါယမ်းပြရင်း....

'မဟုတ်ဘူး'



'ဒါဖြင့် သမင်ရေ လက်အိတ် ကြောင့်လား'

လိုရှက်ရီက ဦးခေါင်း ခါယမ်းပြလိုက်၏။

'မဟုတ်ဘူး'

ထိုစဉ် ချင်ဝှမ်ဝူက မထေ့တထေ့ကလေး ပြုံးကာ....

'ဒါဖြင့် မင်းက ကျုပ်ကို ကယ်ဖို့ ချင်ရင်းဌာနထဲ ဝင်လာတာပေါ့ ဟုတ်လား'

ဟု ဝင်ရောက် ပြောလိုက်၏။

ချင်ဝှမ်ဝူ၏ စကားကြောင့် လိုရှက်ရီ၏မျက်နှာသည် နီမြန်းသွားပြီး....

'ရှင် မဟုတ်တရုတ်တွေ မတွေးနဲ့၊ ရှင့်ကို တမင်တကာ ကယ်တာ မဟုတ်ဘူး၊ ပြီးတော့ ကျေးဇူးတင် ခံချင်လို့ ကယ်တာလဲ မဟုတ်ဘူး၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ရှင်က ကျေးဇူး သိတတ်ယင်တော့ ရှင် ဒီလိုစကားမျိုး မပြောသင့်ဘူး'

လိုရှက်ရီ၏ စကားကြောင့် ချင်ဝှမ်ဝူသည် မျက်စိ မျက်နှာပျက်ကာ မည်သည့်စကားမျှမပြောဘဲ ဆိတ်ဆိတ်နေလိုက်လေ၏။

တုံးမုရှာက ချင်ဝှမ်ဝူကို မျက်စောင်းတစ်ချက် ထိုးလိုက်ပြီးမှ လိုရှက်ရီအား ပြုံးပြကာ....

'ရှင် သူ့ကိုဆူတာ မှန်တယ်၊ အစ်ကိုချင်က တစ်ခါ တစ်လေ အတွေး သိပ်ခေါင်တယ်၊ အမှန်တော့ ဘယ်အဖွဲ့အစည်း

မဆို မကောင်းတဲ့လူတွေရှိသလို အယုတ်မာဆုံးလို့ သတ်မှတ်ကြတဲ့ အဖွဲ့တွေမှာ လူကောင်း မရှိဘူးလို့ မပြောနိုင်ဘူး'

လိုရှက်ရီက ကျေနပ်ပြုံးကလေး ပြုံးလိုက်၏။

'ညီမလေး ပြောတာ မှန်တယ်'

တုံးချုံအန်းသည် လိုရှက်ရီကို အတန်ကြာအောင် ကြည့်နေပြီးမှ....

'မိန်းကလေးကို တစ်ခု မေးမယ်'

လိုရှက်ရီက ဦးခေါင်းညိတ်ပြ၏။

တုံးချုံအန်းက အနည်းငယ် စဉ်းစားလိုက်ပြီး....

'ချန်အော့ ခေါင်းဆောင်တဲ့ မိန်းကလေးနဲ့ ဘယ်လိုရှိသလဲ၊ ဒီမေးခွန်းကို ဘာဖြစ်လို့ မေးရသလဲဆို မိန်းကလေးက ချန်အော့ခေါင်းဆောင်တဲ့ ကိစ္စရပ်တိုင်းကို အသေးစိတ် သိနေသလိုပဲ ထင်ရလို့ပါ'

'အဖွဲ့ချုပ်နဲ့ အဆောင်မှူး ဆိုပေမယ့် တကယ်တော့ အဖွဲ့ချုပ်က ကျွန်မရဲ့ မွေးစားအဖေပဲ၊ ကျွန်မ အပေါ်မှာ သိပ်ကောင်းတယ်၊ သမီးရင်းနဲ့ မခြားဘူး'

တုံးချုံအန်းက ဦးခေါင်း ညိတ်ကာ....

'အင်း.... ဒါကြောင့် မိန်းကလေးက အဖွဲ့ချုပ်အကြောင်း အသေးစိတ်နီးပါး သိနေတာကို၊ ဒါနဲ့ မိန်းကလေး ဒီကို လာတဲ့ရည်ရွယ်ချက်က'



လိုရှက်ရီသည် တုံးချုံအန်း၏ အမေးကို ရုတ်တရက်မဖြေပဲ....။

'ရှင်တို့ သိချင်လို့လား'

ထိုစဉ် တုံးမုရှာက....

'ရှင့်အနေနဲ့ ပြောပြဖို့ ခဲယဉ်းမယ် ဆိုယင်တော့ ကျွန်မတို့က အတင်း မပြောခိုင်းပါဘူး'

လိုရှက်ရီက သက်ပြင်းတစ်ချက် မှုတ်ထုတ်ယင်း....

'အဖွဲ့ချုပ်က လွှတ်လိုက်တာ'

'ကိစ္စက'

'လူတစ်ယောက်ကို သတ်ဖို့'

လိုရှက်ရီ၏ စကားကြောင့် တုံးမုရှာ၏ ရင်ထဲ၌ ထိတ်သွား၏။

ချင်ဝှမ်ပူ၏ မျက်လုံး၌ အံ့ဩဟန် ပေါ်လာ၏။

တုံးချုံအန်းက လိုရှက်ရီကို နားမလည်ဟန်ဖြင့် ကြည့်နေ၏။

တုံးမုရှာက မျက်လုံးပြူးကာ

'ဘယ်သူလဲ'

ဟု ကမန်းကတန်း မေးလိုက်၏။

လိုရှက်ရီက နှုတ်ခမ်း တစ်ချက် မဲ့လိုက်ပြီး....

'အသားထဲကလောက်၊ ဒဏ်ရာထဲက ဆားပွင့်လို လူတစ်ယောက်ပဲ၊ ဘီလူးဖြိုလက်နဲ့ တိတ်တဆိတ် အဆက်အသွယ်ရှိတဲ့ လူပဲ'

တုံးချုံအန်းက သက်ပြင်းတစ်ချက်ချကာ

'အင်း....အဖွဲ့အစည်းတစ်ခုမှာ လူဆိုးနဲ့ လူကောင်းဆိုတာရှိမှာပေါ့၊ စည်းကမ်းက ကြပ်ကြပ်မတ်မတ်မလုပ်ရင် ဆန့်ကျင်ချင်တဲ့လူတွေ ပိုများမှာစိုးရတယ်'

လိုရှက်ရီက ခေါင်းခါယမ်းပြကာ....

'ချန်အော့အဖွဲ့ထဲက သစ္စာဖောက်မဟုတ်ဘူး'

ဤစကားက တုံးချုံအန်းကို အံ့သြစေ၏။

'ချန်အော့အဖွဲ့ကမဟုတ်ဘူး ဟုတ်လား၊ ဒါဖြင့် ဒီအထိ မင်းကိုလွှတ်ပြီး ဘယ်သူ့ကို သတ်ခိုင်းရတာလဲ'

'အဖွဲ့ချုပ်က ကျွန်မကို မှာလိုက်တယ်၊အခု ကျွန်မရဲ့တာဝန်က နွားသတ်တဲ့ဓားနဲ့ ကြက်သတ်ရုံမကဘူး၊ စပ်စုတဲ့အလုပ်ပါ လုပ်ရမှာတဲ့'

ဤစကားက တုံးချုံအန်းအတွက် ပို၍ ထူးဆန်းအံ့သြစေကာ....

'ထူးဆန်းတယ်၊ မင်းရဲ့အဖွဲ့ချုပ်က သူများအဖွဲ့ရဲ့ သစ္စာဖောက်ကို သတ်ခိုင်းတာကိုက စပ်စုတဲ့အလုပ်ပဲ၊ ပြီးတော့ နွားဓားနဲ့ ကြက်သတ်သလိုဆိုတော့ တစ်ဘက်လူက သိုင်းပညာမတတ်ဘူးလား'



လိုရှက်ရီက မဲ့ပြုံး ပြုံးကာ....

'သိုင်းပညာ လုံးဝမတတ်တာတော့ မဟုတ်ဘူး၊ ဒါပေမယ့် သူ့ရဲ့အဆင့်က အလွန်ဆုံးရှိမှ လေးငါးဆင့်ပဲရှိမှာ'

လိုရှက်ရီ၏ စကားဆုံးသည်နှင့် ချင်ဝှမ်ဝူသည် ရုတ်တရက် မျက်စိမျက်နှာပျက်ကာ ဒေါသဖြင့်....

'ဒါ....ဒါဆို ပေါက်ရှန်ကိုသတ်တာ မင်းပေါ့ ဟုတ်လား' ဟု အော်ဟစ်၍ မေးလိုက်၏။

ချင်ဝှမ်ဝူ၏ စကားကြောင့် တုံးမုရှာသည် ထိတ်ထိတ်ပျာပျာဖြစ်ကာ....

'အို....မဖြစ်နိုင်တာ၊ အစ်မက ပေါက်ရှန်ကို ဘာလို့သတ်ရမှာလဲ'

ဟု ဝင်ပြောလိုက်၏။

လိုရှက်ရီက မျက်နှာကို အနည်းငယ်မော့၍ ခပ်တင်းတင်း ပြုံးကာ တည်ငြိမ်သောလေသံဖြင့်....

'ဟုတ်တယ်၊ ပေါက်ရှန်ကိုသတ်တာ ကျွန်မပဲ ဟင်း–ဟင်း၊ လောကမှာ ဘာကိစ္စမဆို မထင်မှတ်ပဲ ဖြစ်တတ်တာပဲ၊ အဖွဲ့ချုပ်က ကျွန်မကို တာဝန်ပေးတာ သူဌေးကလေး ချင်ဝှမ်ဝူရဲ့အိမ်ဖော် ပေါက်ရှန်ကိုသတ်ဖို့ပဲ'

ချင်ဝှမ်ဝူက လိုရှက်ရီကို မျက်လုံးပြူး၍ကြည့်ကာ....

'မိန်းကလေး၊ မင်း ခုနက ကျုပ်ကို ကယ်လိုက်တဲ့အတွက် ကျေးဇူးရှိတာ မှန်ပါတယ်၊ ဒါပေမယ့် ပေါက်ရှန်ရဲ့ကိစ္စနဲ့

ပတ်သက်လို့ မင်းက ငါ့ကို ကျေနပ်အောင် ရှင်းမပြနိုင်ရင် ပေါက်ရှန်အတွက် မင်းရဲ့အသက်ကို ပြန်ဆပ်ရမယ်'

လိုရှက်ရီက သက်ပြင်းတစ်ချက်ချကာ....

'ပေါက်ရှန်ကို သဌေးလေးချင်က သဘောကျမှန်း ကျွန်မ သိပါတယ်၊ ပြီးတော့ သဌေးလေးချင်ဟာ မိဘကိုရှိသေမှန်းလဲ သိတယ်၊ဒါပေမယ့် သဌေးလေးချင် သိဖို့တစ်ခုတော့ ပြောလိုက်မယ်၊ အဲဒါကတော့ သဌေးလေးချင်ရဲ့အိမ်မှာ ဘီလူးဖြို လက်ကလူတွေ စိမ့်ဝင်နေပြီဆိုတာပဲ'

ချင်ဝှမ်ဝူက ဦးခေါင်းကိုခါယမ်းလိုက်ပြီး ဒေါသသံဖြင့်....

'မဟုတ်ဘူး....မယုံဘူး'ဟု အော်ဟစ်ပြောလိုက်၏။

လိုရှက်ရီက မျက်နှာထားတင်းလိုက်ပြီး....

'ရှင်ယုံမှာမဟုတ်ဘူးဆိုတာ ကျွန်မသိတယ်၊ ဒီလောက် ဒေါသတကြီး အော်ပြောဖို့မလိုဘူး'

ချင်ဝှမ်ဝူက နှုတ်ခမ်းမဲ့ကာ အော်ဟစ်လိုက်မိပြန်၏။

'မင်းပြောတာ ငါ တစ်ခုမှမယုံဘူး'

လိုရှက်ရီက စိတ်ပျက်ဟန်ဖြင့် ဦးခေါင်းကိုခါယမ်းရင်း သက်ပြင်းတစ်ချက်ချကာ....

'ရှင်မယုံမှတော့ ရှင်နဲ့ပြောရင် လေကုန်ရုံပဲရှိမှာပေါ့'

'မရဘူး၊ မင်း ပြောကိုပြောရမယ်၊ ဘာ့ကြောင့် မင်း ပေါက်ရှန်ကို သတ်ရတာလဲ'



လိုရှက်ရီက အေးစက်စွာ တစ်ချက်ရယ်မောလိုက်ပြီး....

'ရှင်က ကျွန်မစကားကို မယုံဘူးဆို၊ဘာလို့မေးနေရတာလဲ'

ချာဝှမ်ဝူ၏နဖူးကြောများ တင်း၍ပေါ်လာ၏။ လည်ပင်းမှအကြောများလည်း တင်း၍ပေါ်လာ၏။

သူသည် အံကို တင်းကျပ်စွာကြိတ်ပြီးမှ....

'မင်း ပေါက်ရှန်ကိုသတ်တာပဲ'

လိုရှက်ရီက မျက်ခုံးပင့်ကာ အေးစက်သောလေသံဖြင့်....

'ကျွန်မ ငြင်းနေလို့လား၊ ဒီမှာ ပေါက်ရှန်ဟာ လောကပေါ်မှာ အကောင်းဆုံးလူဖြစ်နေလဲ အဖွဲ့ချုပ်ရဲ့ အမိန့်အရ ကျွန်မသတ်မှာပဲ၊ ဒါပေမယ့် အဖွဲ့ချုပ်က ဘယ်တော့မှ အမှား မလုပ်ဘူး'

ချင်ဝှမ်ဝူက နှုတ်ခမ်းမဲ့ကာ....

'ပေါက်ရှန်က ငါ့မျက်စိရှေ့မှာ ကြီးလာတာပဲ၊ မကောင်းတာ တစ်ခါမှ မလုပ်ဖူးဘူး'

လိုရှက်ရီက မျက်နှာ တစ်ချက် ရှုံ့မဲ့လိုက်ပြီး....

'သားသမီးတိုင်းဟာ မိဘရဲ့ မျက်စိအောက်မှာ ကြီးပြင်းလာတာပဲ၊ ဒါပေမယ့် ကွယ်ရာမှာ မကောင်းတာ လုပ်တဲ့ သားသမီး မရှိဘူးလို့ ရှင် ပြောနိုင်သလား'

'ဒါကတော့ မင်း လိုရာ ဆွဲပြောတာပဲ'

လိုရှက်ရီက မျက်နှာထား တင်းတင်းဖြင့်....

'ဒါကတော့ ရှင်က ကိစ္စ တစ်ခုကို ရှင် လိုချင်သလို တွေးတာကိုး'

'အမှန်တရား ပေါ်လာအောင် ဘာလို့ နှစ်ဘက် မျှပြီး မစဉ်းစားချင်ရတာလဲ'

ချင်ဝှမ်ဝူက တစ်စုံတစ်ရာအား ပြန်လည် ပြောဆိုရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင် လိုရှက်ရီက ချင်ဝှမ်ဝူထံသို့ စာတစ်စောင် ပစ်ပေးရင်း....

'ရော့....ရှင့်ဘာသာ ဖတ်ကြည့်၊ ဒီစာက ပေါက်ရှန်နဲ့ ဘီလူးကြိုလက် အဆက်အသွယ်ရှိတာ သိရလိမ့်မယ်'

ချင်ဝှမ်ဝူက လိုရှက်ရီကို တစ်ချက် လှမ်းကြည့်ကာ စာကို ဖောက်ဖတ်လိုက်၏။

စာဖတ်နေသော ချင်ဝှမ်ဝူ၏ မျက်နှာသည် တဖြည်းဖြည်းနှင့် အရုပ်ဆိုးအောင် မဲ့ရှုံ့လာ၏။

ထိုအချိန်တွင် လိုရှက်ရီက မဲ့ပြုံး ပြုံးရင်း....

'အဲဒီစာက ပေါက်ရှန်နဲ့ ကင်းမြီးကောက်လို့ ခေါ်တဲ့ ချင်လောင်အောင့်တို့ တိတ်တဆိတ် သတင်းပေးပို့တဲ့ စာပဲ၊ လွန်ခဲ့တဲ့ လက ကျွန်မတို့အဖွဲ့ထဲက ရုံအဘိုးအိုနဲ့ ချင်လောင်အောင့်တို့ ချန်အန်မြို့ပြင်မှာ ဆုံခဲ့တယ်၊ ရုံအဘိုးအိုက ချင်လောင်အောင့်ကို ဘီလူးဖြိုလက်ရဲ့ တပ်မှူးချုပ် ကင်းမြီးကောက်နက်



ဆိုတာ သိပေမယ့် ချင်လောင်အောင့်ရဲ့ အလောင်းမှာ ရှာတော့ အဲဒီစာကို တွေ့ရတာပဲ'

ချင်ဝှမ်ဝူက စာကို တစ်လှည့်၊ လိုရှက်ရီကို တစ်လှည့် ကြည့်ကာ အံ့ဩနေ၏။

တုံးမုရှာသည် ချင်ဝှမ်ဝူကို တစ်လှည့်၊ လိုရှက်ရီကို တစ်လှည့် ကြည့်ရင်း နားမလည်နိုင်အောင် ဖြစ်နေ၏။

ထို့နောက် တုံးမုရှာသည် ချင်ဝှမ်ဝူ၏ လက်ထဲမှ စာကို လှမ်းယူ၍ ကြည့်လိုက်ရင်း ထိတ်လန့် တုန်လှုပ်စွာဖြင့်....

'ဒါ-ဒါ-ပေါက်ရှန်ရဲ့ လက်ရေးပဲ'

ဟု ပြောလိုက်လေသည်။

ချင်ဝှမ်ဝူသည် အံကို တစ်ချက်ကြိတ်၍ အတန်ကြာအောင် စဉ်းစား တွေဝေနေပြီးမှ ရုတ်တရက် ပေါက်ရှန်၏အလောင်း ရှိရာသို့ လျှောက်သွားလေတော့သည်။

တုံးမုရှာက ရင်ထဲ၌ တစ်ချက် ထိတ်သွားပြီး ကပျာကယာ တားဆီးလိုက်၏။

'အစ်ကိုချင်....ပေါက်ရှန်ကို မထိနဲ့၊ အဆိပ်ရှိတယ်'

သူမ၏ စကားမဆုံးမီမှာပင် ချင်ဝှမ်ဝူသည် ပေါက်ရှန်၏ ခန္ဓာကိုယ် အနီးအပြားသို့ ရှာဖွေ၍နေပြီ ဖြစ်၏။

လိုရှက်ရီက

'အလောင်းကို ရှာတာ ဘာမှ မဖြစ်ပါဘူး၊ အဆိပ်လဲ မမိပါဘူး'

ဟု တုံးမုရှာကို ပြုံး၍ ပြောလိုက်၏။

ချင်ဝှမ်ဝူသည် ပေါက်ရှန်၏ ခန္ဓာကိုယ် အနှံ့အပြားသို့ အတန်ကြာအောင် ရှာဖွေဖြီးသောအခါ သူသည် ပေါက်ရှန်၏ ခန္ဓာကိုယ်ပေါ်မှ ငွေလွှဲ လက်မှတ် သုံးစောင်၊ ရွှေတုံး နှစ်တုံးနှင့် ပါးလွှာသော လက်သီးပညာပေး စာအုပ် တစ်အုပ်ကို ရှာဖွေ တွေ့ရှိခဲ့လေတော့သည်။

တုံးမုရှာက ချင်ဝှမ်ဝူ အနီးသို့ လျှောက်သွားကာ ချင်ဝှမ်ဝူ၏ လက်ထဲမှ ငွေလွှဲ လက်မှတ်ကို ကြည့်လိုက်၏။

ထို့နောက် အံ့သြသော လေသံဖြင့်

'ဟင်–သုံးထောင်တန် ငွေလွှဲလက်မှတ်ပါလား'

ချင်ဝှမ်ဝူသည် မျက်နှာကို အရှုပ်ဆိုးအောင် ရှုံ့မဲ့လိုက်ပြီး

'တစ်စောင်ကို သုံးထောင်၊ သုံးစောင် ဆိုတော့ ငွေကိုးထောင်၊ အင်း–ဒီကောင် အတင့်ရဲလှချည်လား'

တုံးမုရှာက ချင်ဝှမ်ဝူ၏ လက်ထဲမှ စာအုပ်ကို လှမ်းကြည့်ရင်း

'ဒါက ဘာစာအုပ်လဲ'

'ဒါက အဆိပ်တစ်ရာ လက်သီး သိုင်းပညာပေး စာအုပ်ပဲ'

ထိုစဉ် တုံးချုံအန်းက ဒသက်ပြင်း တစ်ချက် ချကာ



'အခုတလော ပေါက်ရှန် အမူအရာပျက်နေတာကို ငါသတိထားမိတာ ကြာပြီ၊ ဒါပေမယ့် ဒီကောင် ဘီလူးဖြူ လက်နဲ့ ဆက်သွယ်လိမ့်မယ်လို့ ငါ မတွေးမိခဲ့ဘူး'

တုံးမုရှာက လိုရှက်ရီကို မျက်လုံးတစ်ချက် လှန်ကြည့်ကာ

'သူဌေးလေးချင်ရဲ့ အိမ်ထဲမှာ ဘီလူးဖြူလက်က လူတွေစိမ့်ဝင်နေပြီဆိုတာ တကယ်လား'

ဟု မေးလိုက်၏။

လိုရှက်ရီက ပြုံးရင်း....

'သူဌေးလေးချင်ရဲ့ အမေ့တွေက မျက်စိကျစရာပဲ'

ချင်ဝှမ်ဝူက လိုရှက်ရီကို တစ်ချက်လှမ်းကြည့်ပြီး နှုတ်ခမ်းမဲ့၍ပြုံးကာ....

'ကျုပ် အဖေက လူအတစ်ယောက် မဟုတ်ဘူး၊ ဟင်း.... ဟင်း၊ ဘီလူးဖြူလက်သာ ကျုပ်တို့ ခြံဝင်းထဲဝင်ရင် အဲဒီလူ လောက် တုံးတဲ့လူ ကမ္ဘာမှာ ရှိမှာမဟုတ်ဘူး'

တုံးချုံအန်းက ဦးခေါင်း ခါယမ်းကာ လေးနက်သော လေသံဖြင့်....

'ချင်ဝှမ်ဝူ၊ ဘယ်တော့မှ တစ်ဘက်လူကို အထင်မသေးရဘူး၊ ချင်လော့အဖွဲ့ကိုတောင် ခေါင်းခံအောင် လုပ်နိုင်မှတော့ ဒီလူတွေမှာ ကြောက်စရာ ကောင်းတဲ့ နည်းလမ်းတွေရှိလိမ့်မယ်၊ နည်းနည်းကလေး သတိလစ်တာနဲ့ ဒုက္ခရောက်

နိုင်တယ်၊ အခုပဲ ပေါက်ရှန်ဟာ ဒီလူတွေနဲ့ အဆက်အသွယ် ရှိတယ်ဆိုတာ မိန်းကလေးပြောမှ သိရတာ မဟုတ်လား’

တုံးချုံအန်း၏ စကားက ချင်ဝှမ်ဝူ၏ရင်ကို ထိတ်လန့်တုန် လှုပ်မှု ဖြစ်စေ၏။

သူသည် လှုပ်ရှားနေသော စိတ်ကို ထိန်းချုပ် လိုက်ပြီး....

‘ဆရာကြီးရဲ့ ဆုံးမစကားကို ကျွန်တော် မှတ်ထားပါ့မယ်’

တုံးချုံအန်း၏ လေးနက်သော လေသံက တစ်ခွန်းချင်း ထွက်ပေါ်လာ၏။

‘ချင်ဝှမ်ဝူ၊ မင်းရဲ့အဖေက လက်ရုံးရည်ရော နှလုံးရည်ပါ ပြည့်စုံတဲ့ လူတစ်ယောက်ပဲ၊ ဒါပေမယ့် ထင်ရှားတဲ့ ဓားကို မြင်ပြီး အမှောင်ထဲကမြားကို ကာကွယ်ဖို့ခက်တယ် ဆိုသလိုပဲ၊ အိမ်ထဲက သူလျှိုတွေကို အမြန်ဆုံး ဖော်ထုတ်နိုင်မှ ဘီလူးဖြူ လက်ရဲ့ရန်ကို ကာကွယ်နိုင်မှာ၊ ဒီတော့’

ချင်ဝှမ်ဝူက တုံးချုံအန်း၏စကား မဆုံးမီ....

‘ဒါပေမယ့် ဆရာကြီးက’

ဝင်ရောက်၍ စောဒကတက်ရန် စကားစလိုက် သော်လည်း တုံးချုံအန်းက မျက်လုံးဖြင့် တစ်ချက်ကြည့်၍ ဟန့်တား လိုက်ပြီး....

‘လောကမှာ မသေတဲ့လူသားရှိသလား၊ ငါတို့လဲ တစ်နေ့ ကျရင် လမ်းခွဲရမှာပဲ၊ မင်းကငါ့ကို မသေစေချင် ပေမယ့်



ငါ နေလို့ရမှာမဟုတ်ဘူး၊ စောစော သေတာနဲ့ နောက်ကျ သေတာပဲကွာမယ်၊ ဒီတော့ ဘယ်ဟာက အရေးကြီးတယ် ဘယ်ဟာက အရေးမကြီးဘူး ဆိုတာ မင်း နားလည်ရမယ်၊ မှန်ကန်တဲ့ လမ်းပေါ်မှာ သတ္တိရှိရှိနဲ့ရှိရှိနဲ့ လျှောက်နိုင်ရမယ်’

ချင်ဝှမ်ဝူသည် မျက်စိမျက်နှာ ပျက်ကာဖြင့် တုံးချုံအန်း အား၌ ဒူးထောက်လိုက်၏။

တုံးချုံအန်းက ပြုံးလိုက်ပြီး....

‘ဘယ်ဟာ အရေးကြီးတယ်ဆိုတာသိမှတော့ ကျင်းလိန်ကို ဖြန့်ဖို့ မင်း ဘာလို့ မစိစဉ်သေးတာလဲ’

ဟု မေးလိုက်လေသည်။

ချင်ဝှမ်ဝူသည် ရုတ်တရက် တုံးမုရှာကို လှည့်ကြည့်လိုက်၏။ ဒိုးပိန် လိုရှက်ရီက ချင်ဝှမ်ဝူ၏စိတ်ကို ဖောက်ထွင်း သိမြင်သည့် ဘိက ဂက် အလား

‘ရှင် စိတ်ချသွားပါ၊ တုံးမုရှာရဲ့ဘေးမှာ ကျွန်မ အဖော် အဖြစ် ရှိနေပါ့မယ်’

ချင်ဝှမ်ဝူက ရုတ်တရက် ဆုံးဖြတ်ချက် ချလိုက်သည့် အလား လိုရှက်ရီဘက်သို့ လှည့်ကာ လက်နှစ်ဘက် ဆုပ်၍....

‘မိန်းကလေးကို ကျေးဇူးတင်ပါတယ်’

ထိုစဉ် တုံးချုံအန်းက လက်ကာပြရင်း

‘သမီးလဲ ဒီမှာမနေနဲ့၊ ချင်ဝှမ်ဝူနဲ့ လိုက်သွား’

တုံးမုရှာ အကြောက်အကန်ပင် ဦးခေါင်းကို ဘယ်ညာခါ ယမ်းလိုက်သည်။

'ဟင့်အင်း၊ ဒီအချိန်မှာ သမီးက ဒီနေရာကို စွန့်ခွာသွား လို့ဖြစ်ပါ့မလား'

'အခြေအနေအရ သမီးဒီမှာနေလို့ မဖြစ်ဘူး၊ သမင်ရေ လက်အိတ်ကြောင့် ဒီနေရာဟာ နေသင့်တဲ့အရပ် မဟုတ်တော့ ဘူး၊ သမီးဒီမှာ ဆက်နေရင် တစ်ချိန်မှာ အန္တရာယ် တင်း ပိုများလာနိုင်တယ်'

'ဘာပဲဖြစ်ဖြစ် သမီးက အဖေနဲ့နေမယ်၊ ဘယ် အန္တရာယ် မှလဲ သမီး မမှုဘူး'

တုံးချုံအန်းက ရှတ်တရက် ပြုံးလိုက်ပြီး....

'သမီးက အဖေနဲ့ နေချင်လို့လား'

တုံးမုရှာက ဦးခေါင်းကိုတစ်ချက် ဆတ်ခနဲ ညိတ်လိုက်၏

'ဟုတ်ကဲ့....'

တုံးချုံအန်းက ဖြေ့တော့စွာ ပြုံးရင်း....

'ဒါပေမယ့် အဖေ သမီးနဲ့ မနေရတော့ဘူး'

တုံးမုရှာ၏ ရင်ထဲ၌ တစ်ချက် တုန်လှုပ်သွား၏။ ဖခင်ဖြ သူအား စူးစိုက်ကြည့်လိုက်၏။

ဖခင်က သူမကို ပြုံး၍ကြည့်နေသည်။

ထိုစဉ်....



ရှတ်တရက် ချောင်း အဆက်မပြတ် ဆိုးလာ ပြီးနောက် သူ၏မျက်လုံးအိမ်သည် အပေါ်သို့ လန်၍သွားလေ တော့၏။

တစ်ဆက်တည်းမှာပင် တုံးချုံအန်း၏ မျက်လုံး အစုံသည် တောက်ပခြင်း မရှိတော့ပဲ မှေးမှိန် သွားလေတော့သည်။

အသက်ရှူနှုန်းလည်း တဖြည်းဖြည်း နှေးကွေး လာ၏။

တုံးမုရှာသည် ဖခင်၏ခန္ဓာကိုယ်ကို လှုပ်ယမ်းကာ အဆက် မပြတ် အော်ခေါ်နေမိတော့သည်။

'ဖေဖေ....ဖေဖေ'

တုံးချုံအန်းသည် လေးတွဲ့သော လေသံဖြင့်....

'ချင်ဝှမ်ဝူ၊ သမီးကို ခေါ်သွားပါ၊ သိုင်းသမားကြီးပိန် မသေသေးဘူး၊ သမင်လက်အိတ် အကြောင်း မင်း သူ့ဆီက မေးပါ၊ အဲဒီလက်အိတ်ကိုတော့ ဘီလူးဖြိုလက်ထဲ မရောက် ပါစေနဲ့၊ ချင်ဝှမ်ဝူ၊ မင်း မိန်းကလေးကို လျှို့ဝှက်ခန်းထဲ ခေါ် သွားလိုက်ပါ'

ဟု ပြောလိုက်၏။

တုံးချုံအန်း၏ လေသံသည် တဖြည်းဖြည်း တိုးဝင်လာ ကာ နောက်ဆုံး ပျောက်ကွယ် သွားတော့၏။

တစ်ချိန်တည်းမှာပင် တုံးချုံးအန်း၏ အသက်ရှူ နှုန်းလည်း ရပ်တန့်သွားလေတော့၏။

တုံးမုရှာ၏အော်ဟစ် ငိုကြွေးသံသည် အခန်းထဲ၌ လွှမ်းခြုံသွားလေတော့၏။

လိုရှက်ရီသည် မျက်နှာကို တစ်ဘက်သို့ လွှဲဖယ် လိုက်၏။

သို့ပိုင်အောင် လိုရှက်ရီ၏ မျက်ဝန်းသည် နီရဲပြီး မျက်ရည်များ စို့နေကြောင်း ချင်ဝှမ်စူ တွေ့မြင်လိုက်ရလေသည်။

အပြင်ဘက်၌ မိုးသည် ရွတ်တရက် ရွာချလာ၏။ မိုးစက်မိုးပေါက်များက ချင်းရင်းဌာန၏ အဖြစ်အပျက်ကို ပို၍ကြေကွဲဖွယ် ဖြစ်စေတော့သည် မဟုတ်ပါလား။

*

## အခန်း ○ ၉

ရာသီဥတု ခန့်မှန်းရခက်သော နေ့တစ်နေ့ ဖြစ်၏။

သို့ဖြစ်၍လည်း ရွတ်တရက် မိုး သည်းထန်စွာ ရွာလာပြီးနောက် နေရောင်သည် အနောက်ဘက်မှ ထွက်ပေါ်လာ၏။

နေရောင်သည် လမ်းတစ်လမ်းပေါ်သို့ ကျရောက်နေ၏။

ရွှံ့ဗွက်ထူထပ်သော လမ်း ဖြစ်သည်။

ရွှံ့ဗွက်ထူထပ်သော လမ်းပေါ်၌ ခွေး နှစ်ကောင်သည် ဦးတည်ချက် ကင်းမဲ့ကာ ဟိုမှသည်မှ သွားနေရ၏။

ခွေးနှစ်ကောင်သည် ဗိုက်ဆာနေဟန်ဖြင့် လမ်းပေါ်၌လှည့်ပတ်၍ အစာရှာဖွေနေခြင်း ဖြစ်၏။

ထိုစဉ် ရုတ်တရက်....

နေရောင်ခြည်အောက်၌ အလင်းတန်းတစ်ချက် ပေါ်ထွက်လာပြီး ခွေးနှစ်ကောင်သည် တစ်ချက်မျှ မအော်နိုင်ပဲ လဲကျသွားတော့၏။

ခွေးနှစ်ကောင် လဲကျသွားသည်နှင့် လမ်းဘေး သစ်ပင်တစ်ပင် နောက်ကွယ်မှ လူဝကြီး တစ်ယောက် ခုန်ထွက်လာလေ၏။

သူ၏ခန္ဓာကိုယ် တစ်ခုလုံးသည် အရက်နံ့ နံနေ၏။

သူသည် ပါးစပ်ကိုဖြဲပြီး ရယ်မောကာ....

'ဟား....ဟား၊ ဒီည အရက်နဲ့ မြည်းဖို့ရပြီ'

ခွေးသေနှစ်ကောင်ကို ကောက်ယူလိုက်၏။

လူဝကြီး၏ နောက်မှ အပြာရောင် ဝတ်စုံနှင့် လူရှည်တစ်ယောက် ပေါ်ထွက်လာကာ သက်ပြင်းရှည်တစ်ချက် မှုတ်ထုတ်လိုက်ပြီး....

'ဒီနေ့ ငါတို့ကံဆိုးပြီလို့ အောက်မေ့တာ ဒီခွေးနှစ်ကောင်က ငါတို့ထက် ပိုပြီး ကံဆိုးတာပဲ'

ဟု ပြောလိုက်၏။

အပြာရောင်ဝတ်စုံနှင့် လူရှည်၏ခါး၌ ဓားတစ်လက် ချိတ်ဆွဲထား၏။

ခန့်ညားသော ရုပ်သွင်ရှိကာ အသက် သုံးဆယ်ခန့်မျှ ရှိသော လူရှည်ဖြစ်၏။



လူရှည်၏ ဟန်ပန်အမူအရာက ပျင်းရိပျင်းတွဲပုံ ပေါ်နေသော်လည်း လူရှည်၏ မျက်လုံးများက တောက်ပကာ ထက်မြက်သည့်အသွင် ဆောင်နေ၏။

လူဝကြီးက အပြာရောင်ဝတ်စုံနှင့် လူငယ်ကို လှည့်ကြည့်လိုက်ပြီး

'သူတို့ကံကောင်းတာ၊ ခွေးဘဝကစောစောစီးစီးကျွတ်သွားတာပေါ့၊ ပြီးတော့သူတို့က ငါတို့ကို ကူညီလိုက်တဲ့ သဘောပဲ၊ ဟဲ—ဟဲ၊ ကွမ်းစိရောက်ထဲက ဗိုက်ထဲက ဆာနေတာ၊ အင်း ဒီလိုအချိန်မှာ ရန်သူနဲ့ တွေ့ယင်တောင် ဗိုက်ထဲမှာ အဆာမရှိလို့ အညံ့ခံလိုက်ရတယ် ဆိုယင် သိုင်းလောကမှာ ကျော်မကောင်း ကြားမကောင်း ဖြစ်နေလိမ့်မယ်'

အပြာရောင် ဝတ်စုံနှင့် လူရှည်က အနည်းငယ် ပြုံးလိုက်ပြီး

'မင်းက ဒီခွေးနှစ်ကောင်ကို အစိမ်း စားမလို့လား'

လူဝကြီးက မျက်နှာ တစ်ချက် ရှုံ့မဲ့လိုက်ပြီး....

'ထွီ....ဒါတော့ မဖြစ်ဘူး၊ ဟင်း....ဟင်း၊ မီးကောင်းကောင်းနဲ့ ကင်ရမယ်၊ အဲ....မီးရှိန် တစ်စလောက် လျော့ယင်တော့ စားလို့ မကောင်းဘူး၊ မီးပြင်းပြင်းနဲ့မှ စားကောင်းမှာ'

အပြာရောင်ဝတ်စုံနှင့် လူက ပခုံးကို ဟန်ပါပါ တစ်ချက် တွန့်ရင်း....

'နေရာတိုင်း မိုးစိုနေတယ်၊ မင်း ဘယ်လို လုပ်မလဲ'

လူဝကြီးက တစ်ချက် ရယ်မောလိုက်ပြီး....

'ဒီကိစ္စ မင်း စိတ်မပူနဲ့၊ ဒီကနေ အရှေ့တောင်ဘက် ငါးမိုင်လောက် သွားယင် ပေချောင်မြို့ကို ရောက်မယ်၊ အဲဒီ မြို့စွန်မှာ

ရှေးဟောင်း ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း ရှိတယ်၊ အဲဒီက ကျောင်းထိုင်ဆရာတော်နဲ့ ငါနဲ့က နှစ်ပေါင်း သုံးဆယ်ကြာအောင် ခင်မင်ခဲ့တဲ့ မိတ်ဆွေပဲ'

အပြာရောင် ဝတ်စုံနှင့် လူက မျက်ခုံးပင့်ကာ....

'ဘာလဲ...မင်းက ဘုန်းကြီးကျောင်းထဲမှာ ချက်စားမလို့လား'

'မင်းက ချက်စားဖို့ နေရာ တွေ့ထားလို့လား'

အပြာရောင်ဝတ် လူရွယ်က တစ်ချက် ပြုံးကာ....

'ကျောင်းထိုင် ဆရာတော်က မင်းကိစ္စကို ခွင့်ပြုပါ့မလား'

လူဝကြီးက နှုတ်ခမ်း တွန့်၍ တစ်ချက် ပြုံးကာ....

'ငါတို့ စကား ပြောနေမယ့်အစား အဲဒီကို အမြန်ဆုံး သွားတာ ကောင်းမယ်'

ထို့နောက် လူဝကြီးနှင့် အပြာရောင်ဝတ် လူရွယ်တို့သည် အရှေ့တောင် အရပ်ဘက်သို့ ရှုံ့ဗွက်ထူသော လမ်းအတိုင်း ပြေးလွှား သွားလေတော့၏။

* * *



ပေချောင်းမြို့။

အိမ်ခြေ ၃၀၀ ခန့်ရှိသော မြို့ဖြစ်၏။

မြို့ထဲ၌ အရက်ဆိုင် နှစ်ဆိုင်သာ ရှိပြီး တည်းခိုခန်းလည်း တစ်ခုသာ ရှိ၏။

လူဝကြီးသည် တည်းခိုခန်း၌ တည်းရန် စိတ်မကူးချေ။

သူသည် ချေးသေ နှင်ကောင် ဆွဲရင်း ပေချောင်းမြို့စွန်ရှိ ရှေးဟောင်း ဘုန်းတော်ကြီးကျောင်းပျက်သို့ ရောက်လာ၏။

ရှေးဟောင်း ဘုန်းကြီးကျောင်းသည် ကျယ်ဝန်းသော ဘုန်းကြီးကျောင်း ဖြစ်လေသည်။

လွန်ခဲ့သော နှစ်ပေါင်း များစွာကတည်းက ပြင်ဆင်မွမ်းမံ ထိန်းသိမ်းမှု မရှိသောကြောင့် ပျက်စီး ယိုယွင်းနေပြီ ဖြစ်သည်။

တံခါးရွက်များ ကျိုးပဲ့ ပျက်စီးကာ လူသူ စွန့်ပစ်ထားသော ဘုန်းကြီးကျောင်း တစ်ခုနှင့် တူလှပေသည်။

အပြာရောင်ဝတ်စုံ လူရွယ်က ပျက်စီးနေသော ဘုန်းကြီးကျောင်းကို ကြည့်ရင်း....

'ဒီလို ဘုန်းကြီးကျောင်းမှာ ဘုန်းကြီး ရှိပါ့မလား'

ဟု လူဝကြီးကို မေးလိုက်၏။

လူဝကြီးက မျက်ခုံးပင့်လိုက်ပြီး....

'ဘုန်းကြီးကျောင်းပဲ ဘုန်းကြီး ရှိရမှာပေါ့၊ မင်း ဒီလို မေးတာ ထူးဆန်းတယ်'

အပြာရောင် ဝတ်စုံဝတ် လူရွယ်က ပခုံးနှစ်ဘက်ကို ဟန်ပါပါ တစ်ချက် တွန့်ရင်း....

'မင်း ဝင်ကြည့်ပါလား၊ ဘုန်းကြီး ရှိမရှိ သိရအောင်'

လူဝကြီးက အထဲသို့ မဝင်သေးဘဲ အပြာရောင် ဝတ်စုံနှင့် လူရွယ်ကို ငေးကြည့်လိုက်သည်။

လူရွယ်က မပြုံးချင် ပြုံးချင် တစ်ချက် ပြုံးပြီး မေး၏။

'မင်းကို ကြည့်ရတာ အရေးကြီးတဲ့ ပစ္စည်း ပျောက်နေသလိုပါပဲလား၊ ဘာဖြစ်နေတာလဲ'

ထိုအခါမှ လူဝကြီးသည် တစ်စုံတစ်ရာကို သတိရဟန်ဖြင့် မျက်လုံး ပြူးကျယ်ကာ စူးစူးရားရားဖြင့်

'ဟော့....ဟော့....ငါ့အရက်အိုးရော'

ဟု အော်ဟစ် မေးလိုက်လေသည်။ လူရွယ်က တစ်ချက် ရယ်မောကာ

'အရက်အိုးက ငါ့ပစ္စည်းလား၊ မင်းပစ္စည်းလား'

လူဝကြီးက မျက်မှောင်ကြုတ်ရင်း....

'ငါ့ပစ္စည်းပေါ့၊ ငါ ဟန်ကျူးကနေ ကွမ်းစီအထိ သယ်ခဲ့ရတာ'

လူရွယ်က မျက်ခုံးပင့်ရင်း

'ဟာ....ဒါဆို ဆူးပြီ၊ မင်းပစ္စည်းဖြစ်ရင် ငါ့ကို ဘာလို့ လာပေးရတာလဲ'



လူဝကြီးက တစ်စုံတစ်ရာအား တီးတိုး ရေရွတ်လိုက်ပြီးမှ

'ဟွန်း....ငါ ခွေးနှစ်ကောင် သတ်တုန်းက သစ်ပင်ဘေးမှာ ထားခဲ့တယ်'

အပြာရောင်ဝတ်စုံနှင့် လူရွယ်က ဦးခေါင်းညိတ်ကာ

'မမှားဘူး၊ ငါလဲ တွေ့တယ်'

လူဝကြီးက စိတ်ဆိုးဟန်ဖြင့်

'ဒါဖြင့် မင်းက ဘာလို့ မယူခဲ့တာလဲ'

အပြာရောင် ဝတ်စုံနှင့် လူရွယ်က ပခုံးတွန့်ပြရင်း

'အို... မင်းက ငါ့ကို မှာမှမထားတာ၊ ငါက မင်းရဲ့ အဖိုးတန် အရက်အိုးကို ဘယ်ထိရဲပါ့မလဲ'

လူဝကြီးက မိမိ၏ နဖူးကို မိမိ လက်ဝါးဖြင့် ဖြန်းခနဲမြည်အောင် တစ်ချက် ရိုက်ရင်း

'ဒါ....ဒါ....ငွေနဲ့ ဝယ်လို့မရတဲ့ ကျုံကျုံရွှန် အရက်ကွ၊ အဖိုးတန်တယ်၊ ဟင်း,မင်းက ဖိနပ်စုတ် လွှင့်ပစ်သလို သဘောထားတာပဲ'

အပြာရောင် ဝတ်စုံနှင့် လူရွယ်က တစ်ချက် ပြုံးကာ

'မင်း တစ်ခါက ပြောဖူးတယ်၊ ယောကျ်ားပဲ ပြတ်ပြတ်သားသား လုပ်ရမယ်ဆို၊ မလွှင့်ပစ်ချင်ဘဲ လွှင့်ပစ်ခဲ့ပြီးပြီပဲ၊ ဒီအရက်အိုးကြောင့် တစ်ခေါက် ပြန်သွားမှာတော့ မဟုတ်ပါဘူးနော်'

အပြာရောင်ဝတ်စုံနှင့် လူရွယ်၏ စကားကြောင့် လူဝကြီး သည် သက်ပြင်း တစ်ချက် မှုတ်ထုတ်လိုက်ပြီး နှုတ်ခမ်းမဲ့ကာ

‘ဒါ မင်း တမင်လုပ်တာ မဟုတ်လား၊ ငါ မူးပြီး ဘာမှ မလုပ်နိုင်မှာစိုးလို့ မင်း တမင်လုပ်တာ မဟုတ်လား’

‘ဒီနေရာမှာ အရက်ကို အလွန်အကျွံ သောက်လို့ အကျိုးမှ မရှိဘဲ’

လူဝကြီးက သက်ပြင်းချကာ

‘လုံဆင်ပီ....လုံဆင်ပီ....မင်းပြောတာ မမှားဘူး၊ အရက်ကို များများသောက်တာ အကျိုးမရှိနိုင်ဘူး၊ ဒါပေမယ့်....’

လူဝကြီးက စကားကို ခေတ္တတန့်လိုက်ပြီး လက်ထဲမှ ခွေး သေ နှစ်ကောင်ကို မြှောက်ပြကာ....

‘အမြည်းရှိပြီး အရက်မရှိတော့ အတော်နာတာပဲ’

ဟု ညည်းညည်းညူညူ ပြောလိုက်၏။

ထိုစဉ် အော်ဟစ်ရယ်မောသံတစ်သံက ကျောင်းပျက်တွင်း မှ ရုတ်တရက် ထွက်ပေါ်လာခဲ့၏။

‘ဟား–ဟား–ဟား၊ လောကပေါ်မှာ ပထမတန်း အရက် ချီး ထန်ကြိုချမ်း ရောက်လာမှာတော့ ဧည့်ခံဖို့အရက် ရှာ ထားရတာပေါ့’

လူဝကြီး ထန်ကြိုချမ်းကလည်း ပြန်လည်၍ အော်ဟစ် လိုက်၏။



‘ဟေ့–ဘုတစ်လုံးဘုန်းကြီး ထွက်ခဲ့၊ ကျုပ် လုံဆင်ပီကို ခေါ်လာခဲ့တယ်’

ထန်ကြိုချမ်း၏ စကားမဆုံးမီ ကျောင်းပျက်အတွင်းမှ မီးခိုး ရောင် ဝတ်ထားသော ဘုန်းကြီးတစ်ပါး ထွက်လာ၏။

ဘုန်းကြီးသည် အသက် (၅၀)ခန့်ရှိပြီး ကျောကုန်း၌ ခေါင်းတစ်လုံးစာ ဘုရှိ၏။

ဘုန်းကြီးသည် ဦးပြည်းပြောင်အောင်ရိတ်ထားသော်လည်း မုတ်ဆိတ်မွေးနှင့် ပါးမြိုင်းမွေးများကို ရိတ်ရန် မည်သည် ကမျှ စဉ်းစားခဲ့ဖူးခြင်း မရှိသဖြင့် မုတ်ဆိတ်မွေးနှင့် ကြီး တွေချင် မွေးများသည် ထိုးထိုးထောင်ထောင်နှင့် အကြည့် သည်။ ရုပ်ကိုလည်း ပို၍ကြမ်းတမ်းစေ၏။

ကြမ်းတမ်းသောရုပ်ရည်နှင့် လိုက်ဖက်စွာ ဘု၏ ငင်းနဲ့ မိုးနဲ့ လှုပ်ရှားမှုကလည်း ကြမ်းတမ်း၏။

ဘုန်းကြီးသည် ကျောင်းပျက်ထဲမှ ထွက်လာသည်နှင့် တစ်ပြိုင်တည်း ထန်ကြိုချမ်း၏လက်ထဲမှ ခွေးသေနှစ်ကောင်ကို ဆွဲယူလိုက်၏။

ပြီးမှ သူသည် အပြာရောင်ဝတ် လူရွယ်ကို စူးစိုက်ကြည့် လိုက်၏။

အတန်ကြာအောင် မျက်တောင်မခတ်ပဲ ကြည့်ပြီးမှ ရုတ် တရက် ရယ်မောကာ....

'အေး ကောင်းတယ် ကောင်းတယ်'

ဟု ပြောလိုက်၏။ ထန်ကြိုချွမ်းက ပြုံးလိုက်ပြီး....

'ဘာလဲ အရက်နဲ့ခွေးသားနဲ့ မြည်းလို့ကောင်းတာလား'

ဘုန်းကြီးသည် မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး....

'မင်းကတော့ အချိန်ရှိသရွေ့ အရက်နဲ့ခွေးသားနဲ့ မြည်းဖို့စဉ်းစားနေတာပဲ'

ထန်ကြိုချွမ်းက တဟဲဟဲ ရယ်မောရင်း....

'မီးရှိန်ပြင်းပြင်းကလေးနဲ့ ခွေးသားကိုကင်ပြီး'

လူ

'လုံဆင်ကြိုချွမ်း၏စကားမဆုံးမီမှာပင် ဘုန်းကြီးက လက်ထဲမှ များများသေကောင်ကို အပေါ်သို့ မြှောက်ပစ်လိုက်လေသည်၊

လူဝကြီးက သူပ်ရှားမှုသည် သာမန် လှုပ်ရှားမှုတစ်ခုမျှသာ သေ နှစ်ကောင်

'အမြဲသင့် ခွေးသေနှစ်ကောင်သည် မြားတစ်စင်း၏အရှိန်နှုန်းဖြင့် ဆယ်ပေမျှမြင့်သော ဘုန်းကြီးကျောင်း၏ ဝင်းထရံကိုကျော်ကာ တဒင်္ဂအချိန်အတွင်း၌ပင် မြင်ကွင်းမှ ပျောက်ကွယ်သွားတော့၏။

ထန်ကြိုချွမ်းသည် မျက်လုံးပြူးကာ စူးစူးရားရားဖြင့်...

'ဟော့-ဟော့ ကုလားအုတ်ဘုန်းကြီး ဒါဘာလုပ်တာလဲ'

ဘုန်းကြီးက ပြုံးကာ....



'အေး မင်း ဒီတစ်ခါခေါ်တာ မှန်သွားပြီ၊ ဘုန်းကြီးရဲ့ တကယ့်နာမည်က ကုလားအုတ်ဘုန်းကြီးပဲ၊ ဘုတစ်လုံး ဘုန်းကြီးဆိုတာ နားထောင်လို့မကောင်းဘူး'

ထန်ကြိုချွမ်းက နှုတ်ခမ်းတစ်ချက်ကိုက်ကာ....

'ဟင်း....ဘုတစ်လုံးဘုန်းကြီး ဘုတစ်လုံးဘုန်းကြီး ဘုတစ်လုံး ဘုန်းကြီး'

ဟု ၄-၅ ခါ ဆက်တိုက် ရေရွတ်လိုက်၏။

ကုလားအုတ်ဘုန်းကြီးက ပြုံးကာ ထန်ကြိုချွမ်းကို ဂရုမစိုက်ပဲ လုံဆင်ပိအား....

'နှင်းဓားသိုင်းသမားကြီး လုံဆင်ပိကို ဘုန်းကြီး တွေ့ချင်နေတာ ကြာပြီ၊ ဒီနေ့တော့ ကံကောင်းလို့ တွေ့ဆုံခွင့်ရတာပဲ'

လုံဆင်ပိက ဟန်မပျက် ရယ်မောနေသည်။

'ဆရာတော်မြှောက်တာနဲ့ တပည့်တော်ရဲ့ဦးခေါင်းနဲ့ မိုးနဲ့ တိုက်နေပါဦးမယ်၊ သိုင်းသမားကြီး ခေါ်လောက်အောင် မဟုတ်သေးပါဘူး'

ကုလားအုတ် ဘုန်းကြီးက....

'အင်း.... လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ဆယ်တုန်းက ကျုပ်ကို ထူးဆန်းတဲ့ လက် သိုင်းသမားကြီးဆိုပြီး ခေါ်ကြတော့ ကျုပ်လဲ မင်းလိုပဲ မခံယူရဲဘူး၊ ဒါပေမယ့် ကျုပ် သေသေချာချာ စဉ်းစားကြည့်တယ်၊ လူတွေက ကျုပ်ကို ခေါ်ချင်လို့ခေါ်တာမှမဟုတ်ဘဲ၊ ခေါ်ထိုက်လို့ ခေါ်တာဆိုတာ သိလာတယ်၊

ဒါကြောင့် ကျုပ်လဲ လူတွေကပေးတဲ့ဘွဲ့ကို ခံယူခဲ့ရတာပေါ့၊ အခုလဲ မင်းက သိုင်းဆရာကြီးဆိုတာကို မခံယူချင်လို့မရဘူး၊ မင်းရဲ့ လုပ်ဆောင်ချက်တွေကြောင့် လူတွေက မင်းကို နှင်းဓား သိုင်းသမားကြီးလို့ ခေါ်တာ မင်း လက်ခံသင့်တယ်'

ထန်ကြိုချမ်းက နှုတ်ခမ်း မဲ့ကာ....

'ဘာ၊ ထူးဆန်းတဲ့လက် သိုင်းသမားကြီးလို့ ခေါ်ရမှာလဲ၊ ဟင်း.... မသိရင်ခက်မယ်၊ လူတိုင်းက ထူးဆန်းတဲ့ ဘုကြီးလို့ ခေါ်တာ'

ကုလားအုတ် ဘုန်းကြီးက ရယ်မောရင်း....

'အင်း.... ဒါလဲ ခေါ်သင့် ခေါ်ထိုက်လို့ ရှိသေမှုနဲ့ ခေါ်တာပဲ၊ လက်ခံရမှာပေါ့'

ထန်ကြိုချမ်းက မျက်မှောင် ကြုတ်လိုက်ရင်း....

'ဘုန်းကြီးဘာသာ လက်ခံချင်လက်ခံ၊ လက် မခံ ချင် နေ၊ လောလောဆယ်မှာတော့ ကျုပ် ခွေးနှစ်ကောင် လွှင့်ပစ်တာ ပြန်လျော်ပေး'

ဘုန်းကြီးက မျက်လုံးပြူးကာ....

'မြတ်စွာဘုရား၊ မင်းက ငရဲကို ဝယ်ယူနေတာ ပါလား၊ ခွေးနှစ်ကောင်ကို သတ်လာတယ်၊ ပြီးတော့ ဘုန်းကြီးကျောင်းထဲမှာ ကင်စားဦးမယ်၊ အလိုလေး၊ မင်းက ကြီးလေးတဲ့ အပြစ်တွေ လုပ်တော့မယ်ပေါ့'



ထန်ကြိုချမ်းက နှုတ်ခမ်း တစ်ချက်ကိုက်ကာ....

'ဘုန်းကြီးက တရားချမှတော့ ကျုပ်က မစားတော့ပါဘူး'

လုံဆင်ပိ ကမန်းကတန်း ဝင်ပြော၏။

'ဒါဖြင့် မင်းက ခွေးနှစ်ကောင်ရဲ့ အသက်ကို အလကားသက်သက် ဖြုန်းတီးလိုက်တာပဲ'

ထန်ကြိုချမ်းက ရယ်မောလျက်....

'ဒါဆို ကျုပ် ဖြုန်းတီးတာ မဟုတ်ဘူး၊ ကုလားအုတ်ဘုန်းကြီးက ဖြုန်းတီးတာ'

ကုလားအုတ်ဘုန်းကြီး မျက်လုံး ပြူးသွားပြန်၏။

'အလို၊ မင်းက ကျုပ်ကိုပါ အပြစ်မလွတ်အောင် လုပ်နေပါလား'

'အခုမှ ကြောက်မနေနဲ့၊ အပြစ်ရှိယင် တစ်ယောက် တစ်ဝက်ပေါ့'

ကုလားအုတ်ဘုန်းကြီးက တဟားဟား ရယ်မောရင်း....

'မင်းနဲ့ နှစ်ပေါင်း သုံးဆယ်လောက် ရင်းနှီး နေမှတော့ အပြစ်ရှိယင် တစ်ယောက်တစ်ဝက် ခံရတာ ဘာအရေးလဲ၊ အဲ.... အရေးကြီးတာက'

ထန်ကြိုချမ်းက ဖြတ်မေး၏။

'အရေးကြီးတာက ဘာလဲ'

'အရေးကြီးတာက ငါ့ကျောင်း ပုပ်စော်နံတော့မယ်'

ထန်ကြို့ချွမ်းက ပြုံးကာ ...

'လွယ်ပါတယ်၊ ဘုန်းကြီး အပြန် ကောက်ပြီး မြေမြှုပ်ပေးလိုက်ပေါ့'

ကုလားအုတ်ဘုန်းကြီးက မျက်လုံးပြူးကာ ထန်ကြို့ချွမ်းကို ကြည့်လိုက်သည်။

ထန်ကြို့ချွမ်းက သက်ပြင်းတစ်ချက်ချရင်း ဆက်ပြော၏။

'အင်း.... အမှန်တော့ ကျုပ် မြေမြှုပ်ပေးမလို့ပါပဲ၊ ဒါပေမယ့် ဘုန်းကြီးက ယူပြီး လွှင့်ပစ်လိုက်တော့ ကျုပ်ရဲ့အပြစ်တစ်ဝက်ကို ဘုန်းကြီး ရသွားတာပေါ့'

'အေးလေ၊ မင်းနဲ့နှစ်ပေါင်း သုံးဆယ် ရင်းနှီးမှတော့ မင်းခိုင်းတာ ဘုန်းကြီး လုပ်ပေးရမှာပေါ့'

'ဒါကြောင့် နှစ်ပေါင်းသုံးဆယ် ရင်းနှီးခဲ့တာ၊ အခုကိစ္စကြောင့်လဲ နောက်ထပ် နှစ်ပေါင်း သုံးဆယ်လောက် ရင်းနှီးချင်သေးတယ်၊ ဒါပေမယ့် ဘုန်းကြီးက လက်ခံမှာမဟုတ်ဘူး'

'ဘာဖြစ်လို့လဲ'

ထန်ကြို့ချွမ်းက ရယ်မောရင်း....

'အခု ဘုန်းကြီး အသက် ငါးဆယ်ကျော်ပြီ မဟုတ်လား နောက်နေရ လေး ငါး နှစ်ပေါ့'

ထန်ကြို့ချွမ်း၏ စကားကြောင့် ကုလားအုတ်ဘုန်းကြီးသည် မျက်မှောင်ကြုတ်၍ နှုတ်ခမ်းမဲ့ပြီး....



'တော်ပြီ၊ ကျုပ် သွားမကောက် တော့ဘူး'

'တော်တော်ကြာ ပုပ်စော်နံနေမယ်၊ ပြီးတော့'

ထန်ကြို့ချွမ်း၏ စကား မဆုံးမီ ကုလားအုတ် ဘုန်းကြီးက လက်ကာလိုက်ရင်း....

'တော်ပြီ၊ မပြောနဲ့တော့'

ဟု ပြောလိုက်၏။ ထို့နောက်....

ကုလားအုတ် ဘုန်းကြီးသည် ဒူးကို ကွေးညွတ်ကာ ခန္ဓာကိုယ်ကို တစ်ချက် ဆန့်ထုတ်လိုက်သည်နှင့် ဘုန်းကြီး၏ ခန္ဓာကိုယ်သည် လေထဲသို့ မြောက်တက်ကာ ဆယ်ပေကျော် ခန့်ရှိသော ကျောင်းဝင်းထရံပေါ်မှ တစ်ပတ်ကျွမ်းထိုး၍ တစ်ဘက်သို့ ရောက်သွားလေတော့၏။

အတန်ကြာသောအခါ လေတိုးသံ တစ်ချက် ပေါ်ထွက်လာပြီး ကုလားအုတ်ဘုန်းကြီးသည် ဝင်းထရံပေါ်မှ ကျော်၍ ထန်ကြို့ချွမ်းတို့ရှေ့သို့ ပြန်ရောက်လာ၏။

သို့သော်....

ကုလားအုတ်ဘုန်းကြီး၏ လက်ထဲ၌ မည်သည့်ပစ္စည်းမျှပါရှိမလာခဲ့ချေ။

ထန်ကြို့ချွမ်းက မျက်ခုံးပင့်၍

'ဘယ်လိုလဲ၊ ခွေးသေတွေ မပါပါလား'

ကုလားအုတ် ဘုန်းကြီးက ဦးခေါင်း ခါယမ်းပြကာ....

'မတွေ့တော့ဘူး'

'ဘာလို့ မတွေ့တာလဲ'

'မတွေ့လို့ မတွေ့တာပေါ့'

ထန်ကြိုချွမ်းက ဦးခေါင်း ခါယမ်းပြ လိုက်ရင်း....

'ကျုပ် မယုံဘူး၊ ဘုန်းကြီးပစ်လိုက်တဲ့အရှိန်က မိုင်ပေါင်း တစ်သိန်းလောက် ရောက်မှာမှ မဟုတ်ဘဲ၊ ပြီးတော့ ကျော အပြင်မှာလဲ ပင်လယ်သမုဒ္ဒရာမှ မရှိဘဲ'

ကုလားအုတ် ဘုန်းကြီးက စိတ်ဆိုးဟန်ဖြင့်....

'မင်းနဲ့ငါနဲ့ မတွေ့တာ သုံးနှစ်ပဲ ရှိသေးတယ်၊ မင်း တဖြည်းဖြည်းနဲ့ ပေါင်းလို့သင်းလို့ မကောင်းတော့ဘူး၊ မ မယုံယင် မင်းဘာသာမင်း သွားရှာ'

ထန်ကြိုချွမ်းက တဟားဟား ရယ်မောလိုက်သည်။

'ဘာလဲ၊ ကျုပ်ကို ခွေးသေကောင် ကောက် ရ အော ခင်ဗျားက ဉာဏ်ဆင်တာ မဟုတ်လား၊ ကျုပ် ဘယ်တော့ သူများ အလိမ်မခံဘူး'

လုံဆင်ပိက မနေနိုင်တော့ဘဲ ဝင်ပြော၏။

'ကဲပါ ကျုပ်သွားရှာပေးပါ့မယ်'

ကုလားအုတ်ဘုန်းကြီးက....

'သွားမရှာနဲ့၊ အပြင်မှာ မြက်ခင်းပြင်ပဲရှိတယ်၊ ရှင်း တာပဲ တစ်ချက်ကြည့်ရုံနဲ့ မြက်ခင်းပေါ်မှာ ပန်းဘယ်နှစ်ပ ရှိတယ်ဆိုတာ ရေတွက်နိုင်တယ်'



လုံဆင်ပိက ပြုံးကာ....

'ဆရာတော်ရဲ့စကားကို ကျွန်တော် မယုံလို့ မဟုတ်ပါဘူး၊ တန်ကြိုချွမ်းက မယုံတာ၊ ပြီးတော့ သူကလဲသွားမကောက်ချင်ဘူး၊ ကျွန်တော် တစ်ခေါက်သွားပေးတာ ဘာမှ ပင်ပန်းမှာ မဟုတ်ပါဘူး'

ဟု ပြောလိုက်ပြီး ကျောင်းဝင်းအပြင်သို့ ထွက်သွားလေတော့သည်။

ကုလားအုတ်ဘုန်းကြီးက ကျောင်းဝင်းအပြင်သို့ ထွက်သွားသော လုံဆင်ပိ၏နောက်ကျောကို ကြည့်၍ ဦးခေါင်း ခါယမ်းလိုက်၏။

ပြီးမှ သူသည် ထန်ကြိုချွမ်းကိုကြည့်ကာ....

'အင်း....မင်းအတွက် အလကားသက်သက်သွားရတာပဲ'

ဟု ညည်းညည်းညူညူ ပြောလိုက်၏။ထန်ကြိုချွမ်းက ရယ်မောလိုက်ပြီး....

'ကျုပ်လောင်းရဲတယ်၊ ဒီတစ်ခေါက် သူသွားတာ အလကား မဖြစ်ရဘူး'

ကုလားအုတ်ဘုန်းကြီးက မျက်နှာရှုံ့မဲ့လိုက်ပြီး....

'ဘာကြေးလောင်းမလဲ၊ မင်းရဲ့ပါရမီကိုမှ မဖြည့်ရင် ငါဟာ မင်းရဲ့သူငယ်ချင်း မပီသတော့ဘူး'

ဟု ပြောလိုက်၏။ ထန်ကြိုချွမ်းက မျက်ခုံးပင့်ကာ....

'ဘာကယ်လား၊ တော်တော်ကြာ ကျုပ်အတွက်နဲ့ ဘုန်းကြီး အပြစ်ရနေပါဦးမယ်'

ကုလားအုတ်ဘုန်းကြီးက ပြုံးကာ....

'သူဌေးသားလေး ထန်အတွက် ဘုန်းကြီး အပြစ်ရစမ်းပါစေ၊ ဘုန်းကြီးမမှုပါဘူး'

ထန်ကြို့ချမ်းက ဦးခေါင်းညိတ်ကာ....

'ကောင်းပြီ၊ ကျုပ် လောင်းမယ်'

ကုလားအုတ်ဘုန်းကြီးက....

'ဘာကြေးလဲ ပြော၊ မြန်မြန်ပြော'

ထန်ကြို့ချမ်းက တစ်ချက်ရယ်လိုက်ပြီး....

'ဟီး-ဟီး မလောင်းတော့ဘူး'

ကုလားအုတ်ဘုန်းကြီးက မျက်မှောင်ကြုတ်ကာ....

'ဘာလို့ မလောင်းတော့တာလဲ'

ထန်ကြို့ချမ်းက ကုလားအုတ်ဘုန်းကြီး၏ အမေးကို မဖြေပဲ ကျောင်းပေါက်ဝသို့ မျက်စေ့ပစ်ပြလိုက်လေသည်။

ထို့ကြောင့် ကုလားအုတ်ဘုန်းကြီးက ကျောင်းပေါက်ဝသို့ လှည့်ကြည့်လိုက်လေသည်။

ကျောင်းပေါက်ဝ၌ လုံဆင်ပိ ဝင်လာသည်ကို တွေ့ရ၏။ သို့ရာတွင် လုံဆင်ပိ၏လက်ထဲ၌ မည်သည့်အရာမျှမရှိချေ။



ထိုအခါမှ ကုလားအုတ် ဘုန်းကြီးသည် ထန်ကြို့ချမ်း အဘယ်ကြောင့် အလောင်းအစား မလုပ်တော့သည်ကို ရိပ်မိကာ တဟဲဟဲရယ်ယင်း....

'ဟဲ-ဟဲ မင်း ဒီတစ်ခါ ကံကောင်းတယ်မှတ်ပါ'

ဟု ပြောလိုက်လေသည်။ လုံဆင်ပိက သူတို့အနီးသို့ လျှောက်လာရင်း....

'ခွေးသေနှစ်ကောင်တော့ မတွေ့တော့ဘူး၊ မြက်ခင်းပေါ်မှာတော့ နှင်းဆီ(၁၁)ပွင့်၊ စံပယ် (၂၃)ပွင့်နဲ့ မြတ်လေးပန်း (၆)ပွင့်ပဲရှိတယ်'

ဟု ပြောလိုက်လေသည်။

ထန်ကြို့ချမ်းက မျက်မှောင်ကုတ်ရင်း....

'ထူးဆန်းတယ်'ဟု ရေရွတ်လိုက်၏။

ပြီးမှ သူသည် ကုလားအုတ်ဘုန်းကြီးအား—

'ဒီမှာ ကျားသစ်တို့ မြေခွေးတို့ရှိလား'

ဟု မေးလိုက်၏။

ကုလားအုတ်ဘုန်းကြီးက ဦးခေါင်းခါယမ်းပြ၏။

ထန်ကြို့ချမ်းက ဦးခေါင်းတစ်ချက်ကုတ်လိုက်ပြီး....

'ဘာလို့မရှိရတာလဲ'

ကုလားအုတ်ဘုန်းကြီးက နှုတ်ခမ်းတစ်ချက်မဲ့ကာ....

'တစ်ယောက်ယောက် ယူသွားလို့ဖြစ်မှာပေါ့'

ထန်ကြို့ချမ်းက နှာခေါင်းတစ်ချက်ရှုံ့ကာ....

'ဒါဖြင့် ဘယ်သူယူသွားတာလဲ'

'တောင်စောင့်နတ်က ခွေးသားစားချင်လို့ ယူသွားတာဖြစ်မှာပေါ့'

ထန်ကြိုချမ်းက မျက်လုံးပြူး၍ ကုလားအုတ်ဘုန်းကြီးအား ကြည့်ကာ....

'ဘုန်းကြီးက အရွဲတိုက်ပြောတာလား'

ကုလားအုတ်ဘုန်းကြီးက....

'မင်းက ဘယ်သူမှမသိတဲ့ကိစ္စကို အတင်းမေးတာကိုး'

လုံဆင်ပိုက သူတို့နှစ်ယောက်အား လက်ကာပြရင်း....

'ကဲ....တော်ပါတော့၊ဒီခွေးသေနှစ်ကောင်ကို တစ်ယောက်ယောက် ယူထားတာပဲဖြစ်ရမယ်၊အဲဒီလိုဖြစ်ရင် ယူသွားတဲ့လူရဲ့ ကိုယ်ဖော့ပညာဟာ ဘယ်လောက်ကောင်းတယ်ဆိုတာ ခန့်မှန်းနိုင်တယ်'

ဟု ဝင်ရောက်ပြောလိုက်လေသည်။

ကုလားအုတ်ဘုန်းကြီးက ဦးခေါင်းညိတ်လိုက်ပြီး....

'လုံဆင်ပိပြောတာ ဖြစ်နိုင်တယ်'

ထန်ကြိုချမ်းက မျက်မှောင်ကုတ်ယင်း....

'ဒါပေမယ့် ကျုပ် စဉ်းစား လို့မ ရတာက ဘာဖြစ်လို့ ဒီလောက် ကိုယ်ဖော့ပညာတော်တဲ့လူက ခွေးသေကို တိတ်တိတ်ကလေး ယူသွားရသလဲဆိုတာပဲ'



လုံဆင်ပိကပြုံးလိုက်ပြီး....

'စဉ်းစားလို့မရလဲ မစဉ်းစားနဲ့ပေါ့၊ အမှန်တော့ မင်းအခုစဉ်းစားရမှာက ဗိုက်ပြည့်ဖို့ပဲ'

ဟု ပြောလိုက်သည်။

လုံဆင်ပိ၏စကားကြောင့် ထန်ကြိုချမ်း၏ မျက်လုံးများသည် ဝင်းလက်သွားပြီးကုလားအုတ်ဘုန်းကြီးအား ကြည့်ရင်း–

'ဘယ်လိုလဲ'

ဟု ပြောကာ သူ၏ဝမ်းဗိုက်ကို လက်ဖြင့် ပွတ်သပ်ပြလိုက်လေတော့သည်။

* * *

ခွေးသားကင်၏အနံ့သည် မွှေးပျံ့၏။

ထိုအနံ့သည် သစ်တောအုပ်တစ်ခုအတွင်းမှ ပျံ့လွင့်လာခြင်း ဖြစ်၏။

လူ(၃)ယောက်သည် သစ်တောအုပ်အတွင်း၌ ထူးဆန်းသောနည်းဖြင့် ခွေးသေနှစ်ကောင်ကို မီးကင်ရာမှ ထွက်ပေါ်လာသောအနံ့ဖြစ်၏။

ထိုလူ(၃)ယောက်သည် ကျုံဝမ်း မှော်ဆရာကြီး (၃)ယောက်ပင် ဖြစ်၏။